မြဝတီ နေ့စဉ်

သတင်းထူး သတင်းဦး နေ့စဉ်ဖြန့်ချိ မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၃၉)

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၁ ရက်
၂၀၂၅ ခုနှစ်၊ မေ ၂၇ ရက်၊ အင်္ဂါနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်းပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်း ရှိသောသူသည် သွားလေရာရာအရပ်ရပ်၌ အပူဇော်ခံရ၏။

ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း

## တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂/၂၀၂၅) သို့တက်ရောက်အမှာစကားပြောကြား

## ကုန်သွယ်ဖက်အိမ်နီးချင်းနိုင်ငံများနှင့်လည်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရာတွင် သတင်းများဖလှယ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းများကို ဝန်ကြီးဌာနအချင်းချင်း၊ အစိုးရအဖွဲ့အချင်းချင်း ညှိနှိုင်းဆောင်ရွက်



တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂/၂၀၂၅)တွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် မေ ၂၆**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂/၂၀၂၅)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပရာ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဦးထွန်းအုံ၊ ဒုတိယဝန်ကြီးများ၊ အခွန်အယူခံခုံအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦး၊ နေပြည်တော်ကောင်စီဝင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အသင်းအဖွဲ့များမှဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ

စာမျက်နှာ ၆ ကော်လံ ၁ ★




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ မေ ၂၇ ရက်)

# စည်းစည်းလုံးလုံးဖြင့် နိုင်ငံ့အကျိုးဖော်ဆောင်

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်း တစ်ရာ့သုံးဆယ်ကျော်စုပေါင်းနေထိုင်သည့်နိုင်ငံဖြစ်သည့်အတွက် တိုင်းရင်းသားအချင်းချင်းချစ်ကြည်ရင်းနှီးကာ ညီရင်းအစ်ကိုမောင်ရင်းနှမသဖွယ်နေထိုင်ကြရမည်ဖြစ်သည်။ နှစ်ကာလရှည်လျားစွာ မြန်မာနိုင်ငံအတွင်းနေထိုင်ကြသူများဖြစ်ကြ၍ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် ခိုင်မာနေရမည်ဖြစ်သည်။ ရေကိုသားသော်အကြားမထင်သကဲ့သို့ ခိုင်မာသောစည်းလုံးရေးရှိနေမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အောင်မြင်စွာလုပ်ဆောင်နိုင်ကြမည်ဖြစ်သည်။ အချင်းချင်းသံသယစိတ်ဝင်ကာ စည်းလုံးညီညွတ်ရေးပြိုကွဲပါက ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်ချက်များမှာ အောင်မြင်မှုနည်းပါးနေမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့်ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ အဓိကအားဖြင့် လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်လျက်ရှိသည်။ အထူးသဖြင့် နိုင်ငံတော်၏အနာဂတ်တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်စေရန် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA (မိုင်းလား)မှ ငြိမ်းချမ်းရေးနှင့်စည်းလုံးရေးကော်မတီဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား မေလ ၂၅ ရက် နံနက်ပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ်၌လက်ခံတွေ့ဆုံစဉ် **“မိမိတို့အနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားအားလုံး၏ အကျိုးစီးပွားကိုဖြစ်ပေါ်စေရေးအတွက် ကောင်းမွန်စေလိုသည့်စိတ်ဖြင့် လုပ်ငန်းရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဦးစားပေးအနေဖြင့် အရေးကြီးသည့်ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများတွင် နိုင်ငံတော်အစိုးရ၏မူဝါဒနှင့်အညီ ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးတို့ကို ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဒေသတစ်ခု၊ နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပညာတတ်လူသားအရင်းအမြစ်များပေါ်ကြွယ်ဝရေးသည် မဖြစ်မနေလုပ်ဆောင်ရမည့်အချက်တစ်ချက်ဖြစ်ကြောင်း၊ ကျောင်းနေအရွယ်ကလေးငယ်များအားလုံး ကျောင်းတက်ရောက်နိုင်စေရေး အခြေခံပညာသင်ကျောင်းများကို ဖွင့်လှစ်ပေးသွားရန်လိုကြောင်း၊ မိမိတို့သည် ပြည်ထောင်စုနိုင်ငံတော်ဖြစ်သဖြင့် နိုင်ငံတော်မှပြဋ္ဌာန်းထားသည့် ရုံးသုံးဘာသာစကားနှင့်စာပေကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တတ်မြောက်ထားရှိရန်လိုအပ်မည်ဖြစ်ကြောင်း”** ထည့်သွင်းပြောကြားခဲ့သည်။

ပညာရေးကဏ္ဍတွင်လည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြည်ထောင်စုစနစ်ပညာရေးကိုသင်ကြားရမည်ဖြစ်သည်။ အခြေခံပညာအဆင့်အောင်မြင်ပြီးချိန်တွင် ပြည်တွင်းရှိ တက္ကသိုလ်များသို့တက်ရောက်နိုင်ရေးဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရေး၏ပင်မအခြေခံသည် ပညာရေးဖြစ်သည်။ ပညာတတ်များပေါ်ကြွယ်မှ ဒေသ၏ပညာရေး၊ စီးပွားရေးနှင့်ယဉ်ကျေးမှုများခိုင်မာနေမည်ဖြစ်သည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပုဒ်မ-၂၂ တွင် “နိုင်ငံတော်သည်(က)တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကိုဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်မည်။ (ခ) တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့်ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းစေရန် ကူညီဆောင်ရွက်မည်။ (ဂ)တိုးတက်ဖွံ့ဖြိုးမှုနည်းပါးနေသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးစသည်တို့ပါဝင်သော လူမှုစီးပွားရေးတိုးတက်ဖွံ့ဖြိုးရေးအတွက် ကူညီဆောင်ရွက်မည်”ဟူ၍ပြဋ္ဌာန်းထားသည်နှင့်အညီ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားအရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိသည်။

အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA (မိုင်းလား)အဖွဲ့သည် နိုင်ငံတော်မှချမှတ်ထားသည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး စသည့်ဒို့တာဝန်အရေးသုံးပါးကို အလေးထားဆောင်ရွက်လျက်ရှိသည့်အဖွဲ့ဖြစ်သည်။ ဒေသတွင်းနှင့် နိုင်ငံတော်တည်ငြိမ်ရေး၊ အေးချမ်းရေးလုပ်ငန်းရပ်များအတွက် နိုင်ငံတော်နှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ၎င်းတို့ဒေသအတွင်း မည်သည့်လက်နက်ကိုင်အဖွဲ့အစည်းနှင့် မည်သည့်နိုင်ငံရေးအဖွဲ့အစည်းကိုမျှ လက်ခံထားခြင်းမရှိဘဲ စည်းစည်းလုံးလုံးဖြင့် ဒေသအကျိုး၊ နိုင်ငံအကျိုးဆောင်ရွက်နေခြင်းဖြစ်၍ စည်းစည်းလုံးလုံးဖြင့် နိုင်ငံ့အကျိုးဖော်ဆောင်ခြင်းကိုကြိုဆိုပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးကို အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဦးဉာဏ်ဇော်ဦးကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ဟိုပုံးမြို့ နောင်တောင်းဗုဒ္ဓကောလိပ် (၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

ဟိုပုံး မေ ၂၆

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့ နောင်တောင်းဗုဒ္ဓကောလိပ် (၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို မေလ ၂၅ ရက် မွန်းလွဲပိုင်းတွင် နောင်တောင်းပရဟိတတပ်ဦးဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့်အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက နမောတဿ သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်ပြီး တောင်ကြီးမြို့ အေးစေတီ ဆရာတော်ကြီးထံမှ ဉာဏ်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့က ဘဝတုသဗ္ဗမင်္ဂလံ သုံးဂါထာတော်တို့ဖြင့် ပရိတ်တရားတော်များချီးမြှင့်တော်မူသည်။

ယင်းနောက်တောင်ကြီးမြို့ ပအိုဝ်းဝိသာခါမေမ္မစကြာအဖွဲ့မှ ဂုဏထောမနာကဗျာများဖြင့် ဂုဏ်ပြုပူဇော်၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့်အဖွဲ့ဝင်များ၊ ပအိုဝ်းအမျိုးသားခေါင်းဆောင် ဦးအောင်ခမ်းထီနှင့် တာဝန်ရှိသူများက နိုင်ငံတော်အစိုးရနှင့် ဝိုင်အမ်ဘီအေအဖွဲ့ကြီးမှ ကပ်လှူပူဇော်သော ဘွဲ့ခံဆရာတော်များအား ဘွဲ့တံဆိပ်တော်များနှင့် အလှူငွေများကိုလည်းကောင်း၊ ပြည်တွင်း/ပြည်ပတက္ကသိုလ် အသီးသီးမှ (ဘီအေ/အမ်အေ၊ ဒီပလိုမာ) ဘွဲ့ရသံဃာတော်များနှင့် ကျောင်းသား၊ ကျောင်းသူများအား ဘွဲ့လက်မှတ်များကိုလည်းကောင်း၊ နောင်တောင်းဗုဒ္ဓကောလိပ် ဗုဒ္ဓဓမ္မလောကဟိတ(ဘီအေ)ဘွဲ့ရ သံဃာတော်များနှင့်ကျောင်းသား၊ ကျောင်းသူများကိုလည်းကောင်း၊ နောင်တောင်းဗုဒ္ဓကောလိပ်ဗုဒ္ဓဓမ္မလောကဟိတ(ဒီပလိုမာ)ဘွဲ့ရသံဃာတော်များနှင့် ကျောင်းသား၊ ကျောင်းသူများကိုလည်းကောင်း ဘွဲ့လက်မှတ်များ အသီးသီးပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ (၄၀၅)

## သဖင်(FM)အသံလွှင့်အစီအစဉ်

၂၇-၅-၂၀၂၅(အင်္ဂါနေ့)

| | |
|---|---|
| ၁။ ၀၈:၀၀ နှလုံးသားဝယ်ဘုရားတည် | ၄။ ၁၆:၀၀ တပ်မတော်စာတိုက်ခန်း |
| ၂။ ၁၁:၅၀ လုပကျန်းမာ | ၅။ ၁၇:၀၀ ထင်ရှားကျော်ကြားပုဂ္ဂိုလ်များ |
| ၃။ ၁၄:၅၀ Speech On Air | ၆။ ၂၁:၂၀ Memory Box |

## နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် မေ ၂၆

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးထစ်ချုန်းပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ (မိုး/ဇလ)

မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါး ၆၉၉၉၉ ဧက လျာထားစိုက်ပျိုးမည်



ပွင့်ဖြူ မေ ၂၆

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါး ၆၉၉၉၉ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မိုးစပါးများ သတ်မှတ်စိုက်ဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေး ဇွန်လပထမပတ်တွင် စိုက်ပျိုးရေမျာ း ပေးဝေမည်ဖြစ်ပြီး ဇူလိုင်လမှ စက်တင်ဘာလကုန်အထိ စိုက်ပျိုးမည်ဖြစ်သည်။

"ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း စပါး ၆၉၉၉၉ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ သတ်မှတ်လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့၊ တစ်ဧကပန်းတိုင်အထွက်နှုန်းရရှိဖို့နဲ့ အချိန်မီစိုက်ပျိုးနိုင်ဖို့ တောင်သူတွေကို ပံ့ပိုးကူညီပေးမှာဖြစ်ပါတယ်။ ဒ့ါပြင် စပါးစိုက်ပျိုးရာမှာ အခက်အခဲမဖြစ်စေဖို့ လိုအပ်တဲ့ စိုက်ပျိုးရေးနည်းပညာနဲ့ မျိုးတွေရရှိအောင် ဆောင်ရွက်ပေးမှာဖြစ်ပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါးတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်စေရေးနှင့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူများနှင့်ပူးပေါင်းပြီး စိုက်ပျိုးရေးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုကို ဖူလုံစေရုံသာမက ပိုလျှံမှုကို ရောင်းချနိုင်မည်ဖြစ်၍ ဝင်ငွေတိုးပွားကာ တောင်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း သိရသည်။ **လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# မအူပင်မြို့နယ်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးထားသည့် မတ်ပဲကေအားလုံး ရိတ်သိမ်းပြီးစီး

မအူပင် မေ ၂၆

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မတ်ပဲကေအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မအူပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းထွန်း၏ပြောဆိုချက်အရ သိရသည်။

မအူပင်မြို့နယ်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက မတ်ပဲ ၆၁၃၀၇ ဧကစိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သောမတ်ပဲများကို မတ်လပထမပတ်ကစတင်ရိတ်သိမ်းခဲ့ရာ လက်ရှိတွင် မတ်ပဲဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ ထိုသို့ရိတ်သိမ်းခဲ့သည့် မတ်ပဲတစ်ဧကလျှင် ၂၅ ဒသမ ၁၂ တင်းခန့်ထွက်ရှိကြောင်း သိရသည်။




"ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မတ်ပဲကေ ၆၀၀၀၀ ကျော်စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိမှာတော့ မတ်ပဲကေအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲတွေ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ မျိုးစေ့နဲ့ ဈေးကွက်ဝင်သီးနှံတွေ၊ နည်းပညာတွေနဲ့ တခြားပံ့ပိုးမှုတွေကို သီးနှံတွေမစိုက်မီအချိန်ကတည်းက စိုက်ပျိုးရေးဦးစီးဌာနက နည်းပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးခဲ့ပါတယ် "ဟု ဦးဇော်မင်းထွန်းကပြောသည်။

မအူပင်မြို့နယ်၌ မတ်ပဲအပါအဝင် ဆောင်းသီးနှံအားလုံး အောင်မြင်ဖြစ်ထွန်းစေရန်၊ သဘာဝဘေးနှင့် တခြားအကြောင်းများကြောင့် ပျက်စီးလေလွင့်မှုမရှိစေရန် စသည့်လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သုတကျော်**

# ယခုဘဏ္ဍာနှစ်တွင် နိုင်ငံတစ်ဝန်း၌ ငါးသားပေါက်အကောင် သိန်း ၃၈၀ ကျော် မျိုးစိုက်ထည့်ရန် လျာထားဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၂၆

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ယခုဘဏ္ဍာနှစ်တွင် နိုင်ငံတစ်ဝန်း၌ ငါးသားပေါက်အကောင် သိန်း ၃၈၀ ကျော် မျိုးစိုက်ထည့်ရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း ငါးလုပ်ငန်းဦးစီးဌာန မွေးမြူရေးဌာနခွဲမှ သိရသည်။

ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ငါးသယံဇာတများ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်၊ ပြည်သူလူထုအတွက် သားငါးပေါများစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်နှင့် ငါးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် နှစ်စဉ် မြစ်၊ ချောင်း၊ အင်း၊ အိုင် စသည့်သဘာဝရေပြင်များတွင် ငါးမျိုးစိုက်ထည့်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

"ငါးလုပ်ငန်းဦးစီးဌာနက ဒီဘဏ္ဍာနှစ်မှာ ငါးသားပေါက်အကောင် သိန်း ၃၈၀ ကျော် မျိုးစိုက်ထည့်ဖို့ လျာထားဆောင်ရွက်နေပါတယ်။ မျိုးစိုက်ထည့်မယ့် ငါးအမျိုးအစားတွေကတော့ ငါးမြစ်ချင်း၊ ရွှေဝါငါးကြင်းနဲ့ ငါးခုံးမကြီး စတဲ့ငါးအမျိုးအစားတွေဖြစ်ပါတယ်"ဟု ငါးလုပ်ငန်းဦးစီးဌာန မွေးမြူရေးဌာနခွဲမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ငါးမျိုးစိုက်ထည့်ခြင်းများကို ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ သံလွင်မြစ်နှင့် စစ်တောင်းမြစ်တို့၌ အဓိကဆောင်ရွက်ပြီး တခြားမြစ်၊ ချောင်း၊ အင်း၊ အိုင် စသည့် သဘာဝရေပြင်များတွင်လည်း ငါးမျိုးများစိုက်ထည့်မည်ဖြစ်သည်။

ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ပြည်တွင်းရှိ ငါးလုပ်ငန်းစခန်းများ၌ ငါးမွေးမြူရေးလုပ်ငန်းကို စိတ်ပါဝင်စားသူများ၊ ငါးမွေးမြူရေးလုပ်ငန်းရှင်များနှင့် ငါးမွေးမြူသူများအတွက် အခြေခံငါးမွေးမြူရေးနှင့် ဆေးထိုးသားဖောက်နည်းသင်တန်းများကိုလည်း နှစ်စဉ်ဖွင့်လှစ်ပို့ချပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ခြင်းဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ တစ်နိုင်တစ်ပိုင် ငါးမွေးမြူရေးလုပ်ငန်းများ ပိုမိုလုပ်ကိုင်လာနိုင်ပြီး ဒေသနေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေရရှိစေသည့်အပြင် နိုင်ငံတော်အတွက်လည်း နိုင်ငံခြားဝင်ငွေရရှိစေရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန် ရည်မှန်းထားကြောင်း သိရသည်။

**ဆောင်းဦး**

## မြဝတီ ကာတွန်း



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

### စကားဆန်းတစ်ခုကြားရခြင်း

ထမင်းစားပြီးကြ၍ အတန်ညဥ့်နက်သည့်တိုင်အောင် ဝိုင်းဖွဲ့ကာ ထွေရာလေးပါး စကားပြောကြပြီးနောက် အိပ်ကြတော့မည်ပြင်ဆင်ရာတွင် ဒေါ်ဖူးညိုသည် ထိုင်ရာမှထသွား၍ "ကျုပ်တို့တော့ ဒီနေ့ည ဘုံလျှောပြီ ဟာဟ" ဆိုကာ မစိုးနှင့်အတူ အိပ်ရာပြင်ကြလေ၏။ 'ဘုံလျှောပြီ' ဆိုခြင်းမှာ ကိုသိန်းဖေ၏အိမ်၌ ကျွန်ုပ်တို့လင်မယား တည်းခိုသည့်အခါတိုင်း ကိုသိန်းဖေနှင့်ကျွန်ုပ် အတူအိပ်ကြ၍ ဒေါ်ဖူးညိုနှင့် မစိုးတို့ အတူအိပ်ကြသည့်ထုံးစံရှိသောကြောင့် ဖြစ်လေသည်။ ထိုည၌ ကျွန်ုပ်နှင့် ကိုသိန်းဖေ စကားပြောရာတွင် ကံအားလျော်စွာ စကားဆန်းတစ်ခုပြောမိကြသည်။ ကိုသိန်းဖေ၏ဖခင် ဦးရှုမောင်သည် မြေတိုင်းကျောင်းဆရာကြီးဖြစ်၍ ကျွန်ုပ်၏ ပထမအိမ်ထောင် မလှမှူး၏ဖခင် ဆရာစိုးမှာလည်း မန္တလေးမြို့တွင် မြေတိုင်းကျောင်းဆရာကြီးပင်ဖြစ်ရာ အလုပ်တူ၊ ရွယ်တူ၊ တစ်ကျောင်းတည်းထွက်များဖြစ်ကြသည့်အပြင် နှစ်ယောက်စလုံးပင် ဗိုလ်ခပ်ဆန်ဆန်လူကြီးများဖြစ်ကြ၍ တစ်ယောက်နှင့်တစ်ယောက် အလွန်ခင်မင်ကြသည်ဆို၏။ ဦးရှုမောင်၌ သားနှစ်ယောက်၊ သမီးနှစ်ယောက်ရှိ၍ ဆရာစိုးတွင်လည်း သားနှစ်ယောက်၊ သမီးနှစ်ယောက်ပင်ရှိ၏။ သားသမီးများအားလုံးသည် မတိမ်းမယိမ်းအရွယ်များဖြစ်ကြ၏။ ဤတွင် လူကြီးနှစ်ယောက်သည် မိမိတို့၏ သားနှစ်ယောက်နှင့် သမီးနှစ်ယောက်တို့ကို အတုံ့အလှည့် လက်ထပ်ပေးစားရန် အကြံပြုကြသည်ဆို၏။ ဤနည်းဖြင့် ခမည်းခမက်လေးထပ်တော်ဖြစ်လာနိုင်ကြလေသည်။ ဤအထဲတွင် ဦးရှုမောင်၏ သားအကြီး ကိုအုန်းဖေမှာ ဆရာစိုး၏ သမီးအကြီး မလှဦးနှင့် ပေးစားရန်ဖြစ်၍ သားအငယ်ကိုသိန်းဖေမှာ သမီးအငယ် မလှမှူးနှင့် ပေးစားရန် ရည်မှန်းထားသည်ဆို၏။ သို့ရာတွင် သားသမီးများ အရွယ်မရောက်မီ လူချင်းကွဲပြီး တစ်မြို့စီရောက်ကုန်ကြသည်ဟု ဆိုလေသည်။ သူ၏ စကားအဆုံး၌ ကျွန်ုပ်က "ခင်ဗျားနဲ့ ကျုပ်နဲ့ ရေစက်ဆုံစည်းကြပုံက တစ်မျိုးကြီးပါလားဗျာ" ဟု ဆိုကာ ရယ်မောကြရပါသေးသည်။ ထို့ပြင် သူ၏စကားအဆုံး၌ ကျွန်ုပ်က မိမိတွင် စိုးဟူသောနာမည်နှင့် ရေစက်ဆုံတတ်လှကြောင်း၊ ပထမအိမ်ထောင်၌ ယောက္ခမ ဦးစိုး၊ ဒုတိယအိမ်ထောင်၌ သားစိုးနိုင်၊ တတိယအိမ်ထောင်၌ မယား မစိုးဖြစ်ရ၍ ကြုံလည်းကြုံတတ်လှကြောင်း ပြောရပါသေးသည်။

### တက်ချက်ညီသော မိန်းမနှစ်ယောက်

မစိုးသည် မိခင်၊ ဖခင်များရှိကြသည့် မြတောင်ရွာသို့ ဆက်လက်၍ မသွားမီ ဇရစ်ချောင်ရွာ၌ လေးငါးရက်နေသည့်အတွင်း ကိုသိန်းဖေတို့လင်မယားက သူတို့အိမ်၌ရှိသော လှည်းဖြင့် နတ်လှိုင်၊ ကြို့ကုန်း စသောရွာလေးများသို့ တစ်ရက်ခြားလောက် ပျော်ပွဲစားထွက်ကြဖို့ အစီအစဉ်လုပ်၍ မီးသွေးဖုတ်သောလုပ်ငန်းကိုလည်း ပြသပေသည်။ ကိုသိန်းဖေတို့ခြံကြီးထဲ၌ကား လေးငါးနှစ်သားရှိသော တညင်းပင်၊ ကော်ဖီပင်များလည်း အတော်ကြီးပွားစည်ကားလျက်ရှိရာ သူ၏ပင်စင်လခမှာ ဖောဖောသီသီသုံးစွဲလောက်အောင် မရှိသဖြင့် ယင်းအပင်များ ကြီးထွားလာသောအခါ ဝင်ငွေကောင်းလာမည်ဖြစ်၍ ကျွန်ုပ်တို့လင်မယားလည်း အပျင်းပြေလောက်သာ စာရေးကာ အေးအေးလူလူ လာရောက်နေထိုင်

**"ကိုသိန်းဖေ၏ဖခင် ဦးရှုမောင်သည် မြေတိုင်းကျောင်းဆရာကြီးဖြစ်၍ ကျွန်ုပ်၏ ပထမအိမ်ထောင် မလှမှူး၏ဖခင် ဆရာစိုးမှာလည်း မန္တလေးမြို့တွင် မြေတိုင်းကျောင်းဆရာကြီးပင်ဖြစ်ရာ အလုပ်တူ၊ ရွယ်တူ၊ တစ်ကျောင်းတည်းထွက်များဖြစ်ကြသည့် အပြင် နှစ်ယောက်စလုံးပင် ဗိုလ်ခပ်ဆန်ဆန်လူကြီးများ ဖြစ်ကြ၍ တစ်ယောက်နှင့်တစ်ယောက် အလွန်ခင်မင်ကြသည်ဆို၏။ ဦးရှုမောင်၌ သားနှစ်ယောက်၊ သမီးနှစ်ယောက်ရှိ၍ ဆရာစိုးတွင်လည်း သားနှစ်ယောက်၊ သမီးနှစ်ယောက်ပင်ရှိ၏. . ."**

ကြဖို့ သူတို့စိတ်ကူးထားကြောင်း ပြောကြလေသည်။ ကျွန်ုပ်လည်း ထမင်း ၀,မ၀ မပြောနိုင်စေကာမူ (ကသာနယ်ဖြစ်၍) အေးဖို့ကတော့ သေချာသည်ဟု ပြောခဲ့ရသေးသည်။ ကိုသိန်းဖေ၏ဇနီး ဒေါ်ဖူးညိုမှာလည်း မီးဖိုချောင်အလုပ်၌ အလွန်ကျင်လည်သော မိန်းမတစ်ယောက်ဖြစ်လေရာ မစိုးနှင့် ဒေါ်ဖူးညိုတို့သည် မီးဖိုထဲ၌ ငါးခုတ်သူက ခုတ်၊ ကြက်ဖျက်သူက ဖျက်၊ ချက်သူက ချက်၊ ကြော်သူက ကြော်၊ ကော်ဖီစေ့လှော်သူက လှော်၊ ကြိတ်သူက ကြိတ်၊ ထောင်းသူက ထောင်း၊ တစ်ယောက်က တစ်ယောက်အပေါ်၌ ဆရာလုပ်ဖို့မလိုဘဲ သူ့တာဝန် ကိုယ့်တာဝန် နားလည်စွာနှင့် တက်ညီလက်ညီ အလုပ်လုပ်ကြခြင်းများကို ကိုသိန်းဖေနှင့် ကျွန်ုပ်က မီးဖိုပေါက်မှ ရပ်ကြည့်ကာ ပီတိဖြစ်မိကြပါသည်။ ကိုသိန်းဖေက "လူနှစ်ယောက်ကဖြင့် ထမ်းပိုးထမ်းညီပါပေ့ကွာ၊ ကျုပ်တို့ အဘိုးကြီး၊ အမယ်ကြီးနှစ်စုံကတော့ အတူနေရရင် သိပ်ဟန်ကျမှာပဲဗျို့" ဟု ပြောလေသည်။ ပြောလည်းပြောထိုက်သည်။ မစိုးသည် မီးဖိုချောင်တွင် အတော်အတန် မိန်းမတစ်ယောက်နှင့် အတူတွဲ၍ ချက်ပြုတ်ရသည့်အခါ စိတ်တိုင်းမကျသည်နှင့် "ဖယ်စမ်း၊ ထွက်စမ်း၊ ကျုပ်လုပ်မယ်"ဟု ဆိုကာ မောင်းထုတ်တတ်သည်ဖြစ်ရာ ဒေါ်ဖူးညိုကလည်း ဤနည်းအတိုင်းပင် လုပ်တတ်သည်ဆို၏။ သူတို့နှစ်ယောက်တွဲမှာမူ မီးဖိုချောင်အလုပ်တွင် အလွန်လာဘ်မြင်သူချည်းဖြစ်၍ သူတို့အချင်းချင်း စိတ်ကျေနပ်စွာနှင့် ပျော်ရွှင်စွာ အလုပ်လုပ်ကြပုံရသည်။

### ဝန်ထောက် ဦးချစ်စု

မြတောင်သို့ မစိုးသွားသည့်နောက် ကိုသိန်းဖေသည် ကျွန်ုပ်အား သူ၏မိတ်ဆွေ နယ်ပိုင်ဝန်ထောက် ပင်စင်စား ဦးချစ်စု၏အိမ်သို့ခေါ်သွား၍ ကျွန်ုပ်နှင့်မိတ်ဆက်ပေးလေသည်။ ကျွန်ုပ်နှင့် ကိုသိန်းဖေတို့သည် တစ်လလျှင် အနည်းဆုံး စာတစ်စောင်ကျ အင်္ဂလိပ်လို စာပေးစာယူလုပ်ကြရာ (ထိုခေတ်ကမူ အင်္ဂလိပ်လိုရေးလောက်အောင်တတ်လျှင် အင်္ဂလိပ်လိုရေးကြသည်။) ကိုသိန်းဖေသည် ကျွန်ုပ်၏စာများကို ဦးချစ်စုအား ပြလေ့ရှိ၏။ ဦးချစ်စုကိုယ်တိုင်ကလည်း တီ၊ ဒီ၊ အမ် (T.D.M.) ဘွဲ့တွေဘာတွေနှင့် အင်္ဂလိပ်လို အတော်ရေးတတ်သူတစ်ယောက်ဖြစ်ရာ ကျွန်ုပ်၏စာများကိုဖတ်၍ ကျွန်ုပ်ကို အထင်ကြီးလျက်ရှိသူဖြစ်၏။ မိတ်ဆက်ပေး၍ သိကျွမ်းကြသောအခါတွင် ဦးချစ်စုသည် ကျွန်ုပ်အား ပညာရှိကြီးတစ်ယောက်သဖွယ် ချီးကျူးကာ တကယ်လည်း လေးစားပါပေသည်။ ဦးချစ်စုသည် ကသာမြို့ပေါ်၌ နေထိုင်လျက်ရှိရာ ဇရစ်ချောင်ရွာလေးနှင့် တစ်မိုင်မျှသာဝေးသည်ဖြစ်၍ နေ့တိုင်းတွေ့ဆုံကာ သူက ဝတ်ပြုပါပေသည်။ ကျွန်ုပ်တို့မရောက်လာသောအခါ ဦးချစ်စုသည် သောက်စရာကို လွယ်အိတ်တွင်လွယ်လျက် သူကိုယ်တိုင်လာရှာသည်။ သူသည် လူစုံတစ်ယောက်ဖြစ်၍ ရန်ကုန်မြို့ကြီးကဲ့သို့ မစုံနိုင်သော ကသာမြို့လေး၌ပင် တတ်နိုင်သမျှစုံအောင် ဧည့်ခံပေသည်။ ကိုသိန်းဖေက ရန်ကုန်မြို့တွင် ပီမိုးနင်းနှင့်စုံခဲ့ကြပုံများကို ပြောပြသောအခါ ဦးချစ်စုက "ခင်ဗျားတို့နဲ့ ရန်ကုန်တစ်ခေါက်တော့ လည်စမ်းချင်သေးတယ်ဗျာ" ဟု တောင့်တောင့်တတပြောရှာသည်။

### လခတိုး၍ တောင်းခြင်း

တစ်နေ့သ၌ ဦးချစ်စုက ကျွန်ုပ်၏လခအကြောင်းကိုမေး၍ ကျွန်ုပ်က အမှန်အတိုင်းပြောရာတွင် ဦးချစ်စုက "ဟာ ဘယ့်နှယ်လဲဗျာ၊ ရောမသတင်းစာတိုက်ကြီးဆိုပြီး ခင်ဗျားလိုလူတစ်ယောက်ကို ဒါလောက်ပေးထားသလားဗျာ၊ ဒီပြင်လူကော ဘယ်လောက်ရသလဲဗျ"ဟု မေး၏။

ကျွန်ုပ်မှာ ပြောလက်စနှင့် အမှန်အတိုင်းပြောရတော့မည်ဟု အောက်မေ့ကာ အယ်ဒီတာချုပ်နှင့် တိုက်အုပ်တို့၏ လခများကိုပြောရ၏။

စု။ "အောင်မလေးဗျာ၊ သူတို့က ခင်ဗျားထက် ငါးဆ ခြောက်ဆ တက်သတဲ့လားဗျ"

နုပ်။ "သူတို့က အစုရှင်တွေလည်း ဖြစ်တယ်ဦးရဲ့"

စု။ "အစုရှင်ဖြင့် ဘာဆိုင်လဲဗျ၊ အမြတ်ရတာယူပေါ့၊ ခင်ဗျားနဲ့ ဘာကြောင့် ဒီလောက်ခွာထားရသတဲ့လဲ"

နုပ်။ "သူတို့စည်းကမ်းကို သူတို့သတ်မှတ်ပြီး ယူကြတာပဲ ဦးရယ်"

စု။ "သူတို့က ယူရင်ကော ခင်ဗျားက ခံနေရောတဲ့လား၊ ဗျို့ ကိုသိန်းဖေ ခင်ဗျားလူ တော်လိမ့်မှတ်တယ်၊ အညံ့ခံလှချေလားဗျ"

ကျွန်ုပ်တို့ ဘာမျှမပြောတတ်ဘဲ ငြိမ်လျက်ရှိကြ၏။

စု။ "နေစမ်းပါဦး၊ ခင်ဗျား ဝတ္ထုလည်း ရေးတတ်တယ်မဟုတ်လား၊ ကျုပ်သားတွေက စုံထောက်စံရှားတို့၊ ရူပနန္ဒီတို့၊ ဘာတို့အကြောင်း ခဏခဏပြောသံကြားရတယ်၊ ဝတ္ထုရေးစားဗျာ၊ လူနဲ့လူချင်းတော့ ဒီလောက်အညံ့မခံပါနဲ့"

ကျွန်ုပ်သည် အတော်ရှက်လာ၍ ကိုသိန်းဖေမှာလည်း 'သူတင်သောစစ်ကဲ'အတွက် မျက်နှာပူဟန်ရှိသည်။

ဤတွင် ကျွန်ုပ်သည် သူရိယတိုက်၌ ဒါရိုက်တာအဖွဲ့သို့ စာတစ်စောင်ရေးလိုက်၏။ ယင်းစာတွင် ကျွန်ုပ်အား အယ်ဒီတာချုပ်နေရာကို ပေးချင်ပေး၊ မပေးချင်နေ၊ လခမှာ ၄၅၀ ကျပ်ထက် လျော့လျှင် အလုပ်ပြန်ဝင်လိမ့်မည်မဟုတ်ကြောင်း ဖော်ပြပါရှိလေသည်။ ကျွန်ုပ်သည် ယင်းစာကို ဦးချစ်စုအားပြရာ 'အဲဒီလိုမှပေါ့ဗျ'ဟု ဦးချစ်စုက ပြန်ပြောလေသည်။

**ဆက်လက်ဖော်ပြပါမည်။**

## ကျောက်ဆည်ခရိုင် လူထုအခြေပြုဗဟိုဌာန၌ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း ဖွင့်လှစ်

ကျောက်ဆည် မေ ၂၆

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့ရှိ ခရိုင်ပြည်သူ့စာကြည့်တိုက် လူထုအခြေပြုဗဟိုဌာန၌ တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးအတွက် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲကို မေလ ၂၆ ရက်တွင် ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ကျောက်ဆည်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဇေယျဝင်းက လူသုံးကုန်ပစ္စည်းများထုတ်လုပ်နိုင်ရေး ကြိုးစားသင်ယူကြရန် အမှာစကားပြောကြားသည်။

ဆက်လက်၍ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက သင်တန်းသူများအနေဖြင့် ကိုယ်ပိုင်စီးပွားရေးထူထောင်ပြီး တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းသင်တန်းတွင် ကျောက်ဆည်ခရိုင် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ သင်တန်းနည်းပြ ဒေါ်နွယ်နီအောင်နှင့် ဒေါ်သဲဆုအောင်တို့က ပန်းကန်ဆေးဆပ်ပြာဆီ၊ အဝတ်လျှော်ဆပ်ပြာဆီ၊



ခေါင်းလျှော်ရည်နှင့် မျက်နှာသစ်ဆပ်ပြာခဲ ပြုလုပ်နည်းတို့ကို သင်တန်းသူ ၂၀ ဦးအား မေလ ၂၆ ရက်မှ ၃၀ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

တင်တင်ထွေး

# ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆက်သွယ်ရေးအခြေခံအဆောက်အဦများ၊ ဆက်သွယ်ရေးလုပ်ငန်းများနှင့် မြန်မာ့သင်္ဘောကျင်းလုပ်ငန်းများ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးသည် ဒုတိယဝန်ကြီး ဦးလှမွန်နှင့်အတူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နှင့် ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့တို့အတွင်းရှိ ဆက်သွယ်ရေးအခြေခံအဆောက်အဦများနှင့် ဆက်သွယ်ရေးလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများ၊ မြန်မာ့သင်္ဘောကျင်း၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။





မေလ ၂၄ ရက်နံနက်ပိုင်းက ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးမြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း တိုင်းဒေသကြီးမန်နေဂျာရုံးသို့ရောက်ရှိရာ တာဝန်ရှိသူများက ပဲခူးတိုင်းဒေသကြီးအတွင်း ဆက်သွယ်ရေးလုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက ရုံးနယ်မြေအတွင်းရှိ ဟံသာဝတီနန်းမြို့ရိုးဟောင်းနှင့် မလွတ်ကင်းသည့် ဌာနပိုင်အဆောက်အအုံနှင့် မြေနေရာတို့အား ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် ပဲခူးအော်တိုအိတ်ချိန်းရုံးသို့ရောက်ရှိပြီး အော်တိုအိတ်ချိန်း၊ မိုဘိုင်းစခန်းနှင့် မိုက်ခရိုဝေ့စခန်းများရှိ ဆက်သွယ်ရေးစက်ပစ္စည်းများတပ်ဆင်ထားရှိမှုအခြေအနေနှင့် အဆိုပါစခန်းများရှိ စက်ပစ္စည်းများ ရေလွှမ်းမိုးမှု သဘာဝဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရေး ဆောင်ရွက်နေသည့်အစီအမံများကိုကြည့်ရှုစစ်ဆေးပြီး ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ အစဉ်အမြဲကောင်းမွန်နေစေရေး၊ ဆက်သွယ်ရေးဆက်ကြောင်းများ ပြတ်တောက်မှုမရှိစေရေးနှင့် အရန်ဆက်ကြောင်းများ အရန်သင့်ဖြစ်နေစေရေးစသည့် အထူးအလေးထားဆောင်ရွက်ရန်ကိစ္စများကို မှာကြားသည်။

ယင်းနောက်ရန်ကုန်မြို့ ကမ်းနားလမ်းရှိ မြန်မာအမျိုးသားလေကြောင်းရုံးချုပ်သို့ ရောက်ရှိပြီး Board of Directors အဖွဲ့ဖြင့် တွေ့ဆုံ၍လေကြောင်းလိုင်းဘေးအန္တရာယ်ကင်းရှင်းရေး၊ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိရေး၊ ဝန်ဆောင်မှုကောင်းမွန်ရေး၊ ခြိုးခြံချွေတာရေးကို အလေးထားရန်၊ ထို့ပြင် မြန်မာအမျိုးသားလေကြောင်းလိုင်းအနေဖြင့် နိုင်ငံပိုင်အလံတင်လေကြောင်းလိုင်း (Flag Carrier Airline) ဖြစ်သဖြင့် ရေရှည်အောင်မြင်စွာရပ်တည်နိုင်စေရေး ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားသည်။

ယမန်နေ့နံနက်ပိုင်းက ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း နည်းပညာဌာနကြီး ဟံသာဝတီရုံး၌ KDDI Sumitomo Corporation အဖွဲ့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံဆွေးနွေးသည်။ ထို့နောက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအောက်ရှိ တာဝန်ရှိသူများနှင့် ဆက်လက်တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတကာမှအသုံးပြုနေကြသည့် ခေတ်မီနည်းပညာများကို လေ့လာ၍ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများကို ပိုမိုတိုးတက်အောင်ဆောင်ရွက်ရန်၊ ယှဉ်ပြိုင်ဆောင်ရွက်နေရသည့်တယ်လီကွန်းဈေးကွက်အတွင်း သုံးစွဲသူများ၏ လိုအပ်ချက်နှင့်အညီ ဈေးကွက်ပိုမိုရရှိစေရန် ထိုးဖောက်ဆောင်ရွက်သွားရန်၊ ဝင်ငွေတိုးတက်ရရှိနိုင်မည့် နည်းလမ်းများကို ရှာဖွေကြံဆဆောင်ရွက်၍ အသုံးစရိတ်များလျှော့ချသွားရန်၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို သုံးစွဲခြင်းနည်းလမ်းဖြင့် စွမ်းအင်သုံးစွဲမှုကို နေရာဒေသအလိုက် ကုန်ကျစရိတ်သက်သာသည့်နည်းလမ်းများ ရှာဖွေ၍ ဆောင်ရွက်သွားရန်တို့ကို မှာကြားသည်။

မွန်းလွဲပိုင်းတွင် မြန်မာ့သင်္ဘောကျင်းလုပ်ငန်းသို့ရောက်ရှိရာ ဦးဆောင်ညွှန်ကြားရေးမှူးက မြန်မာ့သင်္ဘောကျင်းလုပ်ငန်း၏ ရေယာဉ်များတည်ဆောက်ခြင်း၊ ရေယာဉ်များပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ ကမ်းရိုးတန်းသွားကုန်သွယ်ရေယာဉ်တည်ဆောက်ခြင်းနှင့် ဘဏ္ဍာရေးဆိုင်ရာကိစ္စတို့နှင့်စပ်လျဉ်း၍ တင်ပြရာ ပြည်ထောင်စုဝန်ကြီးက ဆောလျင်စွာလုပ်ငန်းစတင်နိုင်ရေးနှင့် ဝန်ကြီးဌာနရှိ ဆက်စပ်ဌာန အဖွဲ့အစည်းများမှလည်း မြန်မာ့သင်္ဘောကျင်း၏ လိုအပ်ချက်များအပေါ် ကူညီပံ့ပိုးပေးရန် မှာကြားသည်။

ထို့နောက် တန်ချိန် ၁၂၀၀၀ ရေလုံလွှန်းကျင်း၌ ရေယာဉ်နှစ်စင်းလွှန်းတင်ထားရှိမှု၊ လွှန်းကျင်းအနီးရှိ ရေယာဉ်တည်ဆောက်နိုင်သည့် အမာခံလွင်ပြင်တွင် မြေပြုပြင်မှုအခြေအနေများနှင့် လွှန်းတင်လွှန်းချအလုပ်ရုံမှ ရေယာဉ်ပြုပြင်ခြင်းလုပ်ငန်းခွင်များကိုကြည့်ရှုစစ်ဆေးပြီး ဘဏ္ဍာငွေတိုးတက်ရှာဖွေရေး အလေးထားဆောင်ရွက်ရန်နှင့် သတ်မှတ်စံချိန် စံညွှန်းများနှင့်အညီ ပြီးစီးအောင်ဆောင်ရွက်နိုင်ရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# အမှတ်(၂)စက်မှုသင်တန်းကျောင်း(မန္တလေး)မှ သင်တန်းသား၊ သင်တန်းသူ ၁၇၃၆ ဦးကို စက်မှုကျွမ်းကျင်သူများအဖြစ် လေ့ကျင့်ပျိုးထောင်ပေး





နေပြည်တော် မေ ၂၆

စက်မှုကျွမ်းကျင် တစ်နှစ်သင်တန်း အမှတ်စဉ်(၁၃)သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အမှတ်(၂)စက်မှုသင်တန်းကျောင်း (မန္တလေး)၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယခုတက်ရောက်မည့် အပတ်စဉ်သည် သင်တန်းကျောင်းအဆင့်မြှင့်တင်ပြီးနောက် ပထမဆုံးဖွင့်လှစ်သည့် အပတ်စဉ်ဖြစ်သည့်အတွက် စက်ပစ္စည်းကိရိယာများသည်လည်း ခေတ်မီသောစက်ပစ္စည်းအသစ်များဖြစ်ပြီး သင်ကြားပို့ချပေးမည့် ဆရာ၊ ဆရာမများသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် သင်တန်းတက်ရောက်ထားပြီး အတွေ့အကြုံရင့်ကျက်သည့် ဆရာ၊ ဆရာမများဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် နိုင်ငံတော်၏စေတနာကိုနားလည်ပြီး သင်တန်းကို အောင်မြင်ပြီးဆုံးအောင် တက်ရောက်ကြရန်နှင့် စည်းကမ်းကောင်းမွန်ပြီး အရည်အချင်းပြည့်ဝသောစက်မှုကျွမ်းကျင်လုပ်သားကောင်းများဖြစ်အောင် ကြိုးစားအားထုတ်လေ့ကျင့်သွားကြရန် ပြောကြားသည်။

ထို့နောက်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးက သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အမှတ်(၂)စက်မှုသင်တန်းကျောင်း (မန္တလေး)ကို စက်မှုဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Institute of Project Planning & Research Engineering International (IPPR) တို့ နှစ်နိုင်ငံစီးပွားရေးနှင့်နည်းပညာဆိုင်ရာပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ ၂၀၀၅ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး စက်မှုကျွမ်းကျင်တစ်နှစ်သင်တန်းအမှတ်စဉ်(၁)မှ(၁၂)အထိ သင်တန်းသား၊ သင်တန်းသူ ၁၇၃၆ ဦးကို စက်မှုကျွမ်းကျင်သူများအဖြစ်လေ့ကျင့်ပျိုးထောင်ပေးခဲ့ပြီးဖြစ်ကြောင်းနှင့် သင်တန်းအမှတ်စဉ်(၁၃)ကို ၂၀၂၅ ခုနှစ်မေလ ၂၆ ရက်မှ ၂၀၂၆ ခုနှစ် ဧပြီလ ၁၀ ရက်အထိ တစ်နှစ်ကြာဖွင့်လှစ်၍ဘာသာရပ်ခြောက်ခုကိုစာတွေ့လက်တွေ့ လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်သည်။

အခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွှန့်၊ ဌာနဆိုင်ရာတာဝန်ရှိသူများက Virtual စနစ်ဖြင့် တက်ရောက်ကြပြီး မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်နှင့် တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် မန္တလေးစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှတာဝန်ရှိသူများ၊ သင်တန်းကျောင်း အဆင့်မြှင့်တင်ခြင်းစီမံကိန်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သည့် ကျုံးမိန်ကုမ္ပဏီမှ တာဝန်ရှိသူများ၊ စက်မှုဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ သင်တန်းနည်းပြဆရာ၊ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြကြောင်း သိရသည်။

မြဝတီ

**◆ အာဆီယံအဖွဲ့ဝင်(၁၀)နိုင်ငံအနက် မြန်မာနိုင်ငံအနေဖြင့် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးတွင် အဆင့်(၉)သာရရှိနေသည်ကိုတွေ့ရှိရသည့်အတွက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်ရန်လို . . .**

**◆ ဖမ်းဆီးရမိသည့်ပစ္စည်းများကို အလေအလွင့် အဆုံးအရှုံးအနည်းဆုံးဖြစ်အောင် ထိန်းသိမ်းခြင်း၊ စစ်ဆေးသည့်ဥပဒေအပိုင်းကလည်း မြန်မြန်ဆန်ဆန်စစ်ဆေးပြီး အမြန်ဆုံးထုခွဲရောင်းချခြင်း၊ နိုင်ငံတော်ပိုင်ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းခြင်း စသည်တို့ကိုလည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျအမြန်ဆုံးဖြစ်စေရေး ကော်မတီဝင်များနှင့်သက်ဆိုင်သည့်တာဝန်ရှိသူအားလုံးက အလေးထား ဆောင်ရွက်ပေးကြရန်ဖြစ်. . .**

★ **ရှေ့ဖုံးမှအဆက်**

တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ၂၀၂၅ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက **"တရားမဝင်ကုန်သွယ်မှုများသည် ရာဇဝတ်ကျူးလွန်မှု၊ အကြမ်းဖက်အဖွဲ့အစည်းများအပေါ် ငွေကြေးထောက်ပံ့မှုအပါအဝင် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့်လုံခြုံရေးကိုပါ ထိခိုက်စေသည့်အတွက် သက်ဆိုင်သည့်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ရှိသူများအနေဖြင့် တရားမဝင်ကုန်သွယ်မှုများကို ပြတ်ပြတ်သားသား တိုက်ဖျက်ဆောင်ရွက်သွားရန်"** လမ်းညွှန်မှာကြားထားကြောင်း။

ထို့ပြင် စီးပွားရေးရာနှင့်ပတ်သက်သည့် အစည်းအဝေးများတွင်လည်း နိုင်ငံတော်ဝန်ကြီးချုပ်က **"တရားမဝင်ကုန်သွယ်မှုများနှင့်ပတ်သက်၍ ထိထိရောက်ရောက် တားဆီးဆောင်ရွက်ရန်"** အမြဲတစေ လမ်းညွှန်မှာကြားခဲ့ကြောင်း၊ ထို့ကြောင့် တရားမဝင်ကုန်သွယ်မှုကိစ္စရပ်များကို အထူးဂရုစိုက်ပြီး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ တရားမဝင်ကုန်သွယ်မှုများကို ထိရောက်စွာတိုက်ဖျက်ရန်အတွက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် ၂၀၂၂ ခုနှစ်မှစတင်၍ ပြင်ဆင်ဖွဲ့စည်းပြီး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပလာခဲ့သည်မှာ (၁၉)ကြိမ်ရှိပြီဖြစ်ကြောင်း၊ ယခင်အစည်းအဝေး(၁၈)ကြိမ်အထိ ဆုံးဖြတ်ချက် (၆၁၉)ချက် ချမှတ်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ၃ နှစ်နှင့် ၄ လတာကာလအတွင်း ဖမ်းဆီးရရှိမှုများကို ပြန်ကြည့်မည်ဆိုပါက ဖမ်းဆီးရမိအမှုတွဲ ၂၂၁၉၈ မှု၊ တန်ဖိုးအားဖြင့် ငွေကျပ် ၅၇၆ ဒသမ ၅၄၁ ဘီလီယံ ဖမ်းဆီးဖော်ထုတ်ခဲ့ကြောင်း၊ လအလိုက် ဖမ်းဆီးရမိမှုများတွင် ၂၀၂၅ ခုနှစ်၊ မတ်လတွင် ဖမ်းဆီးရရှိမှုသည် အများဆုံးဖြစ်ကြောင်း၊ ယခုထက်ပို၍ ဖမ်းဆီးဖော်ထုတ်နိုင်ရမည်ဖြစ်ကြောင်း၊ နယ်စပ်ကုန်သွယ်ရေးနှင့် ပတ်သက်၍ နယ်မြေလုံခြုံရေးအခြေအနေအရ နယ်စပ်ကုန်သွယ်ရေးများ ခေတ္တရပ်တန့်နေသည့်အချိန်တွင် တရားမဝင်ကုန်ပစ္စည်းများတင်ပို့မှုနှင့် တင်သွင်းမှုပါများပြားလာကြောင်း၊ ထိုသို့ တရားမဝင်ကုန်သွယ်မှုများပေါ်ပေါက်လာမှုနှင့်အတူ ဖမ်းဆီးရရှိမှုများ များလာသည်ကိုလည်း တွေ့ရှိရကြောင်း၊ လုံခြုံရေးအဖွဲ့များနှင့်စစ်ဆေးရေးအဖွဲ့များကလည်း စနစ်တကျ ထိထိမိမိ စစ်ဆေးဆောင်ရွက်မည်ဆိုပါက ယခုထက်ပို၍ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများ ထိရောက်အောင်မြင်မည်ဖြစ်ကြောင်း။

ထို့အပြင် ကုန်သွယ်ဖက်အိမ်နီးချင်းနိုင်ငံများနှင့်လည်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရာတွင် သတင်းများဖလှယ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းများကို ဝန်ကြီးဌာနအချင်းချင်း၊ အစိုးရအဖွဲ့အချင်းချင်းညှိနှိုင်းပြီး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးနှင့် ပတ်သက်၍ တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး နိုင်ငံပေါင်းစုံမဟာမိတ်အဖွဲ့ (Transnational Alliance to Combat Illicit Trade – TRACIT) ၏ ၂၀၂၅ ခုနှစ် ထုတ်ပြန်သည့် တရားမဝင်ကုန်သွယ်မှုအညွှန်းကိန်း 2025 Illicit Trade Index တွင်လည်း နိုင်ငံပေါင်း ၁၅၈ နိုင်ငံအနက် မြန်မာနိုင်ငံအနေဖြင့် အဆင့် ၁၁၇ သတ်မှတ်ထားသည်ကို တွေ့ရှိရကြောင်း၊ ယခင် ၂၀၁၈ ခုနှစ်က ထုတ်ပြန်ခဲ့သည့် ကမ္ဘာ့တရားမဝင်ကုန်သွယ်မှုဆိုင်ရာ ပတ်ဝန်းကျင်အညွှန်းကိန်း Global Illicit Trade Environment Index တွင် နိုင်ငံပေါင်း ၈၄ နိုင်ငံအနက် မြန်မာနိုင်ငံအနေဖြင့် အဆင့် ၈၁ သာ ရရှိခဲ့သည့်အတွက် ၂၀၂၅ ခုနှစ်တွင် အညွှန်းကိန်းပိုမိုတိုးတက်လာသည်ကို တွေ့ရှိရကြောင်း၊ သို့သော် **အာဆီယံအဖွဲ့ဝင်(၁၀)နိုင်ငံအနက် မြန်မာနိုင်ငံအနေဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးတွင် အဆင့်(၉)သာ ရရှိနေသည်ကိုတွေ့ရှိရသည့်အတွက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်ရန်လို**အပ်ကြောင်း၊ ထို့ကြောင့် နိုင်ငံအတွင်း ထိထိမိမိဖြင့် ဖမ်းဆီးရမည်ဖြစ်သကဲ့သို့ တစ်ဖက်ကလည်း ကုန်သွယ်ဖက်အိမ်နီးချင်းနိုင်ငံများဖြင့် အစိုးရအချင်းချင်း၊ ဝန်ကြီးဌာနအချင်းချင်းညှိနှိုင်းပြီး ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး နိုင်ငံပေါင်းစုံမဟာမိတ်အဖွဲ့ (Transnational Alliance to Combat Illicit Trade – TRACIT)၏ ၂၀၂၅ ခုနှစ် ထုတ်ပြန်သည့် တရားမဝင်ကုန်သွယ်မှုအညွှန်းကိန်း 2025 Illicit Trade Index တွင်လည်း တရားမဝင်ကုန်သွယ်မှုများ အလွန်အကြူးပြုလုပ်နေသည့်ကဏ္ဍ ၁၂ ရပ် ဖော်ထုတ်ထားကြောင်း၊ ယင်းတို့တွင် လယ်ယာစိုက်ပျိုးရေးထုတ်ကုန်များ၊ စိုက်ပျိုးရေးသုံး ဓာတုပစ္စည်းနှင့် ပိုးသတ်ဆေးများ၊ အရက်၊ အတုအပကုန်စည်ပစ္စည်းများ၊ သစ်တောထွက်ကုန်များ၊ တရားမဝင်ငါးဖမ်းဆီးမှုများ၊ ရေနံထွက်ပစ္စည်းများ၊ ဆေးဝါးများ၊ အဖိုးတန်သတ္တုနှင့် ကျောက်မျက်များ၊ ဆေးရွက်ကြီးကုန်စည်များ၊ လူကုန်ကူးမှုများ၊ တောရိုင်းတိရစ္ဆာန်များပါဝင်ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရကြောင်း။

ကဏ္ဍ ၁၂ ရပ်၏ ခေါင်းစဉ်များအလိုက် မိမိတို့အဖွဲ့များတွင် ပါဝင်ကြသည့် One Stop Service အဖွဲ့များ၊ စစ်ဆေးရေးအဖွဲ့များက ဖော်ထုတ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ၃ နှစ်နှင့် ၄ လတာကာလအတွင်း ဖမ်းဆီးရရှိမှုများအနက် တရားမဝင်လိုင်စင်မဲ့ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ် အများဆုံးဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်သည့် သွင်းကုန်ကုန်ပစ္စည်းများ၊ စက်ကိရိယာပစ္စည်းများနှင့် အခြားလူအသုံးအဆောင်ပစ္စည်းများကိုလည်းတွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည့်အတွက် လယ်ယာသုံးကိရိယာနှင့်ပတ်သက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တရားဝင်လိုင်စင်များဖြင့် ထုတ်ပေးထားကြောင်း၊ သို့သော်လည်း ယင်းအပေါ် ကျော်လွန်ပြီး ဆောင်ရွက်မှုများရှိနေသည့်အတွက် ကြပ်မတ်ထိန်းချုပ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

တစ်ဖက်ကလည်း ဖမ်းဆီးထိန်းချုပ်ပြီး တစ်ဖက်ကလည်း မူပိုင်ခွင့်ဥပဒေ၊ စားသုံးသူကာကွယ်ရေးဥပဒေများဖြင့် ခိုင်လုံအားကောင်းအောင်ပြုလုပ်၍ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပြည်သူများအပါအဝင် အစိုးရနှင့် လုပ်ငန်းရှင်များ စီးပွားရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အကောက်ခွန်ဥပဒေ၊ ပို့ကုန်သွင်းကုန်ဥပဒေ၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့် အထူးကုန်စည်ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ ယှဉ်ပြိုင်မှုဥပဒေ၊ စားသုံးသူကာကွယ်ရေးဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးတွင် အဓိကအခန်းကဏ္ဍသည် သတင်းရရှိရေးပင်ဖြစ်ကြောင်း၊ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ၊ မတ်လနှင့် ဧပြီလများအတွင်း သတင်းရရှိမှု (၂၅၅)ကြိမ်ရရှိခဲ့ပြီး သတင်းမှား(၁၃)ကြိမ်၊ နောက်ကျသတင်း (၅)ကြိမ်နှင့် သတင်းမှန် (၂၃၇)ကြိမ်ဖြစ်ကြောင်း၊ နောက်ပိုင်းကာလ နောက်ကျသတင်းပေးပို့မှုများနည်းပါးလာပြီးသတင်းမှန်ပေးမှုများပြားလာခြင်းကြောင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးကို တစ်ဖက်တစ်လမ်းမှ ထိရောက်စွာဆောင်ရွက်နိုင်ခြင်းဖြစ်ကြောင်း၊ သတင်းပေးပြည်သူများ၏လုံခြုံမှုနှင့် နစ်နာဆုံးရှုံးမှုမဖြစ်စေရေးအတွက် သတင်းလုံခြုံမှုကို သက်ဆိုင်ရာတာဝန်ရှိသူများကလည်း ထိန်းသိမ်းလျှို့ဝှက်ပေးရမည်ဖြစ်ကြောင်း၊ သတင်းပေးသည့်အတွက် ဖမ်းဆီးရရှိသောအမှုအပေါ် မူတည်၍ နိုင်ငံတော်က အကျိုးအမြတ်များထောက်ပံ့ပေးခြင်းနှင့် ဂုဏ်ပြုချီးမြှင့်ပေးခြင်း စသည့်ခံစားခွင့်များ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ နိုင်ငံတော်က ဂုဏ်ပြုချီးမြှင့်သည်များကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် သတင်းများတွင် မကြာခဏ ထည့်သွင်းဖော်ပြပေးသွားကြရမည်ဖြစ်ကြောင်း။

ဖမ်းဆီးရရှိမှုနှင့်စပ်လျဉ်း၍ ပစ္စည်းများ ဖမ်းဆီးခြင်းနှင့် အခြားကန့်သတ်ပစ္စည်း ဖမ်းဆီးရမိခြင်းများရှိကြောင်း၊ **ဖမ်းဆီးရမိသည့်ပစ္စည်းများကို အလေအလွင့် အဆုံးအရှုံးအနည်းဆုံးဖြစ်အောင် ထိန်းသိမ်းခြင်း၊ စစ်ဆေးသည့်ဥပဒေအပိုင်းကလည်း မြန်မြန်ဆန်ဆန်စစ်ဆေးပြီး အမြန်ဆုံးထုခွဲရောင်းချခြင်း၊ နိုင်ငံတော်ပိုင် ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းခြင်း စသည်တို့ကိုလည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျအမြန်ဆုံးဖြစ်စေရေး ကော်မတီဝင်များနှင့်သက်ဆိုင်သည့် တာဝန်ရှိသူအားလုံးက အလေးထား ဆောင်ရွက်ပေးကြရန်ဖြစ်**ကြောင်း။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးတွင် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အထူးအဖွဲ့များနှင့် သက်ဆိုင်ရာဌာနများကြား ပိုမိုအားကောင်းသည့် ပူးပေါင်းဆောင်ရွက်မှုများဖြင့် ဆက်လက်ဆောင်ရွက်ပြီး တရားမဝင်ထုတ်လုပ်နေမှုကို ယခုထက်ပို၍ ပိုမိုထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြရန်ပြောကြားလိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ပါဝင်သည့်ဝန်ထမ်းများကလည်း တစ်ဦးချင်း လုံခြုံရေးအသိ၊ လုံခြုံရေးသတိနှင့် တာဝန်ထမ်းဆောင်ကြရန်နှင့် မိမိတို့အဖွဲ့အစည်းအဝင်းအဝိုင်းအတွင်း လုံခြုံရေးအသိ၊ လုံခြုံရေးသတိများဖြင့် လုပ်ကိုင်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးသည် တစ်ဦးကောင်း၊ တစ်ယောက်ကောင်းဖြင့် ဆောင်ရွက်၍ မရသည့်အတွက် ဦးဆောင်ကော်မတီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တာဝန်ရှိသူများ၊ သက်ဆိုင်သည့် ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ လုံခြုံရေးအဖွဲ့များနှင့် ပြည်သူများအားလုံးက ပေါင်းစပ်ပြီး ဝိုင်းဝန်းထိန်းကျောင်းဆောင်ရွက်ကြမှသာ ကော်မတီ၏ရည်ရွယ်ချက်များကို ထိရောက်စွာအကောင်အထည်ဖော်နိုင်မည့်အပြင် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေမည့်အချက်များကို တစ်ဖက်တစ်လမ်းမှ တားဆီးကာကွယ်ထိန်းသိမ်းသွားနိုင်မည်ဖြစ်သည့်အတွက် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ အတွင်းရေးမှူး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်း က ဦးဆောင်ကော်မတီအစည်းအဝေး (၁/၂၀၂၅) အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများနှင့် ဦးဆောင်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဦးဆောင်ကော်မတီရုံးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ညွှန်ကြားရေးမှူးချုပ် ဦးအောင်သွင်ဦး၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဟန်ဝင်းအောင်၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာရဲမြင့်တို့က တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂/၂၀၂၅)သို့ တင်ပြလာသည့် အမှာစာများကိုဖတ်ကြားတင်ပြကြသည်။

ဆက်လက်၍ဦးဆောင်ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဦးထွန်းအုံ၊ အခွန်အယူခံခုံအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦး၊ နေပြည်တော်ကောင်စီဝင်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများက တရားမဝင်ကုန်သွယ်မှုဆိုင်ရာ သုံးသပ်တွေ့ရှိချက်များ၊ တရားမဝင်ထိန်းချုပ်ဓာတုပစ္စည်းများ၊ မူးယစ်ဆေးဝါးများ၊ လက်နက်ခဲယမ်းများ၊ သစ်များ၊ ယာဉ်များ၊ စက်သုံးဆီများ၊ စားသောက်ကုန်၊ ဆေးဝါးနှင့် အလှကုန်ပစ္စည်းများဖမ်းဆီးရမိမှု၊ အဆိုပါ ဖမ်းဆီးရမိမှုများအပေါ် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိမှု၊ အဆိုပါဖမ်းဆီးရမိသည့်ပစ္စည်းများ ပျက်စီးပျောက်ဆုံးမှုနှင့် လေလွင့်ဆုံးရှုံးမှုမရှိစေရေး အမှုတွဲများ

**စာမျက်နှာ ၇ သို့** ★

★ စာမျက်နှာ ၆ မှအဆက်

အမြန်ဆုံးပြီးပြတ်အောင်ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ သတင်းအချက်အလက်များ ကျယ်ကျယ်ပြန့်ပြန့်ရရှိရေးဆိုင်ရာကိစ္စရပ်များ၊ ကာကွယ်တားဆီးရေးဆိုင်ရာကိစ္စရပ်များ၊ ပို့ကုန်၊ သွင်းကုန်နှိုင်းယှဉ်ချက်များနှင့် ကုန်သွယ်ရေးစခန်းများ၌ ကုန်စည်စီးဆင်းနေမှုနှင့် အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်မှုဆိုင်ရာအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

နေပြည်တော် မေ ၂၆

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ခွင့်ပြုချက်ဖြင့် SGE Myanmar EV Co., Ltd. မှတင်သွင်းလာသော တရုတ်နိုင်ငံထုတ် DAYUN YUEHU S1 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

မြဝတီ



# ပိဋကတ်ဘာသာပြန်စာတည်းကော်မတီအဖွဲ့ တွေ့ဆုံဆွေးနွေးပွဲကျင်းပ



ရန်ကုန် မေ ၂၆

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) မဟာဘွဲ့နှင်းသဘင်ခန်းမ၌ ပိဋကသုံးပုံအင်္ဂလိပ်ဘာသာပြန်ဆိုခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)မှ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုခြင်းအခမ်းအနားကို တက်ရောက်ကြည်ညိုသည်။

ဦးစွာ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဒုတိယပါမောက္ခချုပ်(သင်ကြား) ဆရာတော် ဒေါက်တာဘဒ္ဒန္တဇောတိက က သြဝါဒကထာမိန့်ကြားပြီး နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) မော်ကွန်းထိန်းဆရာတော် ဘဒ္ဒန္တသုမနက ပိဋကသုံးပုံ အင်္ဂလိပ်ဘာသာပြန်ဆိုခြင်းဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ ပေဋကောပဒေသပါဠိတော်အင်္ဂလိပ်ဘာသာပြန်ဆိုနေမှုအခြေအနေများကိုရှင်းလင်းမိန့်ကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများလျှောက်ထားပြီး နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဒုတိယပါမောက္ခချုပ်(သင်ကြား) ဆရာတော်က နိဂုံးချုပ်သြဝါဒကထာမိန့်ကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဒုတိယပါမောက္ခချုပ်(သင်ကြား)ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဒေါက်တာဘဒ္ဒန္တ ဇောတိက၊ ဒုတိယပါမောက္ခချုပ်(စီမံ)ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တပညာဝံသ၊ မော်ကွန်းထိန်းဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသုမနအမှူးပြုသည့် သင်ကြားစီမံဆရာတော်များ၊ ပါမောက္ခ၊ ဌာနမှူးဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ပြင်ပပညာရှင်များ တက်ရောက်ကြည်ညိုခဲ့ကြကြောင်း သိရသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန(ရန်ကုန်ရုံးခွဲ)အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပိဋကတ်တော်ကျမ်းများကို သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ပြည်ပသာသနာပြုဌာနခွဲ(ရန်ကုန်)မှ ပြန်လည်စိစစ်တည်းဖြတ်လျက်ရှိကြသော ပိဋကတ်ဘာသာပြန်စာတည်းကော်မတီအဖွဲ့၊ OCR လုပ်ငန်းများဆောင်ရွက်လျက်ရှိကြသော ရဟန်းတော်များနှင့်တွေ့ဆုံပြီး ပိဋကတ်ဘာသာပြန်လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးနှင့် စပ်လျဉ်း၍ လျှောက်ထားသည်။


ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ရဟန်းတော်များက မူရင်းကျမ်းစာအုပ်များထဲမှ မူရင်းမှားယွင်းမှုများကို ပြန်လည်ပြင်ဆင်ပြီး ပညာရှင်များနှင့်တိုင်ပင်၍ ဆဋ္ဌမူပုံစံအတိုင်း ပြန်လည်ပြင်ဆင်ဆောင်ရွက်မည့်အခြေအနေများကို ဆွေးနွေးကြရာ ပညာရှင်ဆရာကြီး၊ ဆရာမကြီးများက ပိဋကတ်ဘာသာပြန်လုပ်ငန်းများနှင့် ပတ်သက်၍ လုပ်ငန်းလိုအပ်ချက်များကို ပြန်လည်ဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။


တွေ့ဆုံဆွေးနွေးပွဲအပြီးတွင်ပြည်ထောင်စုဝန်ကြီးသည် တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ရဟန်းတော်များအား လှူဖွယ်ပစ္စည်း၊ အလှူငွေများ ဆက်ကပ်လှူဒါန်းကာ ပညာရှင် ဆရာကြီး၊ ဆရာမကြီးများအား အလှူငွေများပေးအပ်လှူဒါန်းပြီး ခန်းမအတွင်း၌ နမူနာခင်းကျင်းပြသထားသည့် ပိဋကသုံးပုံဘာသာပြန်ကျမ်းစာအုပ်များကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

မြဝတီ

## အထူးမိုးလေဝသ သတင်း

# တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှနေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင်နေရာကွက်၍မိုးကြီးနိုင်




နေပြည်တော် မေ ၂၆

ယနေ့ညနေ ၄ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေထုမငြိမ်မသက်မှုများဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း၊ အပူပြန်တက်တိမ်များဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့်လည်းကောင်း ယနေ့ညနေမှ ဇွန်လ ၂ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍မိုးကြီးနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင်နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

# မယ်ဆိုင်ချောင်းရေ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

နေပြည်တော် မေ ၂၆

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ မယ်ဆိုင်ချောင်းရေသည် တာချီလိတ်မြို့(လွယ်တော်ခမ်းကျေးရွာ)တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ၁ ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါချောင်းရေသည် နောက် ၁၂ နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တာချီလိတ်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

# သွားအရောင်ပြောင်းစေသောအစားအစာများနှင့်အချိုရည်များ

ဒေါက်တာလွင်သန့်

> "လူကြီးတွေရဲ့သွားတွေက ကလေးတွေရဲ့သွားတွေထက် အရောင်ပိုရင့်တတ်ပါတယ်။ ဒါက သွားအပေါ်ယံကြွေလွှာကြောင့်ဖြစ်ပါတယ်။ ကလေးတွေမှာ အပေါ်ယံကြွေလွှာအပြည့်နဲ့ သွားအသစ်တွေရှိပါတယ်။ အသက်ကြီးလာတာနဲ့အမျှ အပေါ်ယံကြွေလွှာတွေပျက်စီးစေပြီး ကွာကျလာပါတယ်။ သွားတွေရဲ့အလွှာတစ်ခုချင်းစီက အဝါရောင်သန်းနေတာကြောင့် သွားတွေအဝါရောင်ဖြစ်လာတတ်ပါတယ်။ သွားတွေ အဝါရောင်မဖြစ်အောင် သွားပျက်စီးစေတဲ့အစားအစာတွေနဲ့ အချိုရည်တွေကို ရှောင်သင့်ပါတယ် . . ."

လူတိုင်း ဖြူစင်ဝင်းပတဲ့သွားတွေကို ပိုင်ဆိုင်ချင်ကြပါတယ်။ သွားတွေက သဘာဝအတိုင်းဖြူနေပေမယ့် အလွယ်တကူအစွန်းအထင်းဖြစ်နိုင်ပါတယ်။ အစားအစာတွေထဲမှာ အချဉ်ဓာတ်ပါဝင်မှု၊ ဆိုးဆေးပါဝင်မှုနဲ့ ဆေးလိပ်သောက်တာလို မကောင်းတဲ့အလေ့အထတွေကြောင့် သွားအပေါ်ယံကြွေလွှာပျက်စီးမှုဖြစ်နိုင်ပါတယ်။ ကလေးတွေရဲ့သွားတွေက သဘာဝအတိုင်း ဖြူနေတတ်ပေမယ့် အသက်ကြီးလာတာနဲ့အမျှ သွားတွေရဲ့အရောင်က အဝါရောင်သန်းလာတတ်ပါတယ်။ ဒါကိုဖြစ်စေတဲ့ အကြောင်းရင်းများစွာရှိပါတယ်။

ဘလူးဘယ်ရီသီး ဒါမှမဟုတ် စပျစ်ဝိုင်နီ၊ ကော်ဖီ၊ လက်ဖက်ရည် စတာတွေကို သောက်သုံးမှုများတာ၊ သကြားနဲ့ကာဗိုဟိုက်ဒရိတ်များတဲ့အစားအသောက်တွေအစားများတာ၊ ဆေးလိပ်အသောက်များတာ ဒါမှမဟုတ် ကွမ်းယာထဲမှာ ဆေးရွက်ကြီးထည့်စားတာများလာတာကြောင့် သွားတွေ အဝါရောင်ဖြစ်စေနိုင်ပါတယ်။

အသက်ကြီးလာတာနဲ့အမျှ သွားတွေအဝါရောင်ဖြစ်လာနိုင်ခြေပိုများလာစေတာကတော့ မျိုးရိုးဗီဇ၊ ပါးစပ်ဒဏ်ရာရတာ၊ ဖလူအိုရိုက်သွားတိုက်ဆေးအလွန်အကျွံသုံးထားတာ၊ သွားနဲ့ခံတွင်းသန့်ရှင်းမှုအားနည်းတာနဲ့ နာတာရှည်ပါးစပ်ခြောက်တာ ဒါမှမဟုတ် တံတွေးအထွက်နည်းတာတွေကြောင့်ဖြစ်နိုင်ပါတယ်။

စပျစ်ဝိုင်နီက နှလုံးအတွက်ကောင်းပေမယ့် သွားတွေအတွက်တော့ မကောင်းနိုင်ပါဘူး။ အရောင်အရင့်ဆုံးစပျစ်ဝိုင်နီက သွားတွေကို အရောင်စွန်းထင်းစေပါတယ်။ သွားတွေမဝါချင်ရင် စပျစ်ဝိုင်အဖြူကို ရွေးသောက်သင့်ပါတယ်။

ကော်ဖီက သွားတွေကိုစွန်းထင်းစေတဲ့အရာဖြစ်ပါတယ်။ ကော်ဖီကို နို့ ဒါမှမဟုတ် မလိုင်ထည့်သောက်ပြီး အဲဒီပြဿနာကို ရှောင်ရှားနိုင်ပါတယ်။

လက်ဖက်ရည်မှာပါတဲ့ တိုင်နင်(Tannins)က သွားတွေကို အရောင်စွန်းထင်းစေပါတယ်။ သွားတွေဖြူစင်တောက်ပချင်တယ်ဆိုရင် အရောင်ရင့်တဲ့လက်ဖက်ရည်ကိုရှောင်သင့်ပါတယ်။

ကိုကာကိုလာ ဒါမှမဟုတ် ဆော်ဒါတွေမှာ အရောင်ဆိုးဆေးတွေပါဝင်ပြီး အချဉ်ဓာတ်ပါဝင်မှုလည်းများပါတယ်။ ကိုကာကိုလာမှာပါတဲ့ အချဉ်ဓာတ်က သွားအပေါ်ယံကြွေလွှာပျက်စီးစေပါတယ်။ သွားတွေမဝါချင်ရင် အရောင်ဖျော့တဲ့သစ်သီးဖျော်ရည်ကို ရွေးသောက်သင့်ပါတယ်။ အရောင်ရင့်တဲ့ဖျော်ရည်ကို ကြိုက်နှစ်သက်ရင် ဖျော်ရည်ကို ရေနဲ့ရောပြီးသောက်သင့်ပါတယ်။

ဘဲလ်ဆမစ်ဗင်နီဂါ (Balsamic Vinegar) ရှလကာရည်ရဲ့ ရင့်တဲ့အရောင်က သွားတွေကို အရောင်စွန်းထင်းစေပါတယ်။ သွားအရောင်မစွန်းထင်းရအောင် ရှလကာရည်မသုံးမီ ဆလတ်ရွက်ကို အရင်စားပေးသင့်ပါတယ်။ ရှလကာရည်အစား သံပရာရည်ကို အစားထိုးသုံးနိုင်ပါတယ်။

ရေခဲမုန့်နဲ့ရေခဲချောင်းတွေက လျှာနဲ့သွားတွေကို အရောင်စွန်းထင်းစေနိုင်ပါတယ်။ အရောင်မစွန်းထင်းရအောင် အရောင်ဖျော့တဲ့ ရေခဲမုန့်နဲ့ရေခဲချောင်းကိုသာ စားပေးသင့်ပါတယ်။

ကြက်ဟင်းခါးသီးကို သဘာဝအစားအစာအပြင် အဝတ်အထည်တွေကို အရောင်ဆိုးရာမှာလည်း သုံးကြပါတယ်။ သွားတွေကို အရောင်မစွန်းထင်းအောင် ကြက်ဟင်းခါးသီးစားပြီးနောက် မိနစ် ၃၀ အကြာမှာ သွားကို ဖလူအိုရိုက်ပါတဲ့သွားတိုက်ဆေးနဲ့ တိုက်ပေးသင့်ပါတယ်။

ပဲငံပြာရည်လို အရောင်ရင့်တဲ့ဆော့စ်တွေကလည်း သွားတွေကို အရောင်ပြောင်းစေနိုင်ပါတယ်။ ဆော့စ်တွေက အဝတ်အထည်တွေကို အရောင်စွန်းထင်းစေနိုင်တယ်ဆိုရင် သွားတွေကိုလည်း အရောင်စွန်းထင်းစေနိုင်တာကို သတိပြုသင့်ပါတယ်။ ဆော့စ်တွေထဲမှာ ခရမ်းချဉ်သီးဆော့စ်က အရမ်းကောင်းတဲ့ဆော့စ်ဖြစ်ပေမယ့် သွားတွေကိုအရောင်စွန်းထင်းစေပါတယ်။ ခရမ်းချဉ်သီးဆော့စ်ပါတဲ့ အစားအစာတွေမစားခင်မှာ ဟင်းနုနယ်ရွက် ဒါမှမဟုတ် ပန်းပွင့်စိမ်းကို အရင်စားပေးသင့်ပါတယ်။ အဲဒီဟင်းသီးဟင်းရွက်တွေက သွားတွေကို အရောင်မစွန်းထင်းအောင် ကာကွယ်ပေးတဲ့အလွှာတစ်ခုဖြစ်စေပါတယ်။

ဟင်းခတ်အမွှေးအကြိုင်တွေက သွားတွေကို အရောင်စွန်းထင်းမှုဖြစ်စေပါတယ်။ ဒါကြောင့် ဟင်းခတ်အမွှေးအကြိုင်ပါတဲ့ဟင်းလျာတွေကို စားပြီးတဲ့အခါ ပလုတ်ကျင်းဆေးသုံးပြီး သွားတွေမဝါအောင် ကာကွယ်သင့်ပါတယ်။

ဘလူးဘယ်ရီသီးက အရောင်ရင့်တာကြောင့် သွားတွေကို အရောင်စွန်းထင်းစေပါတယ်။ ဒါပေမဲ့ ဓာတ်တိုးဆန့်ကျင်ပစ္စည်းနဲ့ ဗီတာမင်တွေကြွယ်ဝတာကြောင့် ကျန်းမာရေးအတွက်ကောင်းတဲ့ သရေစာဖြစ်ပါတယ်။ သွားတွေအရောင်မစွန်းထင်းအောင် ဘလူးဘယ်ရီသီးစားပြီးတဲ့အခါ ရေနဲ့ပလုတ်ကျင်းသင့်ပါတယ်။

လူကြီးတွေရဲ့သွားတွေက ကလေးတွေရဲ့သွားတွေထက် အရောင်ပိုရင့်တတ်ပါတယ်။ ဒါက သွားအပေါ်ယံကြွေလွှာကြောင့်ဖြစ်ပါတယ်။ ကလေးတွေမှာ အပေါ်ယံကြွေလွှာအပြည့်နဲ့ သွားအသစ်တွေရှိပါတယ်။ အသက်ကြီးလာတာနဲ့အမျှ အပေါ်ယံကြွေလွှာတွေပျက်စီးစေပြီး ကွာကျလာပါတယ်။ သွားတွေရဲ့ အလွှာတစ်ခုချင်းစီက အဝါရောင်သန်းနေတာကြောင့် သွားတွေ အဝါရောင်ဖြစ်လာတတ်ပါတယ်။ သွားတွေ အဝါရောင်မဖြစ်အောင် သွားပျက်စီးစေတဲ့ အစားအစာတွေနဲ့ အချိုရည်တွေကို ရှောင်သင့်ပါတယ်။

သွားတွေဝါစေတဲ့ အကြောင်းရင်းတွေထဲမှာ ကွမ်းစားခြင်းကလည်း အဓိကပါဝင်ပါတယ်။ ကွမ်းကို အိန္ဒိယ၊ နီပေါ၊ ဘင်္ဂလားဒေ့ရှ်၊ မြန်မာ၊ မလေးရှား၊ အင်ဒိုနီးရှား၊ ထိုင်း၊ ကမ္ဘောဒီးယားနဲ့ လာအိုနိုင်ငံတို့မှာ စားသုံးတတ်ကြပါတယ်။ ကွမ်းရွက်၊ ထုံးနဲ့ ကွမ်းသီး သုံးမျိုးရောရင် အနီရောင်ကွမ်းတံတွေးထွက်လာပါတယ်။ ကွမ်းသီးမှာ အရောင်ပါဝင်တတ်သလို ရှားစေးထည့်စားတဲ့အခါ သွားမှာ အဝါရောင်၊ အနီရောင်သန်းလာပါတယ်။ ထိုင်းနိုင်ငံက ရှားစေးအသုံးပြုမှုများတာကြောင့် သွားတွေဝါတဲ့အပြင် မည်းတဲ့အထိ ဖြစ်စေပါတယ်။ ထိုင်းလူမျိုးတွေရဲ့ ရိုးရာတစ်ခုမှာ ရှားစေးခဲကို သွားနဲ့အမြဲပွတ်တိုက်ပြီး မည်းနက်နေအောင် ပြုလုပ်ပေးတတ်ကြပါတယ်။ အမည်းရောင်သွားတွေက သူတို့လူမျိုးရဲ့ အမှတ်သညာဖြစ်ပါတယ်။ ကွမ်းစားတဲ့အခါ ကွမ်းချိုးတွေ ကြွေလွှာပေါ်မှာတင်ကျန်ခဲ့ပါတယ်။ ကွမ်းစားတဲ့သူတိုင်း နှစ်စဉ် သွားချိုးတွေခြစ်ထုတ်ပေးတာက သွားအဝါရောင်၊ အမည်းရောင်မဖြစ်ရအောင် ကာကွယ်ပေးတာဖြစ်ပါတယ်။ အကောင်းဆုံးကတော့ အရောင်စွန်းထင်းမှုနည်းအောင် ကွမ်းဖြတ်သင့်ပါတယ်။

အချုပ်အားဖြင့် သွားတွေမဝါအောင်ကာကွယ်တဲ့အနေနဲ့ အစာစားပြီးတိုင်း မိနစ် ၃၀ အကြာမှာ သွားတိုက်တဲ့အလေ့အကျင့် ပြုလုပ်ပေးသင့်ပါတယ်။ နောက်ပြီး အစာစားပြီးတဲ့အခါ တံတွေးထွက်စေဖို့ သကြားမပါတဲ့ ရွက်ချိုမှုန့်အသုံးပြုပြီး ပြုလုပ်ထားတဲ့ သကြားလုံးငုံပေးပါ။ အရောင်ဆိုးဆေးပါတဲ့အစားအစာတွေစားပြီးတိုင်း ဒါမှမဟုတ် အချိုရည်တွေသောက်ပြီးတိုင်း သွားတိုက်ပေးဖို့လိုအပ်ကြောင်း အကြံပြုရေးသားလိုက်ရပါတယ်။ ။

---

## ပခုက္ကူမြို့ ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်း၌ မိသားစုဝင်ငွေတိုး အခြေခံစက်ချုပ်နည်းပညာသင်တန်းဖွင့်လှစ်

ပခုက္ကူ မေ ၂၆

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်း၌ ယခုဘဏ္ဍာနှစ်တွင် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းများမှ အမျိုးသမီးများအတွက် ဝင်ငွေတိုးတက်ရေး ဆောင်ရွက်မည့် အခြေခံစက်ချုပ်နည်းပညာသင်တန်းကို မေလ ၂၅ ရက်က ဖွင့်လှစ်သည်။

ရှေးဦးစွာ ပခုက္ကူမြို့ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်သန္တာယုက သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များနှင့် သင်တန်းစည်းမျဉ်းစည်းကမ်းများအကြောင်း ရှင်းလင်းပြောကြားပြီး ပခုက္ကူမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါ်ခင်မိုးမြင့်က သင်တန်းသုံးကုန်ကြမ်းပစ္စည်းများပေးအပ်သည်။

ထို့နောက် တာဝန်ရှိသူများက သင်တန်းကာလအတွင်းအသုံးပြုမည့် စက်ချုပ်နည်းပညာဆိုင်ရာ သင်ထောက်ကူပစ္စည်းများ၊ ယခင်သင်တန်းသူများကိုယ်တိုင် ရေးဆွဲချုပ်လုပ်ထားသည့် အဝတ်အထည်ဒီဇိုင်းများနှင့် လူသုံးကုန်ပစ္စည်းများ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါသင်တန်းတွင် သင်တန်းသူ ၁၅ ဦး တက်ရောက်ကြပြီး မေလ ၂၅ ရက်မှ ဇွန်လ ၂၃ ရက်အထိ သင်တန်းကာလအတွင်း စက်ချုပ်သင်တန်းသုံးပစ္စည်းများ ကိုင်တွယ်အသုံးပြုနည်း၊ ချုပ်ရိုးများ၊ စက်နင်းနည်း၊ ခန္ဓာကိုယ်တိုင်းတာနည်း၊ Pattern ဆွဲနည်း၊ အမျိုးသမီးဝတ်ရင်စေ့နှင့် မြန်မာရင်ဖုံးအင်္ကျီချုပ်နည်း၊ အမျိုးသမီးဝတ်နောက်ဇစ်နှင့် ရင်ဖြတ်ဆက်ချုပ်နည်း၊ ကလေးဝတ်၊ သင်္ဘောသားအင်္ကျီ၊ ဟာဝေယံရှပ်ချုပ်နည်း၊ ဘောင်းဘီ၊ လေးလွှာစကပ်၊ ချိတ်စကပ်ချုပ်နည်း စသည့်ဘာသာရပ်များကို စာတွေ့လက်တွေ့ စနစ်တကျ သင်ကြားပို့ချပေးလျက်ရှိသည်။



သင်တန်းတက်ရောက်သူများထဲမှ စက်ချုပ်နည်းပညာကို အမှန်တကယ်စိတ်ဝင်စားပြီး လုပ်ငန်းထူထောင်လုပ်ကိုင်လိုသူငါးဦးကို စိစစ်ရွေးချယ်၍ တစ်ဦးလျှင် ငွေကျပ် ၁၈ သိန်းနှင့်ညီမျှသော လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

# တောင်သူဝင်ငွေတိုးဖို့ ဝါသီးနှံကို စနစ်တကျစိုက်ပျိုးကြပါစို့

မြင့်မြင့်စိန်(ဝါ/လျှော်)

ဝါသီးနှံမှရရှိသော ချည်မျှင်ကုန်ကြမ်းသည် ချည်မျှင်နှင့် အထည်အလိပ်လုပ်ငန်းများအတွက် အရေးပါသည်သာမက ဝါစေ့စားသုံးဆီနှင့် စက်မှုသုံးဆီများ ထုတ်လုပ်နိုင်ပြီး ဝါစေ့ဖတ်အား အာဟာရပြည့်ဝသော တိရစ္ဆာန်အစားအစာနှင့် သဘာဝမြေဩဇာကိုလည်း ထုတ်လုပ်နိုင်သည်။ ထို့ပြင် ဝါနှင့် ဝါစေ့ထွက်ပစ္စည်းများမှ လူသုံးကုန်ပစ္စည်းများစွာကိုလည်း ထုတ်လုပ်နိုင်သည်ဖြစ်ရာ ဝါသီးနှံသည် လူသားတို့အတွက် ပုံစံအမျိုးမျိုးဖြင့် အသုံးဝင်သည်။ ထို့ကြောင့် ဝါသီးနှံကို မဏ္ဍိုင်သီးနှံ (၁၀) မျိုးတွင် တစ်မျိုးအဖြစ် ထည့်သွင်းသတ်မှတ်လျက် အထွက်နှုန်းတိုးတက်ပြီး စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် တွန်းအားပေးဆောင်ရွက်လျက်ရှိပါသည်။ ဝါသီးနှံကို မြန်မာနိုင်ငံအလယ်ပိုင်းဒေသများဖြစ်သည့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် စိုက်ပျိုးသည်။ ၂၀၂၄-၂၀၂၅ ခုနှစ်အတွင်း ဝါမျိုးစုံစိုက်ပျိုးမှုမှာ ဧက ၅ ဒသမ ၄၅ သိန်းစိုက်ပျိုးပြီးဖြစ်ရာ ချည်မျှင်ရှည်ဝါ စိုက်ပျိုးမှုမှာ စုစုပေါင်း ဝါမျိုးစုံစိုက်ပျိုးမှု၏ ၉၄ ဒသမ ၃၃ ရာခိုင်နှုန်းနှင့် ချည်မျှင်တိုဝါ စိုက်ပျိုးမှုမှာ ၅ ဒသမ ၆၇ ရာခိုင်နှုန်း ဖြစ်သည်။ ဝါစိုက်ပျိုးထုတ်လုပ်မှုအများဆုံးမှာ မကွေးတိုင်းဒေသကြီးဖြစ်ပြီး စုစုပေါင်းစိုက်ဧရိယာ၏ ၄၅ ဒသမ ၃၇ ရာခိုင်နှုန်းနှင့် ဒုတိယအများဆုံးမှာ မန္တလေးတိုင်းဒေသကြီးဖြစ်ပြီး ၃၆ ဒသမ ၂၈ ရာခိုင်နှုန်းဖြစ်သည်။

လက်ရှိစိုက်ပျိုးလျက်ရှိသော ချည်မျှင်ရှည်ဝါမျိုးများမှာ စိုက်ပျိုးရေးဦးစီးဌာနမှ သုတေသနပြု ထုတ်လုပ်ဖြန့်ဖြူးသော ငွေချည် -၆၊ ရွှေတောင်-၈၊ ငွေချည်-၉၊ ရွှေတောင်-၁၀ နှင့် ငွေချည်-၁၁ ချည်မျှင်ရှည်ဝါမျိုးများနှင့် ပုဂ္ဂလိကကုမ္ပဏီများမှဖြန့်ဖြူးသော မျိုးများဖြစ်သည့် ရာကာ-၆၆၆၊ ဘီ-၃၁နှင့် တီဘီအယ်လ်-၁၉၅ တို့ဖြစ်ပြီး ချည်မျှင်တိုဝါမျိုးများမှာ မလှိုင်ဝါ၊ ဝါကြီး၊ ဝါကလေးတို့ဖြစ်သည်။ ၂၀၂၄-၂၀၂၅ခုနှစ်အတွင်း ရွှေတောင်-၁၀ကို အများဆုံး စိုက်ပျိုးပြီး စုစုပေါင်း ချည်မျှင်ရှည်ဝါစိုက်ဧက၏ ၄၈ ဒသမ ၅၁ ရာခိုင်နှုန်းနှင့် ဒုတိယအများဆုံးမှာ ရွှေတောင်-၈ ဖြစ်ပြီး ၃၄ ဒသမ ၆၉ ရာခိုင်နှုန်း စိုက်ပျိုးသည်။ တိုင်းဒေသကြီးအလိုက်၊ မျိုးအလိုက်စိုက်ပျိုးမှုကိုကြည့်ပါက ရွှေတောင်-၁၀ ဝါမျိုးကို မန္တလေးတိုင်းဒေသကြီးတွင် အများဆုံး၊ ရွှေတောင်-၈ ဝါမျိုးကို မကွေးတိုင်းဒေသကြီးတွင် အများဆုံးစိုက်ပျိုးပြီး ချည်မျှင်ရှည်ဝါစိုက်ဧက၏ ၂၇ ဒသမ ၁၁ ရာခိုင်နှုန်းနှင့် ၂၁ ဒသမ ၇၂ ရာခိုင်နှုန်းတို့ဖြစ်သည်။

စိုက်ပျိုးထွက်ရှိသောဝါများအားကြိတ်ခွဲထုတ်လုပ်၍ ပြည်တွင်းရှိ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်ချည်မျှင်နှင့် အထည်စက်ရုံများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးခြင်းအပြင် ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိရာ ၂၀၂၃-၂၀၂၄ ခုနှစ်အတွင်း ဝါ ၃၉၈၅၆၄ မက်ထရစ်တန် (ဂွမ်း ၁၃၁၅၂၆ မက်ထရစ်တန်) ထွက်ရှိ၍ ပြည်တွင်းသုံးစွဲမှုမှာ ဂွမ်း ၂၆၃၄၅ မက်ထရစ်တန်ဖြစ်ပြီး ပြည်ပတင်ပို့မှုမှာ ဂွမ်း ၉၄၁၉ မက်ထရစ်တန်ဖြစ်သည်။

စိုက်ပျိုးရေးဦးစီးဌာနသည်တောင်သူများအနေဖြင့် ဝါသီးနှံအထွက်နှုန်းတိုးတက်၍ အရည်အသွေးကောင်းမွန်သော ဝါများရရှိပါက ဈေးကောင်းရရှိကာ တစ်ဦးချင်းဝင်ငွေ တိုးတက်လာစေရေးအတွက် အရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်ပြီး ပိုးမွှားကျရောက်မှုဒဏ်ခံနိုင်ရည်ရှိသော ဝါမျိုးများကို စဉ်ဆက်မပြတ်သုတေသနပြု၍ ထုတ်လုပ်ဖြန့်ဖြူးပေးခြင်းအပြင် အထွက်တိုးစိုက်ပျိုးနည်းစနစ်များကိုလည်း သုတေသနပြုလုပ်၍ ရရှိလာသော ရလဒ်ကောင်းများကို တောင်သူများထံသို့ နည်းပညာများ ဖြန့်ဝေပေးလျက်ရှိသည်။ ထို့ပြင် ဝါသီးနှံပန်းတိုင်အထွက်နှုန်း တစ်ဧက ပိဿာ ၇၀၀ ထွက်ရှိရေးဆောင်ရွက်ရန် လမ်းညွှန်ချက်များအရ စီမံချက်များချမှတ်ဆောင်ရွက်လျက်ရှိသည်။ ၂၀၂၃-၂၀၂၄ ခုနှစ်တွင် တောင်သူများ၏ ချည်မျှင်ရှည်ဝါ တစ်ဧကပျမ်းမျှအထွက်နှုန်းမှာ ၄၉၇ ဒသမ ၅၁ ပိဿာဖြစ်သည်။ တောင်သူများအနေဖြင့် တစ်ဧကဝါပိဿာ ၇၀၀ ထွက်ရှိပါက လက်ရှိဝါရောင်းချဈေးနှုန်းသည် ၁ ပိဿာလျှင် ပျမ်းမျှငွေကျပ် ၃၀၀၀ မှ ငွေကျပ် ၄၀၀၀ အတွင်းရရှိသည်ဖြစ်ရာ တစ်ဧကလျှင် ငွေကျပ် ၂၁ သိန်းမှ ငွေကျပ် ၂၈ သိန်းရရှိမည်ဖြစ်ပြီး တစ်ဧက ဝါစိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်မှာ ငွေကျပ်ရှစ်သိန်းကျော်ဖြစ်သဖြင့် ၁ ဧကလျှင် ငွေကျပ် ၁၃ သိန်းမှ ငွေကျပ်သိန်း ၂၀ ခန့် အမြတ်ရရှိမည်ဖြစ်သည်။

**မျိုးကောင်းမျိုးသန့်ရွေးချယ်အသုံးပြုခြင်းနှင့် စိုက်ပျိုးနည်း**

ဝါစိုက်ပျိုးရာတွင် ထည့်သွင်းရမည့် သွင်းအားစုများအနက် မျိုးကောင်းမျိုးသန့်အသုံးပြုစိုက်ပျိုးခြင်းသည် အဓိကကျသောအချက်ဖြစ်သည်။ မည်မျှပင်ကောင်းမွန်သော စိုက်ပျိုးနည်းစနစ်များကို အသုံးပြုပါစေ "မျိုးစေ့မမှန် ပင်မသန်"ဆိုသည့် ဆိုရိုးစကားအတိုင်း မျိုးကောင်းမျိုးသန့်အသုံးပြုစိုက်ပျိုးထားခြင်းမဟုတ်ပါက မျှော်မှန်းအထွက်နှုန်းနှင့် အကျိုးအမြတ် ရရှိနိုင်မည်မဟုတ်ပါ။ သို့ဖြစ်၍




စိုက်ပျိုးရေးဦးစီးဌာန၏ မျိုးစေ့စီးဆင်းမှုစနစ်နှင့်အညီ ထုတ်လုပ်ဖြန့်ဖြူးသော အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်သည့် ငွေချည်-၆၊ ရွှေတောင်-၈၊ ငွေချည်-၉၊ ရွှေတောင်-၁၀နှင့် ငွေချည်-၁၁ ဝါမျိုးများကို စိုက်ပျိုးရန်ဖြစ်ပြီး ကုမ္ပဏီများမှ မှတ်ပုံတင်၍ ဖြန့်ဖြူးသော မျိုးဝါများကိုလည်း စိုက်ပျိုးနိုင်ပါသည်။ ဝါမျိုးစေ့များကိုကြိုတင်စုဆောင်း၍ အနည်းဆုံး သုံးရက်နေလှန်းပြီးမှသာ အသုံးပြုစိုက်ပျိုးရန် ဖြစ်သည်။ ဝါမျိုးစေ့အိတ်များကို မြေကြီးပေါ်တွင် ထားပါက အစိုပြန်၍ ပျက်စီးတတ်သဖြင့် စင်ပေါ်တွင်ဖြစ်စေ၊ တုံးခံ၍ဖြစ်စေ၊ ဝါးကပ်ခင်း၍ဖြစ်စေ တင်ထားရန်လိုအပ်သည်။ ဝါစေ့များကို မစိုက်ပျိုးမီ ၁၅ ရက်ခန့် ကြိုတင်၍ အပင်ပေါက်စမ်းသပ်ကြည့်ပြီး ဝါစေ့ ၁၀၀ လျှင် ၇၅ စေ့ အပင်ပေါက်မှ မျိုးအဖြစ် အသုံးပြုရမည်ဖြစ်သည်။

**မြေအမျိုးအစားရွေးချယ်ခြင်း**

ဝါသီးနှံ စိုက်ပျိုးဖြစ်ထွန်းမှုကောင်းသော နုန်းမြေ၊ သဲနုန်းမြေ၊ နုန်းစနယ်မြေ၊ သဲစနယ်မြေ၊ စနယ်မြေစေး တို့တွင် စိုက်ပျိုးနိုင်ပြီး မြေချဉ်ငန်ဓာတ် ၆ မှ ၆ ဒသမ ၅ ရှိရပါမည်။ ဆပ်ပြာ၊ ယမ်းစိမ်းမပေါက်သောမြေဖြစ်ရပါမည်။

**စိုက်ချိန်မှန်ကန်စေခြင်း၊ ထယ်ရေးနက်နက်နှင့် ညက်ညက်ရအောင်ဆောင်ရွက်ခြင်း**

ဝါသီးနှံကို မိုးကြို၊ မိုး၊ မိုးနှောင်းရာသီတို့တွင် စိုက်ပျိုးလျက်ရှိရာ ဆည်ရေသောက်ဒေသများတွင် မိုးကြိုရာသီစိုက်ဝါကို ဖေဖော်ဝါရီလလယ်မှ မတ်လလယ်အတွင်းစိုက်ပျိုးရမည်ဖြစ်ပြီး မိုးကောင်းသောက်ဧရိယာများတွင် မိုးရာသီစိုက်ဝါကို မေလလယ်မှ ဇွန်လကုန်အတွင်း၊ မိုးနှောင်းရာသီစိုက် ဝါကို ဇူလိုင်လလယ်မှ ဩဂုတ်လလယ်အတွင်း အပြီးရာသီချိန်မီစိုက်ပျိုးရန် လိုအပ်ပါသည်။ ဝါစိုက်ထယ်ရေးအဖြစ် ထယ်နှစ်စပ်(ခါ)ထိုးပြီး စက်ထွန်နှစ်စပ်(ခါ)(သို့) နွားထွန် လေးစပ်(ခါ)ထွန်မွှေပေးခြင်းဖြင့် ထယ်ရေးနက်နက်နှင့်ညက်ညက်ရအောင်ဆောင်ရွက်ရပါသည်။ ဤသို့မြေကို စနစ်တကျထွန်ယက်စိုက်ပျိုးခြင်းဖြင့် မြေအတွင်းအစိုဓာတ်ကို ကောင်းစွာထိန်းနိုင်ခြင်း၊ မြေအတွင်းလေဝင်လေထွက်ကောင်းခြင်း၊ မြေအတွင်း အကျိုးပြုပိုးများလှုပ်ရှားနိုင်ခြင်းကြောင့် အပင်အတွက် အာဟာရဓာတ်ကောင်းစွာရရှိနိုင်ခြင်း၊ ပေါင်းမြက်များကိုသေစေနိုင်ခြင်းနှင့် အပင်၏အမြစ်ဖွံ့စည်းမှု ကောင်းစေခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိစေသည်။ မြေအတွင်းရှိ အစိုဓာတ်မပျက်စေရန် ကျမ်းတုံးဖြင့် မြေကိုဖိ၍ ညီညာအောင်ညှိပြီး စိုက်ကြောင်းဆွဲပေးရပါမည်။

**တစ်ဧက သတ်မှတ်အပင်ဦးရေပြည့်မီအောင် ဆောင်ရွက်ခြင်း**

တစ်ဧကတွင် ဝင်ဆံ့ရမည့် သတ်မှတ်အပင်ဦးရေ ပြည့်မီအောင် ဆောင်ရွက်ခြင်းသည် အထွက်နှုန်းတိုးတက်ရန်အတွက် အရေးကြီးသည်။ သို့ဖြစ်၍ မိမိစိုက်ပျိုးသည့် မြေအမျိုးအစားအလိုက် သတ်မှတ်အပင်ဦးရေပြည့်မီရေး ပင်ကြား၊ တန်းကြားအကွာအဝေးကို ရွေးချယ်စိုက်ပျိုးရမည်ဖြစ်သည်။ ဝါစိုက်ပျိုးမည့်မြေသည် မြေကောင်းဖြစ်ပါက တန်းကြား (တစ်တန်းနှင့် တစ်တန်းအကွာအဝေး) ၃ ပေ၊ ပင်ကြား (တစ်ကျင်းနှင့် တစ်ကျင်းအကွာအဝေး) ၃ ပေဖြင့်လည်းကောင်း၊ မြေသင့်ဖြစ်ပါက တန်းကြား ၃ ပေ၊ ပင်ကြား ၂ ပေဖြင့်လည်းကောင်း၊ မြေညံ့ဖြစ်ပါက တန်းကြား ၂ ဒသမ ၅ ပေ၊ ပင်ကြား ၂ ဒသမ ၅ ပေဖြင့် လည်းကောင်း စိုက်ပျိုးသင့်သည်။ စိုက်ပေါင်ဖော်ပြီးပါက သတ်မှတ်ထားသည့် ပင်ကြား၊ တန်းကြား အကွာအဝေးအတိုင်း တစ်ကျင်းလျှင် ဝါမျိုးစေ့ သုံးစေ့ထက်မပိုဘဲ မြေချစိုက်ပျိုးပြီး မျိုးစေ့များ အပေါ်တွင် မြေပါးပါးပြန်ဖုံးပေးရပါမည်။ စိုက်ပျိုးပြီး သုံးရက်မှ ငါးရက်အကြာ ဝါပင်ပေါက်စုံလျှင် မပေါက်သည့်နေရာ ကျင်းလပ်များအား အမြန်ဆုံး မျိုးစေ့ချ၍ အစိုဓာတ်ရအောင်ဆောင်ရွက်ပြီး ပြန်လည်ဖာထေးစိုက်ပျိုးရပါမည်။ ဝါကောက်ချိန်တွင် သတ်မှတ်အပင်ဦးရေ၏ ၈၅ ရာခိုင်နှုန်းပြည့်မီစွာ ဝါကောက်သိမ်းနိုင်ရေးအတွက် ဝါပင်များအသေအပျောက်မရှိစေရေးကို အလေးထားစီစဉ်ဆောင်ရွက်ရပါမည်။

**သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာတွဲဖက်၍ အချိန်ကိုက် အချိုးကျထည့်သွင်းအသုံးပြုခြင်း**

ဝါသီးနှံစိုက်ပျိုးရာတွင် ဝါအထွက်နှုန်းတိုးတက်ရေးနှင့် ဂွမ်းမွေးအရည်အသွေးကောင်းမွန်ရေးတို့အတွက် သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာတို့ကို အချိန်ကိုက် အချိုးကျ တွဲဖက်ထည့်သွင်းအသုံးပြုရေးသည် အရေးပါသောလုပ်ငန်းတစ်ခုဖြစ်သည်။ သို့ဖြစ်၍ တစ်ဧကလျှင် သဘာဝမြေဩဇာ နွားချေးလှည်း ၁၀ စီး၊ ကွန်ပေါင်းမြေဩဇာအိတ်ဝက်နှင့် ပိုတက်မြေဩဇာအိတ်ဝက်ကို မြေခံအဖြစ်လည်းကောင်း၊ အပိန့်ဝင်ချိန်တွင် ကွန်ပေါင်းအိတ်ဝက်၊ ယူရီးယားအိတ်ဝက်နှင့် ပိုတက်အိတ်ဝက်ရောပြီး အပင်ခြေမှ ၆ လက်မအကွာတွင်လည်းကောင်း၊ ပန်းပွင့်ချိန်တွင် ကွန်ပေါင်းအိတ်ဝက်နှင့် ယူရီးယားတစ်အိတ်ရောပြီး အပင်ခြေမှ ၈ လက်မအကွာတွင်လည်းကောင်း၊ ဝါသီးကြီးထွားမှုနောက်ပိုင်းကာလ ၇၅-၈၀ ရက်သားတွင် ကွန်ပေါင်းအိတ်ဝက်နှင့် ယူရီးယားတစ်အိတ်ရောပြီး အပင်ခြေမှ ၈ လက်မအကွာတွင်လည်းကောင်း အချိန်ကိုက် အချိုးကျထည့်သွင်းပေးရန်လိုအပ်သည်။ ပိုတက်ဆီယမ်ရွက်ဖျန်းမြေဩဇာ၊ အနည်းလို အာဟာရဘိုရွန်ရွက်ဖျန်းမြေဩဇာနှင့် ဇင့်ရွက်ဖျန်းမြေဩဇာများ ဖြည့်စွက်အသုံးပြုနိုင်သည်။ ဝါသီးနှံစိုက်ပျိုးရာတွင် တစ်ဧကအထွက်နှုန်းတိုးတက်စေရန်အတွက် ဓာတ်မြေဩဇာများစနစ်တကျသုံးစွဲရန် လိုအပ်သကဲ့သို့ သဘာဝမြေဩဇာများကိုလည်း မဖြစ်မနေတွဲဖက်အသုံးပြုရန်လိုအပ်ပါသည်။ **စာမျက်နှာ ၁၀ သို့●**

❖ **ဝါစိုက်ပျိုးရာတွင် ထည့်သွင်းရမည့် သွင်းအားစုများအနက် မျိုးကောင်းမျိုးသန့်အသုံးပြုစိုက်ပျိုးခြင်းသည် အဓိကကျသောအချက် ဖြစ်သည်။ မည်မျှပင်ကောင်းမွန်သော စိုက်ပျိုးနည်းစနစ်များကို အသုံးပြုပါစေ "မျိုးစေ့မမှန် ပင်မသန်"ဆိုသည့် ဆိုရိုးစကားအတိုင်း မျိုးကောင်းမျိုးသန့်အသုံးပြု စိုက်ပျိုးထားခြင်းမဟုတ်ပါက မျှော်မှန်း အထွက်နှုန်းနှင့် အကျိုးအမြတ်ရရှိနိုင်မည်မဟုတ်ပါ။**

● စာမျက်နှာ ၉ မှအဆက်

သဘာဝမြေဩဇာအားသုံးစွဲခြင်းဖြင့် အဓိကလိုအပ်သော အာဟာရဓာတ်၊ သာမန်လိုအပ်သော အာဟာရဓာတ်နှင့် အနည်းလိုအာဟာရဓာတ်များစုံလင်စွာရရှိနိုင်ခြင်း၊ မြေအတွင်း အဏုဇီဝသက်ရှိများ လှုပ်ရှားဆောင်ရွက်မှုကောင်းမွန်စေခြင်း၊ မြေဆီလွှာဖွဲ့စည်းပုံ တိုးတက်ကောင်းမွန်စေခြင်းနှင့် ပတ်ဝန်းကျင် ညစ်ညမ်းမှုကို လျှော့ချနိုင်ပြီး စိုက်ပျိုးရေးတိုးတက်မှုကို ရေရှည်တည်တံ့စေမည်ဖြစ်သည်။

**အချိန်မီအပင်သားခွဲခြင်း**

ရွက်ဆစ် ၃-၄ ရွက်ထွက်ချိန်တွင် စိုက်ပြီး ၁၈-၂၁ရက်အတွင်း စိုက်ကျင်းတစ်ကျင်းလျှင် နှစ်ပင်ချန်၍ သားခွဲခြင်းလုပ်ငန်းကို ဆောင်ရွက်ရမည်။ စနစ်တကျနှင့် အချိန်မီသားခွဲခြင်းဖြင့် ဝါပင်ပုံမှန်ဖြစ်ထွန်းစေခြင်း၊ သီးကိုင်းများ ပုံမှန်ကြီးထွားခြင်း၊ ဂွမ်းနှင့် ဝါစေ့အရည်အသွေးကောင်းမွန်ပြီး အထွက်နှုန်းကောင်းမွန်စေမည်ဖြစ်သည်။

**ပေါင်းမြက်နှိမ်နင်းခြင်း၊ ကြားထွန်ဝင်ခြင်း**

အပင်ငယ်စဉ် မြစ်စဉ်ထုအား ကြီးထွားမှုမြန်ပြီး အပင်ပိုင်း ကြီးထွားမှုနှေးသဖြင့် ဝါပင်သက်တမ်းနှစ်လအတွင်း ပေါင်းမြက် မအုပ်မိစေရန်အတွက် ငယ်ပေါင်းနှိမ်နင်းရန် အထူးလိုအပ်သည်။ နောက်ပိုင်းကြားထွန်ဝင်ခြင်းကို ၁၅ ရက်တစ်ကြိမ်(သို့) ရေသွင်းပြီးတိုင်း၊ မိုးရွာပြီးတိုင်း၊ ပေါင်းမြက်ထတိုင်းဆောင်ရွက်ရပါမည်။ ကြားထွန်ဝင်ခြင်းကို အပင်ခြေမှ အနည်းဆုံး ၆ လက်မခွာ၍ ပြုလုပ်ရမည်။ ဝါပင်သက်တမ်းတစ်လျှောက် ပေါင်းမြက်ကင်းစင်ရန်လိုအပ်သည်။

**အစိုဓာတ်ထိန်းသိမ်းရန်ဆောင်ရွက်ခြင်း၊ လိုအပ်သလို ရေသွင်း၊ ရေထုတ်ပြုလုပ်ခြင်း**

ဖြည့်စွက်ရေသည် ဝါအထွက်နှုန်းတိုးတက်ရေးအတွက် အရေးကြီးသော သွင်းအားစုတစ်ခုဖြစ်သည်။ ရေပေးသွင်းခြင်းကို ဝါစိုက်ရာသီအလိုက်၊ အစိုဓာတ်လိုအပ်ချက်အလိုက် မိုးကြိုရာသီတွင် စိုက်ရေ တစ်ကြိမ်၊ အပင်ဖြစ်ရေ ၄-၅ ကြိမ် သွင်းပေးခြင်းနှင့် မိုးနှောင်းရာသီတွင် ဖြည့်စွက်ရေ ၂-၃ ကြိမ် သွင်းပေးရမည်။ အပင်ကြီးထွားဖြစ်ထွန်းချိန်ကာလအတွင်း မိုးများ၍ ရေဝပ်နေလျှင် ရေထုတ်ပေးခြင်း၊ အထူးသဖြင့် အပင်ငယ်စဉ်တွင် ရေမဝပ်စေရန်နှင့် ရေပို၊ ရေလျှံများ အမြန်ဆုံး ထုတ်ပေးခြင်းတို့ ဆောင်ရွက်ရမည်။ အပိန့်စတင်ခါနီး အချိန်၊ ပန်းစပွင့်ချိန်၊ ပန်းပွင့်ဖြိုင်ချိန်နှင့် ဝါသီးကြီးထွားချိန်တို့တွင် အစိုဓာတ်လုံလောက်စွာမရပါက ရေသွင်းရန်လိုအပ်ပါသည်။

**ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းခြင်း**

ဝါသီးနှံ၏အထွက်နှုန်းကိုလျော့ကျစေသော အချက်များတွင် ပိုးမွှားရောဂါကျရောက်မှုသည် အဓိကအချက်ဖြစ်သဖြင့် ပိုးမွှားရောဂါကျရောက်မှုကို စနစ်တကျ ကာကွယ်နှိမ်နင်းရန် အရေးကြီးပါသည်။ ဝါသီးနှံတွင်ကျရောက်တတ်သော ပိုးများမှာ အရွက်များတွင်ကျရောက်တတ်သော ဖြုတ်စိမ်း၊ ပျ၊ ယင်ဖြူ၊ ရွက်လိပ်၊ ရွက်စားပိုးများနှင့် သီးပွင့်အင်္ဂါများတွင် ကျရောက်တတ်သော အစိမ်းရောင်သီးလုံးဖောက်ပိုး၊ ပန်းရောင်သီးလုံးဖောက်ပိုး၊ အစက်အပြောက်သီးလုံးဖောက်ပိုး၊ ဝါဂွမ်းပိုးနီနှင့် ပင်စည်တွင်ကျရောက်တတ်သော ပင်စည်ထိုးကျိုင်းတို့ဖြစ်သည်။ ထို့ကြောင့် အပင်ငယ်စဉ်တွင် ကျရောက်တတ်သော ပိုးမွှားရောဂါများကိုကာကွယ်ရန် မျိုးစေ့လူးနယ်ဆေး လူးနယ်ထားသော မျိုးစေ့ကို စိုက်ပျိုးရမည်။ ဝါပင် ၅၀ ရက်သားအထိ စုပ်စားပိုးကာကွယ်ဆေးနှစ်ကြိမ်နှင့် ဝါပင် ၆၀ ရက်သား နောက်ပိုင်း ဝါဂွမ်းပိုးနီ၊ ရွက်လိပ်ရွက်စားပိုးနှင့် စုပ်စားပိုးကာကွယ်ဆေးလေးကြိမ် ပက်ဖျန်းရမည်ဖြစ်ပြီး လိုအပ်ပါက အခြားပိုးများအတွက်လည်း ဆေးဖျန်းကာကွယ်ရပါမည်။ ထို့ပြင် ဘက်စုံပိုးမွှားကာကွယ်နှိမ်နင်းနည်းများကိုလည်း အသုံးပြုရန်လိုအပ်သည်။ ပိုးသတ်ဆေးများကို ကျရောက်သော ပိုးအမျိုးအစားအလိုက် တစ်ဧကသုံးစွဲရမည့်နှုန်းထားအတိုင်း မှန်ကန်စွာသုံးစွဲရန်ဖြစ်သည်။ ပိုးသတ်ဆေးများကို ကိုင်တွယ်ပက်ဖျန်းသည့်အခါတိုင်း လက်အိတ်၊ နှာခေါင်းစည်း၊ ဖိနပ်များကို ပြည့်စုံစွာဝတ်ဆင်ရမည်။ ဆေးဖျန်းလုပ်သားသည် အမြဲတမ်း လေတင်မှနေ၍ ဖျန်းရမည်။

**စနစ်တကျဝါကောက်သိမ်းခြင်းနှင့် ရိတ်သိမ်းချိန်လွန်နည်းပညာများကိုလိုက်နာခြင်း**

ဝါစိုက်တောင်သူများအနေဖြင့် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းများမှာ ဝါခင်းအတွင်း၌ ဝါသီး ၃၀ ရာခိုင်နှုန်းကွဲချိန်တွင် စတင်ကောက်သိမ်း၍ကောင်းစွာခြောက်သွေ့သော ဝါပေါက်များကို အလေအလွင့်မရှိအောင် ကောက်သိမ်းရမည်။ ဝါကောင်းနှင့် ကြွယ်ဝါကို ခွဲခြားကောက်သိမ်းရမည်။ ဝါကို ၁-၂ ရက်ခန့် နေလှန်းပြီးမှသာ သိုလှောင်သိမ်းဆည်းရမည်။ အလွန်ပူသော နေ့လယ်ခင်း၊ အလွန်စိုစွတ်သော ရာသီဥတုအခြေအနေများနှင့် မိုးရွာပြီးစအချိန်တို့တွင် ဝါကောက်သိမ်းခြင်းမပြုလုပ်သင့်ပါ။ ကောင်းစွာခြောက်သွေ့သော ဝါပေါက်ကိုကောက်သိမ်းခြင်းသည် ဝါစေ့များတွင် အစိုဓာတ်ပါဝင်မှုနည်းပြီး မျိုးစေ့အပင်ပေါက်မှုစွမ်းရည်ကောင်းမည်။ ဝါကောင်းမှ အရည်အသွေးကောင်း ဝါမျိုးစေ့များရရှိမည်။

ဝါကြိတ်ခွဲသူများအနေဖြင့် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းများမှာ ဝါကြိတ်ခွဲသူများအနေဖြင့် ဝါအရည်အသွေး စစ်ဆေးဝယ်ယူခြင်းနှင့် အရည်အသွေးကောင်းဝါများကို ဈေးကောင်းသတ်မှတ်ဝယ်ယူခြင်းများ ဆောင်ရွက်ရန်လိုအပ်ပါသည်။ ဝါ၏ပင်ကိုအရည်အသွေး ထိန်းသိမ်းနိုင်ရန် ချည်မျှင်တို၊ ချည်မျှင်လတ်၊ ချည်မျှင်ရှည်ခွဲခြား၍ ကြိတ်ခွဲခြင်း၊ ဝါမျိုးအလိုက် ခွဲခြားသိုလှောင်ပြီး အရောင်အစွန်းအထင်းပါသော ဝါပေါက်များကို ဖယ်ရှားသန့်စင်ပြီးမှ ကြိတ်ခွဲခြင်း၊ မျိုးတစ်မျိုးနှင့်တစ်မျိုး ပြောင်းလဲကြိတ်ခွဲပါက မျိုးကွဲများရောနှောခြင်းမရှိစေရန်အတွက် စက်အစိတ်အပိုင်းများအားလုံးကို စနစ်တကျ အသေးစိတ် သန့်စင်ပြီးမှ ကြိတ်ခွဲခြင်းတို့ကို ဆောင်ရွက်ရမည်။ ကြိတ်ခွဲပြီး ဂွမ်းများအား ကူးစက်ညစ်ညမ်းမှုများမရှိစေရန် စနစ်တကျ ထုပ်ပိုးသိုလှောင်ခြင်း၊ မျိုးစေ့များကို ဆန်ခါချ၍ လုံးပိန်၊ လုံးညှက်၊ အရောင်ပျက်များ ဖယ်ရှားခြင်းတို့ ဆောင်ရွက်ရမည်။

သို့ဖြစ်ပါ၍ ဝါစိုက်တောင်သူများ၊ ဝါကြိတ်ခွဲထုတ်လုပ်သူများ၊ တစ်ဦးချင်းအနေဖြင့် အထက်ပါနည်းစနစ်များကို သိရှိလိုက်နာဆောင်ရွက်လာခြင်းဖြင့် တစ်ဧကအထွက်နှုန်းတိုးတက်၍ တစ်ဦးချင်းဝင်ငွေတိုးတက်လာစေမည်ဖြစ်ကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ထို့ပြင် ဝါစိုက်ပျိုးထုတ်လုပ်မှုတိုးတက်လာမည်ဖြစ်ပြီး ပြည်တွင်းဝါလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ခြင်းအပြင် ပြည်ပသို့တင်ပို့ရောင်းချနိုင်ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိ၍ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေမည်ဖြစ်ပါသည်။ ။

## စာသင်အရွယ်ကလေးငယ် ကျောင်းထားကြစို့ကွယ်

❖ နိုင်ငံတော်အစဉ်တိုးတက်ရေး
ရည်မြော်တွေးဆောင်ရွက်လာ။
စာသင်ရွယ်ကလေးငယ်အပေါင်း
ကျောင်းသို့ပို့ပါ။
နိုင်ငံတော်၏ စေတနာ
အသေချာ အလေးထားမှတ်။
မိဘတွေတာဝန်ရှိသမို့
သတိမှာ မလစ်ဟင်းရအောင်
ချက်ချင်းသာအပ်။

❖ ပညာသည် မြတ်ရွှေအိုး
လူခိုးလို့ မရပေ။
ခနဦစွာ များစွာလည်း
ခိုင်မြဲမနေ။
ကုဋေရှစ်ဆယ်သူဌေးသားတဲ့
ရှေးစကား အသွင်ပါလေ
ပညာတွေ မသင်ငြား။
မြောက်ပင့်ကာအပေါင်းအသင်းဖျက်သော်ကြောင့်
ထောက်မချင့်သာမကောင်းသတင်းထွက်တယ်
လွဲချက်အမှား။

❖ နောင်တစ်ခေတ်မှာ ခေါင်းဆောင်ဖို့
ကောင်းအောင်လို့ပြုပြင်။
အသိအတတ် ပညာရပ်
လေ့မှတ်ကာသင်။
အရာရာမို့ တွေးဆင်ခြင်
လမ်းကောင်းတွင် လျှောက်ဖို့အရေး။
လူငယ်တွေ ဘက်စုံတော်စေဖို့
တက်ကုန်လှော် အခြေမယွင်းအောင်ပ
သီတင်းတစ်ပတ်မှာ လျင်မြန်သွားလို့
ကျောင်းထားစို့လေး။ ။

**မောင်မောင်အေး(ဘိုကလေး)**

# တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာလုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၂/ ၂၀၂၅) ကျင်းပ


ပဲခူး မေ ၂၆

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ မေလ၂၆ရက်နံနက်ပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ဦးဆောင်၍ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာလုပ်ငန်း ညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၂/၂၀၂၅) ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များကို ထပ်ဆင့်ရှင်းလင်း ပြောကြားသည်။

ထို့နောက်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ စီမံကိန်းရည်မှန်းချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့မှုများ၊ ပညာရေး၊ ကျန်းမာရေး၊ သာသနာရေးဆိုင်ရာကိစ္စရပ်များ၊ လမ်းတံတားနှင့် တည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များကို အသီးသီးဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ တက်ရောက်လာသည့် တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက



တင်ပြချက်များနှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်မှုတစ်ခုချင်းအလိုက်အသေးစိတ် ဖြည့်စွက်မှာကြားကြောင်း သိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

# နိုင်ငံတော်နှင့်ပြည်သူတို့၏ အားကိုးအားထားပြုရမည့် နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်စေရေး အမြဲနှလုံးသွင်းကြိုးစားကျင့်ကြံဆောင်ရွက်သွားကြရန် မှာကြား

နေပြည်တော် မေ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် အုန်းတောကျေးရွာရှိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်း) A.G.T.I ဒီပလိုမာ သင်တန်းအမှတ်စဉ်(၁၈) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဒီဂရီကောလိပ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(စစ်ကိုင်း)ကို စတင်ဖွင့်လှစ်သည့်အချိန်မှ ယနေ့အထိ ဝိဇ္ဇာဘွဲ့ ၅၆၀၊ သိပ္ပံဘွဲ့ ၉၈၁ ဦး၊ B.Tech ဘွဲ့ ၁၃၉ ဦး၊ အင်ဂျင်နီယာဒီပလိုမာ ၈၅၈ ဦးစုစုပေါင်း ၂၅၃၈ ဦးတို့ကိုပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်ခဲ့ပြီး ၎င်းတို့အနက်သက်ဆိုင်ရာဝန်ကြီးဌာနများမှ အားပေးထောက်ပံ့လေ့ကျင့်သင်ကြားပေးမှု ကျောင်းသား၊ ကျောင်းသူများ၏ စဉ်ဆက်မပြတ် ကြိုးစားအားထုတ်လေ့လာမှုများကြောင့် ယခုအခါ မဟာဝိဇ္ဇာဘွဲ့ ၁၁၁ ဦး၊ မဟာသိပ္ပံဘွဲ့ ၂၁၆ ဦး၊ Ph.D ဘွဲ့ ၃၂ ဦး၊ B.E ဘွဲ့ ၆၂၅ ဦး၊ M.E ဘွဲ့ ၃၄ ဦး၊ B.Tech ဘွဲ့ ၂၀၇ ဦး ရရှိပြီး ဆက်လက်လေ့လာသင်ယူဆဲ ကျောင်းသား၊ ကျောင်းသူများလည်းရှိနေကြောင်း။

နိုင်ငံ့ဝန်ထမ်းများအဖြစ် နယ်စပ်ဒေသအသီးသီးတွင် တာဝန်ထမ်းဆောင်ကြရာ၌ မူလလုပ်ငန်းတာဝန်များအပြင် ဒေသခံတိုင်းရင်းသားလူမျိုးများ၏ စာပေ၊ ရိုးရာ၊ ဓလေ့ထုံးစံအမွေအနှစ်များကို လေးစားလိုက်နာကာ အစဉ်မြတ်နိုးစွာ ဝိုင်းဝန်းထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြရန်၊ နိုင်ငံတော်နှင့်ပြည်သူတို့၏ အားကိုးအားထားပြုရမည့်နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်စေရေး အမြဲနှလုံးသွင်း ကြိုးစားကျင့်ကြံဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အင်ဂျင်နီယာဘာသာရပ် ထူးချွန်ဆုရရှိသူ ကျောင်းသား၊ ကျောင်းသူများအား ထူးချွန်ဆုပေးအပ်ချီးမြှင့်ပြီး ဝန်ကြီးဌာနခြောက်ခုတို့မှ ကိုယ်စားလှယ်များက သင်တန်းဆင်း ကျောင်းသား၊ ကျောင်းသူ ၉၃ ဦးတို့ကို အလုပ်ခန့်အပ်လွှာများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည်ဧည့်သည်တော်များ၊ ဆရာ၊ ဆရာမများ၊ သင်တန်းဆင်း ကျောင်းသား၊ ကျောင်းသူများနှင့် ၎င်းတို့၏ မိသားစုဝင်များကို ခင်မင်ရင်းနှီးစွာနှုတ်ဆက်ကြပြီး ထူးချွန်ဆုရ ကျောင်းသားနှင့် ၎င်း၏ မိဘများအားတွေ့ဆုံဂုဏ်ပြုအားပေးစကားပြောကြားကာ သင်တန်းဆင်း ကျောင်းသား၊ ကျောင်းသူများနှင့် အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အလုပ်တာဝန်ပေးခန့်အပ်မည့် ဝန်ကြီးဌာနခြောက်ခုမှကိုယ်စားလှယ်များ၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(စစ်ကိုင်း)မှ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခ / ဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ သင်တန်းဆင်း ကျောင်းသား၊ ကျောင်းသူများနှင့် ၎င်းတို့၏မိသားစုဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည်ဒီဂရီကောလိပ်အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ပါမောက္ခ/ဌာနမှူးများနှင့်တွေ့ဆုံ၍ ကျောင်းအုပ်ကြီးက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ခွင့်ပြုငွေဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းဆိုင်ရာများ တင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒီဂရီကောလိပ်အတွင်းရှိ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုပြခန်း၊ ကျောင်းသား၊ ကျောင်းသူ အိပ်ဆောင်များ၊ စားရိပ်သာများ၊ လေးထပ်အင်ဂျင်နီယာ အလုပ်ရုံတွင်ကျောင်းသား၊ကျောင်းသူများ၏ လက်တွေ့ဆောင်ရွက်နေမှုများ၊ ငါးခူ မွေးမြူရေး ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် အားကစားကွင်းအဆင့်မြှင့်တင်ခြင်း ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် သင်တန်းဆင်း ကျောင်းသား၊ ကျောင်းသူများအား ဘွဲ့နှင်းသဘင်ခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပြီး ကျောင်းသား၊ ကျောင်းသူများ၏ ဖျော်ဖြေရေးအစီအစဉ်များကို ကြည့်ရှုအားပေး၍ ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

မြဝတီ

# နိုင်ငံတော်အတွက် အဖိုးထိုက်တန်သောရေနံမြေသစ်တစ်ခု ရှာဖွေဖော်ထုတ်နိုင်မည့် ကွင်းဆင်းလေ့လာမှုမှတ်တမ်းတစ်ခုရရှိအောင် အတူတကွပူးပေါင်းဝိုင်းဝန်း ကြိုးစားဆောင်ရွက်ကြရန်မှာကြား



နေပြည်တော် မေ ၂၆

ကလောအနည်ကျချိုင့်ဝှမ်း(Kalaw Basin) အတွင်း ရေနံနှင့်သဘာဝဓာတ်ငွေ့ ခိုအောင်းနိုင်သည့်နေရာများ ရှာဖွေဖော်ထုတ်နိုင်ရေး ပထမအကြိမ်ပဏာမစူးစမ်းလေ့လာခြင်းလုပ်ငန်း ကွင်းဆင်းဆောင်ရွက်ကြမည့်ပူးပေါင်းအဖွဲ့များအား တွေ့ဆုံအားပေးခြင်းနှင့် စခန်းချအောင်နိုင်ရေးအလံပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ ကျင်းပသည်။

ဦးစွာပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်က မိမိတို့နိုင်ငံအတွင်း ကုန်းတွင်းအနည်ကျချိုင့်ဝှမ်း ၁၄ ခုရှိပြီး ရေနံနှင့်သဘာဝဓာတ်ငွေ့ကောင်းစွာရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ခြင်းမပြုလုပ်ရသေးသည့် အနည်ကျချိုင့်ဝှမ်းကိုးခုရှိကြောင်း၊ ၎င်းတို့အနက်မှ ကလောအနည်ကျချိုင့်ဝှမ်း (Kalaw Basin)တွင် ယခုကွင်းဆင်းလေ့လာခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ယခင်က ကုန်းတွင်းရေနံမြေများ ရှာဖွေဖော်ထုတ်ရာတွင် အနေအထားဘူမိဗေဒ (Structural Geology) လေ့လာရန်အတွက် ကောင်းကင်ဓာတ်ပုံ (Aerial Photo) များကိုသာအသုံးပြုခဲ့ရပြီး ယခုအခါတိုးတက်လာသည့် Remote Sensing နည်းပညာများကိုအသုံးပြုပြီး Satellite Image များကိုအသုံးပြုလာနိုင်သဖြင့် ရေနံနှင့်သဘာဝဓာတ်ငွေ့များရှာဖွေရာတွင် အထောက်အကူပြုလာနိုင်ပြီး ပိုမိုလွယ်ကူစွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ယခုကွင်းဆင်းလေ့လာခြင်းသည် ပဏာမစူးစမ်းလေ့လာခြင်းအဆင့်သာဖြစ်ပြီး ဆက်လက်၍ အသေးစိတ်ထပ်မံလေ့လာဆန်းစစ်ခြင်းများဆောင်ရွက်သွားစေလိုကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ကွင်းဆင်းလေ့လာမှုများအတွက် လိုအပ်သည်များကို ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း၊ အခက်အခဲများကြားမှ ရရှိလာသည့်အခွင့်အရေးကို အကျိုးရှိရှိအသုံးချ၍ နိုင်ငံတော်အတွက် အဖိုးထိုက်တန်သော ရေနံမြေသစ်တစ်ခု ရှာဖွေဖော်ထုတ်နိုင်မည့် ကွင်းဆင်းလေ့လာမှုမှတ်တမ်း (Field Report) တစ်ခုရရှိအောင် အတူတကွပူးပေါင်းဝိုင်းဝန်း ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း မှာကြားသည်။

ဆက်လက်၍ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ရန်ကုန်တက္ကသိုလ် ဘူမိဗေဒဌာနမှ ပါမောက္ခ(ဌာနမှူး)တို့က ကွင်းဆင်းဆောင်ရွက်ကြမည့်ပူးပေါင်းအဖွဲ့အား လိုအပ်သည်များမှာကြားပြီး ပြည်ထောင်စုဝန်ကြီးက ကွင်းဆင်းဆောင်ရွက်ကြမည့် ပူးပေါင်းအဖွဲ့အား စခန်းချအောင်နိုင်ရေးအလံပေးအပ်ပြီး စားသောက်ဖွယ်ရာများကိုထောက်ပံ့ပေးအပ်ကာ အမှတ်တရမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြသည်။

အခမ်းအနားသို့ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ရန်ကုန်တက္ကသိုလ် ဘူမိဗေဒဌာနမှ ပါမောက္ခ (ဌာနမှူး)၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ဘူမိဗေဒပညာရှင်များ တက်ရောက်ကြကြောင်းသိရသည်။ မြဝတီ

## နိုင်ငံရေးပါတီတည်ထောင်ခွင့် လျှောက်ထားခြင်းများကို စိစစ်ခွင့်ပြုပေးလျက်ရှိ

နေပြည်တော် မေ ၂၆

နိုင်ငံရေးပါတီတည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီအမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့အထိ ပါတီတည်ထောင်ခွင့်လျှောက်ထားလာသည့်အဖွဲ့ ၂၇ ဖွဲ့ရှိပြီး ယင်းသို့ လျှောက်ထားသည့်အဖွဲ့များအနက် **ချင်းပြည်သစ်ကွန်ဂရက်ပါတီ**သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကော်မရှင်က ယနေ့တွင် နိုင်ငံရေးပါတီ တည်ထောင်ခွင့်လျှောက်ထားချက်ကို ခွင့်ပြုလိုက်ကြောင်း သိရှိရသည်။

ပါတီတည်ထောင်ခွင့်ရရှိသော **ချင်းပြည်သစ်ကွန်ဂရက်ပါတီ** သည် ခွင့်ပြုချက်ရရှိသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားရမည်ဖြစ်သည်၊ ယနေ့အထိ တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၁၆ ပါတီ ဖြစ်ကြောင်း သတင်းရရှိသည်။ မြဝတီ

# ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ တက်ရောက်ဖွင့်လှစ်

မြစ်ကြီးနား မေ ၂၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူသည် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၇ နာရီခွဲတွင် မြစ်ကြီးနားမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပသည့် ကချင်ပြည်နယ် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားသို့တက်ရောက်သည်။




ဦးစွာ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဘင်ခရာ၊ ပန်းဖွားအဖွဲ့များက မြန်မာ့ကျောင်းသီချင်းဖြင့်ဖျော်ဖြေတင်ဆက်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အမျိုးသမီးရေးရာနှင့်မိခင်နှင့်ကလေးစောင့်ရှောက်မှုအဖွဲ့နာယက၊ ပြည်နယ်ဝန်ကြီးချုပ်၏ဇနီးနှင့်ပြည်နယ်ပညာရေးမှူးတို့က ကချင်ပြည်နယ် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် မြစ်ကြီးနားမြို့ပေါ်အခြေခံပညာအထက်တန်းကျောင်းများမှကျောင်းသူ ၂၀၀ တို့က ကဗျာလွတ်အကဖြင့် ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြပြီး ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ ကျောင်းအပ်လက်ခံ ဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို အဆိုပါကျောင်း အေးမြသီတာခန်းမ၌ ဆက်လက်ကျင်းပရာ ကျောင်းသား၊ ကျောင်းသူလေးများက မြန်မာ့ကျောင်းတေးသီချင်း၊ ဆီမီးခွက်အကတို့ဖြင့် သီဆို/ကပြဖျော်ဖြေဖွင့်လှစ်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က အမှာစကားပြောကြား၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ၊ ပြည်နယ်ဥပဒေချုပ်တို့က ကျောင်းသား၊ ကျောင်းသူများအား အတန်းစဉ်အလိုက် အခမဲ့ပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများကို ထောက်ပံ့ပေးအပ်ကြသည်။

ထို့နောက် အခြေခံပညာအလယ်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူလေးများ၏ "ကျောင်းတက်မယ်"တေးသီချင်းသရုပ်ဖော်နှင့် "ဇာတိမာန်"သီချင်းဖြင့် သီဆိုဖျော်ဖြေမှုတို့ကို ကြည့်ရှုအားပေးကြပြီး ခန်းမအတွင်း ပြသထားသည့် သင်ထောက်ကူပစ္စည်းများနှင့် ပညာရေးစွမ်းရည်ပြခန်းငယ်များ၊ ဓာတ်ပုံပြခန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မန္တလေးမြေငလျင်ဘေးသင့်ဒေသများတွင်အသုံးပြုရန် အိန္ဒိယနိုင်ငံမှ ဘိလပ်မြေ ၂၂၅ တန် ပေးပို့လှူဒါန်း



ရန်ကုန် မေ ၂၆

မြန်မာနိုင်ငံတွင်ဖြစ်ပွားခဲ့သည့် မန္တလေးမြေငလျင်ကြီးကြောင့်ထိခိုက်ပျက်စီးခဲ့သည့် ငလျင်ဘေးသင့်ဒေသများတွင်အသုံးပြုရန် အိန္ဒိယနိုင်ငံမှ ဘိလပ်မြေ ၂၂၅ တန် (ကီလို ၅၀ ရှိ အိတ်ပေါင်း ၄၅၀၀) ပေးပို့လှူဒါန်းခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံမှလှူဒါန်းသည့် အဆိုပါဘိလပ်မြေများအား မြန်မာ့တပ်မတော်(ရေ)မှ UMS Myit Kyi Nar စစ်ရေယာဉ်ဖြင့် အိန္ဒိယနိုင်ငံ Vizag ဆိပ်ကမ်းမှ သီလဝါဆိပ်ကမ်း MITT ဆိပ်ခံတံတားသို့ သယ်ဆောင်ခဲ့ရာ မေလ ၂၃ ရက် နံနက် ၁၀ နာရီတွင် ရောက်ရှိခဲ့သည်။

ထိုသို့ရောက်ရှိလာသည့် ဘိလပ်မြေအိတ်များအား ယနေ့ညနေပိုင်းတွင် လွှဲပြောင်းလက်ခံခြင်းအခမ်းအနားကို သီလဝါဆိပ်ကမ်း၌ကျင်းပရာ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur က ဘိလပ်မြေအိတ်များ လှူဒါန်းပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး လွှဲပြောင်းပေးအပ်ရာ ရန်ကုန် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှတာဝန်ရှိသူများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထား ရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှတာဝန်ရှိသူများ၊ သန်လျင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ကျောက်တန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur ထံမှ လွှဲပြောင်းလက်ခံကြသည်။

ထို့နောက်ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ အဆိုပါ အိန္ဒိယနိုင်ငံမှလှူဒါန်းသည့် ဘိလပ်မြေများအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် ကုန်တင်ကားများပေါ်တင်ဆောင်၍ ငလျင်ဘေးသင့်ဒေသများသို့ ပို့ဆောင်ခဲ့ကြောင်းသိရသည်။

**ဝန်းရံခ**


ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

**သတိပြုကာကွယ် မှိုဆိပ်အန္တရာယ်**

မိုးရာသီကာလ၌ သစ်တောများနှင့်သစ်ပင်များပေါက်ရောက်ရာပတ်ဝန်းကျင်နေရာများတွင် မှိုအမျိုးမျိုးကြီးထွား ပေါက်ပွားမှုများပြားလေ့ရှိပါသည်။ အဆိုပါမှိုများတွင်အန္တရာယ်ကင်းစွာစားသုံးနိုင်သော မှိုအမျိုးအစားများရှိသကဲ့သို့ အဆိပ်ရှိသောမှိုများစွာရှိပါသည်။ အဆိပ်ရှိမှိုများအနက်အချို့မှာ ပြင်းထန်စွာအဆိပ်သင့်စေ၍ အသက်ဆုံးရှုံးစေသည်အထိ ဖြစ်နိုင်ပါသည်။

**အဆိပ်ရှိမှိုများ၏လက္ခဏာများမှာ -**


မှိုပွင့်၏အခြေတွင်အခွက်ပါရှိခြင်း


မှိုပွင့်၏ ရိုးတံတွင် ခြေချင်းပါရှိခြင်း


မှိုထီးရွက်တွင်အကြေးဖတ်များပြန့်ကျဲပါခြင်း


ထီးရွက်အောက်ပါးဟက်များဖြူခြင်း


မှိုထီးရွက်အရောင်အဆင်းတောက်ပခြင်း


အစိမ်းရောင်မှိုမျိုးမှုန်များ ထုတ်လွှတ်ခြင်း

**မှိုဆိပ်သင့်ခြင်းလက္ခဏာများမှာ -** မှိုစားပြီး မိနစ် (၂၀) မှ (၄) နာရီအတွင်း မူးဝေခြင်း၊ အော့အန်ခြင်း၊ ဗိုက်အောင့်ဗိုက်နာခြင်း၊ ဝမ်းလျှောခြင်းတို့ဖြစ်ပွားနိုင်ပြီး ပြင်းထန်ပါကအသက်ဆုံးရှုံးနိုင်ပါသည်။ ထို့အပြင် ဦးနှောက်နှင့်အာရုံကြောထိခိုက်ပြီး စိတ်အာရုံခြောက်ခြားခြင်း၊ အလွန်အမင်းနှီးကြားလာခြင်းနှင့် စိတ်ဓာတ်ကျခြင်းတို့ဖြစ်စေနိုင်ပါသည်။

အဆိပ်သင့်မှုလက္ခဏာနှင့် ပြင်းထန်မှုအတိုင်းအတာသည် မှိုအမျိုးအစား၊ ပါဝင်သောအဆိပ် (ဥပမာ- Cyclopeptides, Gyromitrin, Orellanine, Muscarine စသည်) ပမာဏ၊ စားသုံးမိသောသူ၏ အသက်အရွယ်၊ ကိုယ်ခံစွမ်းအားတို့အပေါ်မူတည်ပါသည်။ သက်ကြီးဘိုးဘွားများနှင့် ရောဂါအခံရှိသူများတွင် မှိုအဆိပ်သင့်ပါက ပိုမိုပြင်းထန်စွာခံစားရနိုင်ပါသည်။

မှိုဆိပ်သင့်လက္ခဏာများခံစားရပါက အချိန်မီဆေးကုသမှုခံယူရန်လိုအပ်ပါသဖြင့် နီးစပ်ရာဆေးရုံ/ကျန်းမာရေးဌာနများသို့ ချက်ချင်းပို့ဆောင်၍ ဆေးကုသမှုခံယူရမည်ဖြစ်ပါသည်။

**မိမိမသိသော/မစားဖူးသော မှိုမျိုးကို မစားသုံးခြင်းသည် အကောင်းဆုံးသောကာကွယ်နည်းဖြစ်၍ အဆိပ်ရှိသည်ဟု သံသယဖြစ်ဖွယ်မှိုများ၊ သေချာမသိသော၊ မစားဖူးသောမှိုများကို စားသုံးခြင်းလုံးဝမပြုပါနှင့်။**

၂၀၂၅ ခုနှစ်၊ မေလ


**"ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"**အစီအစဉ်မှ **"နိုင်ငံတကာထောက်ခံမှုရရှိဖို့အတွက် သတင်းလိမ်လည်ဖို့ကြိုးစားလာတဲ့ NUG၊ PDF "**ခေါင်းစဉ်ဖြင့် ၂၈-၅-၂၀၂၅ ရက်မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ပြည်သူ့ကျိန်စာတန်ပြန်ခံနေရတဲ့ PDF များ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့်ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# ကလေးငယ်များစာတတ်မြောက်ဖို့ ကျောင်းအပ်နှံကြပါစို့

စိန်ငွေးလှိုင်(ပခုက္ကူ)

ပညာဆိုသည်မှာ"ခွဲခြားသိမြင်နိုင်သောအသိဉာဏ်၊ အတတ်"ဟု မြန်မာအဘိဓာန်တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ လူသားတို့သည် ပညာတတ်မြောက်ပါက တွေ့ကြုံနေရသည့်ပဋိပက္ခ၊ ပြဿနာ၊ အခက်အခဲများကိုကျော်လွှားဖြတ်သန်းနိုင်သည်။ အလုပ်ကိုအလွယ်တကူ လုပ်လာနိုင်သည်ကိုလည်း သိရှိလာကြသည်။ ပညာရှိများသည် လုပ်ငန်းအမျိုးမျိုးတွင် ဦးဆောင်သူဖြစ်လာသကဲ့သို့ တွေးခေါ်ဆင်ခြင်တတ်သည့် လူမှုအသိုင်းအဝိုင်းခေါင်းဆောင်များဖြစ်လာကြသည်။

ပညာတတ်၊ ပညာရှိဖြစ်လာမှုတွင် ပညာရေးသည်အခြေခံကျလှသည်။ ပညာရေးဆိုသည်မှာ လူမှုသိပ္ပံပညာရပ်တစ်ခုဖြစ်ပြီး သင်ကြားပေးမှု၊ သင်ယူမှုတို့ဖြင့် ဆက်နွှယ်နေသောလုပ်ငန်းစဉ်ဖြစ်ပေသည်။ ပညာရေးဆိုသောစကားသည် လက်တင်ဘာသာစကား Educate မှ ဆင်းသက်လာကာ အဓိပ္ပာယ်မှာ"ဦးဆောင်ဦးရွက်ပြုခြင်း"ဆိုသည့်သဘောကိုဆောင်နေသည်။ ထို့ကြောင့် မာန်လည်ဆရာတော်ကြီး၏မဟာသုတကာရီ မဃဒေဝလင်္ကာသစ်တွင် "လက်မှုနှုတ်မှု၊ ခုခုပညာ၊ ရှိတုံပါက၊ ရောက်ရာရောက်ရာ၊ အရပ်မှာလျှင်၊ မျက်နှာရွှင်လန်း၊ လနှယ်ဆန်း၍၊ ပန်းသို့လည်းပွင့်၊ ပွဲလယ်တင့်လိမ့်" ဟု ရေးသားခဲ့သည်။

ပညာတတ်လူ့စွမ်းအားအရင်းအမြစ်များပေါ်များခြင်းသည် နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအုတ်မြစ်ဖြစ်သည်။ ပညာတတ်မြောက်မှသာ လူ့ဘဝရှင်သန်ရပ်တည်နိုင်ရန် လိုအပ်သောလုပ်ငန်းကျွမ်းကျင်မှုအရည်အသွေးကိုရရှိစေသည်။ စဉ်းစားတွေးခေါ်မှု၊ ပြဿနာကိုဖြေရှင်းတတ်မှု၊ ဝေဖန်ပိုင်းခြားတတ်မှု၊ တီထွင်ကြံဆတတ်မှုနှင့် ပူးပေါင်းဆောင်ရွက်တတ်မှုတို့ပိုင်ဆိုင်လာသဖြင့် အလုပ်အကိုင်အခွင့်အလမ်းများပိုမိုရရှိစေသည်။ ဘဝအောင်မြင်မှုရရှိရေးကြိုးစားရာတွင် ပညာသည်အဓိကကျသည်။

ပညာရေးရည်မှန်းချက်ဆိုသည်မှာ လူတစ်ဦး၏အကြံဉာဏ်စိတ်ကူးကို အခြားတစ်ယောက်ထံသို့ လွှဲပြောင်းပေးမှုကိုခေါ်ဆိုသည်။ မျိုးဆက်တစ်ဆက်မှ နောက်မျိုးဆက်တစ်ဆက်ကို လက်ဆင့်ကမ်းနိုင်စွမ်းရှိရမည်။ ပညာရေးနယ်ပယ်တွင် မည်သည့်စနစ်သည် အထိရောက်ဆုံးဖြစ်သည်။ အသိပညာရရှိစေရန် မည်သို့သင်ကြားပေးသင့်သည်။ မည်သည့်အတတ်ပညာသည်အဆီလျော်ဆုံးဖြစ်မည်၊ ရရှိပြီးပညာရပ်ကို မည်သို့ဆက်လက်ထိန်းသိမ်းရမည်ဆိုသောအချက်များအား အလေးထားစဉ်းစားရမည်။ ပညာဗဟုသုတရရှိစေရန် အားထုတ်နေရုံသာမက ၎င်းပညာရပ်သည် ကောင်း၊ မကောင်း၊ မှန်၊ မမှန်ကိုလည်း ဆုံးဖြတ်ရမည်။

ပညာရေးတည်ရှိစေရန် စာသင်ကျောင်းဆိုသည်ကလည်းရှိရမည်။ ကမ္ဘာပေါ်တွင် ပညာသင်ကြားပေးရန်နည်းလမ်းအမျိုးမျိုးရှာဖွေရာမှ စာသင်ကျောင်းဟူ၍ပေါ်ပေါက်လာသည်။ "စာ"ဟူသည်ကား"အက္ခရာအရေးအသား၊ သုတရသဆိုင်ရာအရေးအသား၊ ကျောင်းသင်ပညာရေးဆိုင်ရာအရေးအသား"ဟု မြန်မာအဘိဓာန်တွင်ဖွင့်ဆိုထားသည်။ တစ်နည်းအားဖြင့် ပညာရရှိစေရန် စာတတ်ရမည်။ စာတတ်စေရန် ကျောင်းနေရမည်။

စာသင်ကျောင်းဆိုသည်မှာ လူသားများ၏လိုအပ်ချက်ကို ကလေးဘဝမှစတင်၍ နည်းလမ်းအမျိုးမျိုးဖြင့် ပညာပေးဝေသောနေရာတစ်ခုဖြစ်သည်။ ထို့ပြင် ကလေးများစုဝေးပြီး စနစ်တကျပညာသင်ပေးသည့်ဌာနဟုလည်းခေါ်ဆိုကြသည်။ ထို့ကြောင့် ကျောင်းနေခြင်းဆိုသည့်ယဉ်ကျေးမှုသည် ကမ္ဘာပေါ်တွင်ထွန်းကားလာသည်။ စာသင်ကြားရာတွင်ကျောင်းသင်ခန်းစာများသင်ယူမှု(Formal Learning)၊ ကျောင်းပြင်ပသင်ယူမှု(Non–Formal Learning)နှင့် အတွေ့အကြုံများမှကိုယ်တိုင်လေ့လာသင်ယူမှု(Informal Learning)ဟူ၍သုံးမျိုးရှိသည်။ ထိုသုံးမျိုးဖြင့် ဘဝတစ်သက်တာလေ့လာသင်ယူသွားကြရမည်ဖြစ်သည်။ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ အတတ်သင်ကျောင်းစသည်ဖြင့်ခေါ်ဆိုကြသော်လည်း ၎င်းတို့သည် စာသင်ကျောင်းများသာဖြစ်ကြသည်။

ကမ္ဘာပေါ်တွင် ကျောင်းသင်ခန်းစာသင်ယူမှု(Formal Learning)ကို အစိုးရကကြီးကြပ်လေ့ရှိသည်။ အစိုးရပညာရေးဌာနများက ဆရာ၊ ဆရာမများခန့်ထားပေးသည်။ ဆရာ၊ ဆရာမများအားကြီးကြပ်သည့် ပညာရေးမှူးများရှိကြသည်။ အစိုးရကျောင်းများသည် အခမဲ့ပညာရေးစနစ်ဖြစ်ပြီး ပညာသင်စရိတ်အားလုံးကို နိုင်ငံတော်အစိုးရမှကျခံပေးသည်။ ကျောင်းသား၊ ကျောင်းသူများသင်ကြားလေ့လာရမည့်သင်ရိုးကို ဗဟိုအစိုးရကရေးဆွဲပေးသည်။ အစိုးရကျောင်းများ၏အားသာချက်မှာ ငွေကြေးအကုန်အကျနည်းကာ ကျောင်းပြီးပါက အစိုးရယန္တရားတွင် ဝင်ရောက်လုပ်ကိုင်ခွင့်ပိုမိုရရှိကြောင်း လေ့လာသိရှိရသည်။

စာရေးသူတို့မြန်မာနိုင်ငံတွင် ပညာရေးကဏ္ဍကို ပိုမိုမြှင့်တင်ပေးလျက်ရှိသည်။ အသိပညာနှင့်အတတ်ပညာပြည့်စုံသည့် လူချွန်လူကောင်းများဖြင့် သာယာဝပြောသည့် အနာဂတ်နိုင်ငံတော်ကြီးတည်ဆောက်ရန် ဦးတည်ဆောင်ရွက်လျက်ရှိသည်။ အရည်အသွေးပြည့်ဝသည့် ဘက်စုံပညာရေးစနစ်တိုးတက်ဖြစ်ပေါ်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်နေသည်။ အမျိုးသားပညာရည်မြင့်မားရေးနှစ် ၃၀ နှစ်ရှည်စီမံကိန်းကို၂၀၀၁–၂၀၀၂ ဘဏ္ဍာနှစ်မှ၂၀၃၀–၂၀၃၁ ဘဏ္ဍာနှစ်အထိ သတ်မှတ်ခဲ့ရာ နှစ်တိုငါးနှစ်စီမံကိန်းကာလ ခြောက်ခုပိုင်းခြား၍အကောင်အထည်ဖော်လျက်ရှိသည်။ ယခုအခါ KG မှစတင်ပြီး Grade –12 အထိ အတန်းများသင်ကြားပို့ချနေပြီဖြစ်သည်။ အခြေခံပညာဦးစီးဌာနသည် မူလတန်းအဆင့်မှ တက္ကသိုလ်ဝင်တန်းအဆင့်အထိ အစိုးရမှဖွင့်လှစ်ပေးသော အခြေခံပညာကျောင်းများနှင့် ပုဂ္ဂလိကအခြေခံပညာကျောင်းများကိုကြီးကြပ်ရသည်။ ကျောင်းဝင်မှတ်ပုံတင်ခြင်း၊ ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ခြင်း၊ ပညာရေးလုပ်ငန်းများစစ်ဆေးခြင်းနှင့် ပညာရေးအကဲဖြတ်ခြင်းစသည်တို့ဆောင်ရွက်သည်။

> **စာရေးသူတို့မြန်မာနိုင်ငံတွင် ပညာရေးကဏ္ဍကို ပိုမိုမြှင့်တင်ပေးလျက်ရှိသည်။ အသိပညာနှင့် အတတ်ပညာပြည့်စုံသည့် လူချွန်လူကောင်းများဖြင့် သာယာဝပြောသည့် အနာဂတ်နိုင်ငံတော်ကြီး တည်ဆောက်ရန် ဦးတည်ဆောင်ရွက်လျက်ရှိသည်။ အရည်အသွေးပြည့်ဝသည့် ဘက်စုံပညာရေးစနစ် တိုးတက်ဖြစ်ပေါ်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်နေသည်။ အမျိုးသားပညာရည်မြင့်မားရေး နှစ် ၃၀ နှစ်ရှည်စီမံကိန်းကို၂၀၀၁-၂၀၀၂ ဘဏ္ဍာနှစ်မှ ၂၀၃၀-၂၀၃၁ ဘဏ္ဍာနှစ်အထိ သတ်မှတ်ခဲ့ရာ နှစ်တိုငါးနှစ်စီမံကိန်းကာလခြောက်ခု ပိုင်းခြား၍ အကောင်အထည်ဖော်လျက်ရှိသည်. . .**

တိုးတက်ပြောင်းလဲလာသည့် ကမ္ဘာ့အခြေအနေတွင်နိုင်ငံသားတစ်ဦးသည် အနည်းဆုံးအခြေခံပညာအလယ်တန်းအဆင့်အထိ တတ်မြောက်သင့်သည်။ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြည်သူတစ်ဦးတစ်ယောက်ချင်းစီသည် KG+9 အတန်းအထိ ပညာသင်ကြားရေးဦးတည်ချက်ချမှတ်ထားသည်။ အလယ်တန်းအဆင့် Grade – 9 အောင်မြင်ပြီးမြောက်သူများအတွက် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးနှင့်သက်မွေးပညာသင်ယူမှုအခွင့်အလမ်းများကို ဖော်ထုတ်ပေးနေသည်။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီးပါက သက်ဆိုင်ရာတက္ကသိုလ်များသို့ တက်ရောက်နိုင်ရေးကိုလည်း စီစဉ်ပေးထားသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအဓိကထားသည့် နိုင်ငံဖြစ်ပေရာ စနစ်ကျသော ကုန်ထုတ်လုပ်မှုများပြုလုပ်နိုင်ရန် ကျွမ်းကျင်သူများလိုအပ်လျက်ရှိသည်။ ထို့ကြောင့် ခရိုင် ၈၄ ခုတွင် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးအထက်တန်းကျောင်း ၈၅ ကျောင်းဖြင့် ဖွင့်လှစ်သင်ကြားလျက်ရှိသည်။ အဆိုပါကျောင်းများတွင် တန်ဖိုးမြှင့်ထုတ်ကုန်များနှင့် ဈေးကွက်အတွက်လိုအပ်သည့်ကျွမ်းကျင်မှုအရည်အသွေးများကို ဖြည့်ဆည်းပေးနိုင်ရန် သင်ကြားပေးနေသည်။

အတန်းပညာသင်ကြားရာတွင် စာသင်ဆောင်၊ စာကြည့်တိုက်၊ သန့်စင်ခန်း၊ အားကစားကွင်း၊ သင်ထောက်ကူပစ္စည်း၊ သောက်ရေသုံးရေရရှိမှု၊ ကျောင်းဥပဓိရုပ်ကောင်းမွန်မှုတို့ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ အရည်အချင်းရှိသော ဆရာ၊ ဆရာမအရေအတွက်လုံလောက်မှုရှိရေးကိုလည်း လုပ်ဆောင်ပေးနေသည်။ မွမ်းမံသင်တန်းပို့ချမှု၊ သင်ရိုးညွှန်းတမ်းခေတ်မီမှု၊ သက်သာချောင်ချိမှုတို့ကိုလည်း ဆောင်ရွက်ပေးနေသည်။ "အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက"ဆိုသည့်ဆောင်ပုဒ်အတိုင်း ကျောင်းသား၊ ကျောင်းသူများ ယဉ်ကျေးလိမ္မာစေရန်၊ ရိုးသားဖြောင့်မတ်စေရန်၊ တာဝန်ယူမှု၊ တာဝန်ခံမှုစိတ်ဓာတ် ကိန်းအောင်းစေရန်၊ စုပေါင်းဆောင်ရွက်တတ်စေရန်၊ တိုင်းချစ်ပြည်ချစ်စိတ်ရှိစေရန်စသည့် အမူအကျင့်ကောင်းများဖြင့် လေ့ကျင့်ပျိုးထောင်လျက်ရှိသည်။

> **ပညာတတ်လူ့စွမ်းအားအရင်းအမြစ်များ ပေါ်များခြင်းသည် နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအုတ်မြစ်ဖြစ်သည်။ ပညာတတ်မြောက်မှသာ လူ့ဘဝရှင်သန်ရပ်တည်နိုင်ရန် လိုအပ်သောလုပ်ငန်း ကျွမ်းကျင်မှု အရည်အသွေးကိုရရှိစေသည်။ စဉ်းစား တွေးခေါ်မှု၊ ပြဿနာကိုဖြေရှင်းတတ်မှု၊ ဝေဖန်ပိုင်းခြား တတ်မှု၊ တီထွင်ကြံဆတတ်မှုနှင့်ပူးပေါင်းဆောင်ရွက် တတ်မှုတို့ပိုင်ဆိုင်လာသဖြင့် အလုပ်အကိုင်အခွင့်အလမ်း များပိုမိုရရှိစေသည်။ ဘဝအောင်မြင်မှုရရှိရေး ကြိုးစားရာတွင် ပညာသည်အဓိကကျသည်. . .**

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးပိုမိုမြှင့်တင်ရေးဆောင်ရွက်သည့်အနေဖြင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၃–၂၀၂၄)နှင့် ပညာရေးဆိုင်ရာအသုံးချသုတေသနနိုင်ငံတကာညီလာခံ(၂၀၂၅)တို့ကိုကျင်းပခဲ့ပြီးဖြစ်သည်။

အခြေခံပညာကဏ္ဍတွင် ကိုဗစ်–၁၉ အလွန် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ခဲ့သည့် ၂၀၂၁–၂၀၂၂ ပညာသင်နှစ်တွင် ကျောင်းသား၊ ကျောင်းသူဦးရေ ၅ ဒသမ ၃ သန်းရှိရာမှ ၂၀၂၃–၂၀၂၄ ပညာသင်နှစ်တွင် ရှစ်သန်းကျော်အထိတိုးတက်လာခဲ့သည်။ ၂၀၂၄–၂၀၂၅ ပညာသင်နှစ်တွင် ဇွန်လ ၂၁ ရက်အထိကျောင်းအပ်နှံသူ ၇ ဒသမ ၃ သန်းကျော်ရှိခဲ့သည်။

ပြည်သူများအနေဖြင့် အခြေခံပညာစာသင်ကျောင်းများကို အားကိုးကြသည်။ မြန်မာမှုနယ်ပယ်တွင် မိဘများသည် မိမိတို့၏သားသမီးများ ပညာသင်ယူရမည့်အရွယ်သို့ရောက်လာလျှင် စာသင်ကျောင်းဆီသို့ သွားကာ ကျောင်းအပ်နှံကြသည်။ "အရွယ်ရောက်လာကျောင်းအပ်ကာ ပညာပေးပေ တို့မေမေ"ဟုပင် "တို့မေမေ"ကဗျာထဲတွင် ရေးသားထားသည်က အထင်အရှားဖြစ်သည်။

၂၀၂၅–၂၀၂၆ ပညာသင်နှစ်အတွက် မေလ ၂၂ ရက်မှဇွန်လ ၁ ရက်အထိကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် သတ်မှတ်ထားကြောင်း၊ ငါးနှစ်အရွယ်ကလေးများကို သူငယ်တန်း(KG)နှင့်ခြောက်နှစ်အရွယ်ကလေးများကို(Grade–1)သို့အပ်နှံရမည်ဖြစ်ကြောင်း၊ ကျောင်းဝတ်စုံ၊ ဖတ်စာအုပ်၊ ဗလာစာအုပ်၊ ခဲတံတို့အခမဲ့ပံ့ပိုးမည်ဖြစ်ကြောင်း၊ အခကြေးငွေကောက်ခံခြင်းမပြုကြောင်း၊ ပညာရေးအတွက် မိဘ၊ ဆရာနှင့် ကျောင်းသားတို့ပူးပေါင်းဆွေးနွေးရမည်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါး၊ အရက်၊ ဘီယာ၊ E–စီးကရက်၊ Vape–စီးကရက်၊ ကွမ်းယာမသုံးစွဲရေးကြပ်မတ်ရမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနမှကြေညာချက်ထုတ်ပြန်ထားသည်။ မိဘ၊ အုပ်ထိန်းသူများအနေဖြင့် မြို့နယ်အလိုက်သတ်မှတ်နယ်မြေများတွင်သာ ကျောင်းအပ်နှံကြပါရန်မေတ္တာရပ်ခံထားသည်။

အချုပ်အားဖြင့်ဆိုရလျှင် လူသားတို့တွင် အသိပညာ၊ အတတ်ပညာများတည်ရှိပါက လူ့ဘောင်လောကကြီးသည် ဖွံ့ဖြိုးတိုးတက်မည်မှာ အသေအချာဖြစ်သည်။ လူသားတိုင်းသည် ပညာတတ်မြောက်အောင်ကြိုးပမ်းရမည်။ အသိပညာဗဟုသုတများရရှိရေးဆောင်ရွက်ရာတွင် ပညာရေး၊ စာ၊ စာသင်ကျောင်းတို့သည်ဒွန်တွဲလျက်ရှိသည်။ စာရေးသူတို့နိုင်ငံရှိ မိဘများအနေဖြင့် မိမိတို့၏သားသမီးများစာတတ်မြောက်စေရန် ပန်းကလေးများဖူးတံဖြင့် ပွင့်နေသောစာသင်ကျောင်း၊ နေရောင်အောက်တွင်ရွှေရည်လောင်းနေသောစာသင်ကျောင်းသို့ သွားရောက်အပ်နှံကြပါရန် နှိုးဆော်ရေးသားလိုက်ရပါသည်။ ။

# တရားမအထူးအယူခံမှု (၄) မှုကို စီရင်ချက်ချမှတ်၊ တရားမအထူးအယူခံမှု (၅)မှုကို ရုံးထိုင်ကြားနာ

နေပြည်တော် မေ ၂၆

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသည့် ဦးခင်မောင်ကြီး၊ ဦးသောင်းနိုင်၊ ဒေါ်သင်းသင်းနွဲ့၊ ဒေါ်ပြုံးပြုံးအေးတို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့ နံနက် ၉ နာရီ ခွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် မင်္ဂလာဒီပရပ်ကွက် ချင်းတွင်းလမ်းရှိ ဇေယျာသီရိခရိုင်တရားရုံး ရုံးခန်းအမှတ် (၁) ၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အထူးအယူခံခုံရုံး ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၅/၂၀၂၅ (တနင်္သာရီ)၊ ၆/၂၀၂၅ (မကွေး)၊ ၈/၂၀၂၅ (ရှမ်း) နှင့် ၁၂/၂၀၂၅ (ရန်ကုန်) စုစုပေါင်းတရားမ အထူးအယူခံမှု(၄)မှုကိုစီရင်ချက်ချမှတ်သည်။

ထို့ပြင်တရားမအထူးအယူခံမှုအမှတ် ၇၈/၂၀၂၄(မန္တလေး)၊၇/၂၀၂၅ (ရှမ်း)၊ ၉/၂၀၂၅ (ဧရာဝတီ)၊၁၀/၂၀၂၅(ပဲခူး)နှင့်၁၁/၂၀၂၅(ရှမ်း) စုစုပေါင်း တရားမအထူးအယူခံမှု(၅)မှုကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။ မြဝတီ

# ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ်တွင် ပညာသင်ကြားမည့် ဝန်ထမ်း သား၊ သမီးများအား ပထမအကြိမ် စာရေးကိရိယာများနှင့် ပညာသင်အထောက်အကူပစ္စည်းများပေးအပ်





နေပြည်တော် မေ ၂၆

ဆောက်လုပ်ရေးဝန်ကြီးဌာနအောက်ရှိ ပြည်ထောင်စုဝန်ကြီးရုံး ၊ အဆောက်အအုံ၊ လမ်း ၊ တံတား နှင့် မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေး ဦးစီးဌာနတို့မှ ၂၀၂၅ – ၂၀၂၆ ပညာသင်နှစ် တွင် ပညာသင်ကြားမည့် ဝန်ထမ်းသား၊ သမီးများအား ပထမအကြိမ်စာရေးကိရိယာ များနှင့် ပညာသင်အထောက်အကူပစ္စည်း များပေးအပ်ခြင်းအခမ်းအနားကို ယနေ့တွင် နေပြည်တော် ဆောက်လုပ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၁၁) စုဝေးခန်းမ၌ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမျိုးသန့်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ် များ ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းသား မိဘများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့ ကျင်းပသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ထမ်းသား၊ သမီးများအား ၂၀၂၅ – ၂၀၂၆ ပညာသင်နှစ်အတွက် KG မှ Grade–12 အထိ အခြေခံပညာကျောင်းများတွင် အဆင်ပြေ ချောမွေ့စွာတက်ရောက်ပညာသင်ကြား နိုင်ရန် စာရေးကိရိယာများနှင့် ပညာသင် အထောက်အကူပစ္စည်းများ ပေးအပ်ခြင်း ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ဝန်ထမ်းသားသမီးများ ကျောင်းသွား၊ ကျောင်းပြန်လွယ်ကူအဆင်ပြေစေရန်နှင့် ဘေးအန္တရာယ် ကင်းရှင်းစေရန်အတွက် ကျောင်းကြို/ပို့ကားများကိုလည်း စီစဉ် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ယခု ကာလသည် ငလျင်ဘေးကြောင့် အိမ်နေရာ အပြောင်းအရွှေ့နှင့်ကျောင်းနေရာအပြောင်း အရွှေ့များရှိသော်လည်း ကျောင်းဖွင့်ရာသီ အမီ ပညာသင်ကြားနိုင်ရေးကိုလည်း စီစဉ် ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြား သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယ အမြဲတမ်းအတွင်းဝန်တို့က ၂၀၂၅– ၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်မည့် မူလတန်း ၊ အလယ်တန်းနှင့်အထက်တန်း ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ များအား စာရေးကိရိယာများနှင့် ပညာ သင်အထောက်အကူပစ္စည်းများပေးအပ်ပြီး ကျောင်းသား၊ ကျောင်းသူများကိုယ်စား လူရည်ချွန်သုံးထပ်ကွမ်းရရှိသူ Grade – 12 မှ ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ ၂၀၂၅ – ၂၀၂၆ ပညာသင်နှစ် အခြေခံပညာ ကျောင်းများတွင် တက်ရောက်ပညာ သင်ကြားမည့် မူလတန်း ၃၅၂ ဦး၊ အလယ်တန်း ၁၉၇ ဦး၊ အထက်တန်း ၁၄၉ ဦး နှင့် ကိုယ်ပိုင်ကျောင်း ၃၉၈ ဦး စုစုပေါင်းကျောင်းသား၊ ကျောင်းသူ ၁၀၉၆ ဦးရှိကြောင်း သိရသည်။

မြဝတီ

# တောင်ကြီးမြို့၌ ပြည်နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ပြုလုပ်



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့်တာဝန်ရှိသူများက ပြည်နယ်အဆင့် ကျောင်းအပ်နှံရေးနေ့အခမ်းအနားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

နေပြည်တော် မေ ၂၆

၂၀၂၅–၂၀၂၆ ပညာသင်နှစ်၊ ပြည်နယ် အဆင့်ကျောင်းအပ်နှံရေးနေ့ကို ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ သစ်တောရပ်ကွက်ရှိ အမှတ် (၁)အခြေခံပညာအထက်တန်း ကျောင်း၌ပြုလုပ်ရာ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် နှင့်ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန် ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ဒေသခံ ပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူ များနှင့် ဘင်ခရာပန်းဖွားအကအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက ကျောင်းအပ်နှံရေးနေ့ အခမ်းအနားဆိုင်းဘုတ်အား စက်ခလုတ် နှိပ်၍ဖွင့်လှစ်ပေးပြီး တာဝန်ရှိသူများနှင့်အတူ ပြည်နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး သည်။ ထို့နောက် အဆိုပါကျောင်းခန်းမ၌ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး တိုင်းမှူးနှင့်တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများအတွက် ပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်များနှင့် ကျောင်းဝတ်စုံများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူ ကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိ သူများက ခင်းကျင်းပြသထားသောပညာ ရေးပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြ ကြောင်း သတင်းရရှိသည်။ (၁၀၀)

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် မေ ၂၆

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယား ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ် (တောင်ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင် များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်း စသည့်မိုးလေ ဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

## ၂၆-၅-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗ စင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ **ဈေးနှုန်းမှာ (၅,၇၆၀,၀၀၀)ကျပ်ဖြစ် သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

# ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် ခြောက်ဦးတွေ့ရှိ

## လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွား သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိ

နေပြည်တော် မေ ၂၆

ကျန်းမာရေးဝန်ကြီးဌာနသည်ကိုဗစ်–၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများ ကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ (၁၈–၅–၂၀၂၅) ရက်၊ ည ၈:၀၀ နာရီမှ (၂၅–၅–၂၀၂၅) ရက်၊ ည ၈:၀၀ နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစု ပေါင်း ၂၇၅၄ ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာ သစ် ခြောက်ဦးတွေ့ရှိရသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ သုည ဒသမ ၂၂ ရာခိုင်နှုန်းဖြစ်သည်။ အစီရင်ခံကာလ အတွင်း ပြင်းထန်လူနာ၊ အထူးကြပ်မတ် ကုသမှုပေးရသောလူနာနှင့် ကိုဗစ်–၁၉ ရောဂါဖြင့်သေဆုံးလူနာမရှိပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်–၁၉ ရောဂါကူးစက်ဖြစ်ပွား/သေဆုံး မှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေ မရှိသော်လည်း ရောဂါများဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ် ရေကာကွယ်ရေးနည်းလမ်းများဖြစ်သည့် လက်ကို ရေနှင့်ဆပ်ပြာ သို့မဟုတ် ရေမလို လက်သန့်စင်ဆေးရည် (Hand sanitizer) ဖြင့် မကြာခဏ စနစ်တကျဆေးကြောခြင်း၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ လက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေး ခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်း နာခြင်းစသည့်လက္ခဏာများရှိသူများအနေ ဖြင့် လူထူထပ်သောနေရာများသို့သွားခြင်း မှ ရှောင်ကြဉ်ခြင်းနှင့်မဖြစ်မနေသွားရောက် ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) အား စနစ်တကျဝတ်ဆင်ခြင်းတို့ကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပါသည်။

ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန် နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မား သည့် အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊ ဆီးချိုရောဂါ၊ နာတာ ရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင် ကာလ ၃ လနှင့်အထက်)ကို ကိုဗစ်–၁၉ ရောဂါထပ်ဆောင်းကာကွယ်ဆေးအား ဦးစားပေးအစီအစဉ်ဖြင့်ထိုးနှံသွားမည်ဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံကြရန်လိုအပ်သည်။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ အသေးစိတ် သတင်းအချက်အလက်များကို ကျန်းမာရေး ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင် သည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေး ဗဟိုဌာန (Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊**
**ကျန်းမာရေးဝန်ကြီးဌာန**

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၂၆

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။


စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ စစ်ကိုင်းပညာရေးတက္ကသိုလ်တွင် Grade-12 ဖြေဆိုမည့်ကျောင်းသား၊ ကျောင်းသူများ အနီးကပ်စခန်းသွင်းလေ့ကျင့်သင်ကြားနေမှုများကိုကြည့်ရှုအားပေးစဉ်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်းရှိငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သောဘုရားစေတီပုထိုးများတွင် ကျွမ်းကျင်ပညာရှင်များမှ စေတီတော်များတိမ်းစောင်းခြင်းရှိ/မရှိ၊ မြေအောက်သို့ နိမ့်ကျွံခြင်းရှိ/မရှိ၊ စေတီတော်အက်ကွဲကြောင်းများ တိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် စုပေါင်းရှင်းလင်းဖယ်ရှားနေမှုများအားလည်းကောင်း၊ ဝါချက်ကျေးရွာ၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ကျောင်းဆောင်များအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေး၊ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး၊ ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်လက်ခံထားရှိမှုအခြေအနေများနှင့် ယာယီကျောင်းဆောင်သစ်ဆောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။


ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် မန္တလေးတက္ကသိုလ်ပင်မဆောင်ရှိ ငလျင်ဒဏ်သင့်၍ မီးလောင်ပြိုကျပျက်စီးသွားသော အပျက်အစီးများအား တပ်မတော်သားများ ဖယ်ရှားရှင်းလင်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုအားပေးစဉ်။


ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင် ငလျင်ဒဏ်ခံနိုင်သည့်အဆောက်အအုံများ ဆောက်လုပ်နိုင်ရေး အသိပညာပေးဟောပြောပွဲသို့ တက်ရောက်ဆွေးနွေးစဉ်။

ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့်တာဝန်ရှိသူများသည် မွန်းလွဲပိုင်းတွင် စစ်ကိုင်းပညာရေးတက္ကသိုလ်၌ Grade-12 စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများ အနီးကပ်စခန်းသွင်းလေ့ကျင့်သင်ကြားနေမှုများနှင့် ကျောင်းသား၊ ကျောင်းသူများနေထိုင်သည့် အိပ်ဆောင်များအားလည်းကောင်း၊ စစ်ကိုင်းမြို့၊ သောတာပန်ရပ်ကွက်ရှိ ရွှေဟင်္သာကျောင်းတိုက်တွင် ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးခဲ့သောသာသနိကအဆောက်အအုံများကို အဖွဲ့အစည်းအသီးသီးမှ စုပေါင်းရှင်းလင်းဖယ်ရှားခြင်းလုပ်ငန်းများဆောင်ရွက်နေမှုအားလည်းကောင်း၊ နန်းဦးမြို့သစ်အတွင်း ငလျင်ဘေးဒဏ်သင့်ဝန်ထမ်းမိသားစုများ မိုးမကျမီ အမြန်ဆုံးပြောင်းရွှေ့နေထိုင်နိုင်ရေးအတွက် Modular House များနှင့် ယာယီလူနေအဆောက်အအုံ ဆောက်လုပ်ပြီးစီးမှုအခြေအနေများအားလည်းကောင်း၊ ပိုးတန်းရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ငလျင်ဘေးဒဏ်သင့် ပြည်သူများစောင့်ရှောက်ရေးစခန်းအတွင်းရှိဒေသခံပြည်သူများကိုအားပေးစကားပြောကြားပြီး ယာယီကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအနောက်ရပ်ရှိချမ်းသာကြီးမြတ်စွာဘုရားနှင့် အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်ရှိ အနောက်တိုက်တော်အုဋ္ဌကျောင်းသို့သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများအား အဖွဲ့အစည်းအသီးသီးမှပူးပေါင်း၍ အပျက်အစီးများဖယ်ရှားရှင်းလင်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် စက်ယန္တရားကြီးများအသုံးပြု၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်နေမှုများအား သွားရောက်ကြည့်ရှုအားပေးပြီး ကျောင်းထိုင်ဆရာတော်ကြီးများအား အလှူငွေနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ယင်းနောက် အောင်မြေသာစံမြို့နယ် အနိုပ်တော်ရပ်ကွက်ရှိ ဉာဏဝတီသီလရှင်စာသင်တိုက်တကောင်းတိုက်သို့ လည်းကောင်း၊ အမရပူရမြို့နယ် ဆင်စွယ်ပွတ်ကျေးရွာရှိ လောကမုနိ မြတ်စွာဘုရားသို့ လည်းကောင်းသွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော ဘုရားစေတီပုထိုးများအား အဖွဲ့အစည်းအသီးသီးမှ ဖယ်ရှားရှင်းလင်းပြီးစီးမှု အခြေအနေများအားလည်းကောင်း၊ မဟာအောင်မြေမြို့နယ်ရှိမန္တလေးတက္ကသိုလ်သို့သွားရောက်၍ တက္ကသိုလ်ပင်မဆောင်ရှိ ငလျင်ဒဏ်ကြောင့် မီးလောင်ပြိုကျပျက်စီးသွားသော အပျက်အစီးများအား တပ်မတော်သားစစ်သည်များမှဖယ်ရှားရှင်းလင်း ဆောင်ရွက်နေမှုအခြေအနေတို့အား လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင်သည် ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့၊ မြို့နယ်ခန်းမ၌ ဒေသခံပြည်သူများအား **"ငလျင်ဒဏ်ခံနိုင်သည့် အဆောက်အအုံများဆောက်လုပ်နိုင်ရေးအသိပညာပေးဟောပြောပွဲ"**သို့တက်ရောက်ပြီး အဆောက်အအုံများ ပြန်လည်တည်ဆောက်နိုင်ရေးအတွက် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများအား အသိပညာပေးဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသည့် ဒေသခံပြည်သူတစ်ဦးချင်းစီမှ သိရှိလိုသည့် အချက်များအား တာဝန်ရှိသူများက ရှင်းလင်းပြောကြားသည်။

၎င်းနောက် ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်ခန်းမဝင်းအတွင်းရှိမြို့နယ်စည်ပင်သာယာရေးအဖွဲ့အင်ဂျင်နီယာဌာနခွဲ(ယာယီ)ရုံးနှင့် မြစ်သားမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးဝင်းအတွင်းရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ယာယီ)ရုံးများအတွက် Modular Container House များ ဆောက်လုပ်ပြီးစီးမှုအခြေအနေများနှင့်ရုံးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အခြေခံပညာအထက်တန်းကျောင်း(မြစ်သား)နှင့် မြစ်သားမြို့နယ်၊ ဘူတာရပ်ကွက်၊ အမက(ဘူတာ)ကျောင်းဝင်းအတွင်းရှိ ယာယီကျောင်းဆောင်သစ်များဆောက်လုပ်နေမှု အခြေအနေတို့အား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများ ကောင်းမွန်စွာ ပညာသင်ကြားနိုင်စေရေးအတွက် ကျောင်းဖွင့်ချိန်အမီတည်ဆောက်နိုင်စေရေး တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ဆက်လက်ပြီး ဘူတာရပ်ကွက်၊ ရေဝန်း-မြင်းခြံ ကားလမ်းဘေးနှင့်ပြည်ပန်းကျေးရွာအုပ်စု၊ ရန်ကုန်-မန္တလေးလမ်းမကြီးဘေးရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အန္တရာယ်ရှိနေအိမ်အဆောက်အအုံတို့အား စက်ယန္တရားများဖြင့် ရှင်းလင်းဆောင်ရွက်နေမှုအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များအား တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ကျောက်ဆည်ခရိုင်အတွင်း ငလျင်ဒဏ်သင့်အဆောက်အအုံများအား SOP စနစ်ဖြင့် ဘုတ်အဖွဲ့များ ဖွဲ့စည်းစစ်ဆေးခဲ့ရာ ယနေ့အချိန်အထိ အဆောက်အအုံ ၈၅၅၇လုံးအား စစ်ဆေးဆောင်ရွက်ခဲ့ပြီး ပြန်လည်ပြုပြင်နေထိုင်နိုင်မည့် အဆောက်အအုံ ၈၀၁၀ လုံး၊ ဦးစားပေးဖြိုဖျက်ရှင်းလင်းရမည့် အန္တရာယ်ရှိအဆောက်အအုံ၅၄၇လုံးမှ အဆောက်အအုံ ၅၄၇လုံးတို့အား ရှင်းလင်းဆောင်ရွက်ပေးခဲ့ပြီးဆောင်ရွက်ရန် ကျန်အဆောက်အအုံများမရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဝန်ကြီးဌာနများ၊ ဝန်ထမ်းအိမ်ရာများနှင့် အဆောင်များ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများ လိုက်လံကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၆**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် အဖွဲ့ဝင်များ လိုက်ပါ၍ ယနေ့ညနေပိုင်းတွင် ဝန်ကြီးဌာနများ၊ ဝန်ထမ်းအိမ်ရာများနှင့် အဆောင်များ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စွမ်းအင်ဝန်ကြီးဌာနသို့ ရောက်ရှိကြပြီး အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများက ငလျင်ဒဏ်ကြောင့် ရုံးအဆောက်အဦများ ထိခိုက်ပျက်စီးခဲ့မှု၊ Prefabricated Office များဖြင့် ယာယီရုံးခန်းများဖွင့်လှစ်၍ ရုံးလုပ်ငန်းများဆောင်ရွက်နေမှု၊ ဝန်ထမ်းများယာယီနေထိုင်ရန် Modular House များ တပ်ဆင်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားပြီး ပြည်ထောင်စုဝန်ကြီးရုံးနှင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းရုံးအဆောက်အဦတို့၌ ထိခိုက်ပျက်စီးခဲ့မှု အခြေအနေများနှင့် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း စွမ်းအင်ဝန်ကြီးဌာနရှိ ပြည်ထောင်စုဝန်ကြီးရုံးနှင့်မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ငန်းရုံးအဆောက်အဦတို့၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများနှင့် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ရောက်ရှိကြပြီး အဆိုပါရုံးပင်မအဆောက်အဦနှင့် အခြားရုံးအဆောက်အဦများ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေများနှင့် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိရပ်ကွက်ရှိ ပြန်လည်နေထိုင်ရန်သင့်သည့် (အပြာရောင်အမှတ်အသားရ) တိုက်အမှတ် ၆၂၀၉ သို့ ရောက်ရှိကြပြီး အဆိုပါတိုက်အတွင်း ငလျင်ဒဏ်ကြောင့် အနည်းငယ်ထိခိုက်ပျက်စီးခဲ့မှုများကို မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာများအသင်းက ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ နိုင်ငံ့ဝန်ထမ်းများ ပြန်လည်နေထိုင်လျက်ရှိမှုအခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများ၏ နေထိုင်စားသောက်မှုအခြေအနေ၊ နိုင်ငံတော်က ထောက်ပံ့သည့် အခြေခံစားသောက်ကုန် ၅ မျိုးရရှိမှုအခြေအနေများကို မေးမြန်းပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဇမ္ဗူသီရိမြို့နယ် ဥဿာသိဒ္ဓိရပ်ကွက်ရှိ တိုက်အမှတ် ၃၁၀၇ သို့ ရောက်ရှိကြပြီး မြန်မာနိုင်ငံ အဆောက်အဦဖွံ့ဖြိုးမှုအသင်းက ငလျင်ကြောင့် ပျက်စီး



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိရပ်ကွက်ရှိ ပြန်လည်နေထိုင်ရန်သင့်သည့် (အပြာရောင်အမှတ်အသားရ) တိုက်အမှတ် ၆၂၀၉ တွင် ငလျင်ဒဏ်ကြောင့် အနည်းငယ်ထိခိုက်ပျက်စီးခဲ့မှုများကို ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု၊ နိုင်ငံ့ဝန်ထမ်းများ ပြန်လည်နေထိုင်လျက်ရှိမှုအခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

# ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပြည်မြို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) အသုံးပြုခြင်းဆိုင်ရာ နည်းပြသင်တန်းဖွင့်

**ပြည် မေ ၂၆**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမျိုးလှိုင်သည် ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပြည်မြို့ သီရိခေတ္တရာမြို့တော်ခန်းမ၌ကျင်းပသည့် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) အသုံးပြုခြင်းဆိုင်ရာ နည်းပြသင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမျိုးလှိုင်က ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၌ ယခုဖွင့်လှစ်သည့် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) အသုံးပြုခြင်းဆိုင်ရာ နည်းပြသင်တန်းတွင် ဆရာဖြစ်သင်ကြားပေးမည်ဖြစ်သည့်အတွက် ကျွမ်းကျင်တတ်မြောက်သည်အထိ စိတ်ပါဝင်စားစွာလေ့လာသင်ယူကြရန်နှင့် မြန်မာနိုင်ငံ၌တီထွင်ထုတ်လုပ်ထားသည့် မြန်မာအီလက်ထရောနစ်မဲပေးစက် (Myanmar Electronic Voting Machine)များဖြင့် ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်များ မဲပေးရမည်ဖြစ်၍ အချိန်ကုန်သက်သာခြင်းနှင့် မဲရလဒ်များကို လျင်မြန်စွာသိရှိနိုင်ခြင်း အကျိုးကျေးဇူးများကို ရရှိလာမည်ဖြစ်သည့်အပြင် ယခုသင်တန်းမှတစ်ဆင့် မဲပေးစက်များကို ကျွမ်းကျင်စွာကိုင်တွယ်ထိန်းသိမ်းအသုံးပြုနိုင်ခြင်းအားဖြင့် မကြာမီကျင်းပတော့မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးတွင် မဲဆန္ဒရှင်ပြည်သူများနှင့် မဲရုံတာဝန်ရှိသူများအနေဖြင့်လည်း ကိုယ်စီတာဝန်ကျေပွန်စွာဖြင့် ရွေးကောက်ပွဲကြီးကို အောင်မြင်စွာကျင်းပနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် E-government ဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးညီညီလွင်က မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) အကြောင်း ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က တာဝန်ရှိသူများနှင့်အတူ သင်တန်းသား၊ သင်တန်းသူများအား သင်တန်းပို့ချနေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

အဆိုပါသင်တန်းသို့ ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်းခရိုင်နှင့်မြို့နယ် ၁၄ မြို့နယ်ရှိ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးများမှ အရာထမ်း၊ အမှုထမ်းသင်တန်းသား၊ သင်တန်းသူ ၁၀၀ တက်ရောက်ပြီး သင်တန်းတွင် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)ဖွဲ့စည်းတည်ဆောက်ပုံနှင့် စက်တပ်ဆင်နည်း၊ စမ်းသပ်မဲပေးနည်း၊ ဖြန့်ခွဲနည်း၊ ရွေးကောက်ပွဲနေ့တွင် မဲရုံ၌ မဲပေးစက်တပ်ဆင်ခင်းကျင်းနည်း၊ မဲရလဒ်ရေတွက်နည်း၊ နည်းဥပဒေပါအတိုင်း မဲရလဒ်စာရင်းပြုစုနည်း၊ မဲပေးစက်အား ပြန်လည်ထုပ်ပိုးသိမ်းဆည်းနည်းနှင့် မဲရုံခင်းကျင်းမှုပုံစံအတိုင်း စနစ်တကျလက်တွေ့လေ့ကျင့်ဆောင်ရွက်နည်းပညာရပ်များကို မေလ ၂၆ ရက်မှ ၂၈ ရက်အထိ သင်ကြားပို့ချမည်ဖြစ်ကြောင်းသိရသည်။

**ခရိုင်(ပြန်/ဆက်)**




အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးပင်မအဆောက်အဦနှင့် အခြားရုံးအဆောက်အဦများ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေများနှင့် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ငလျင်ဒဏ်ကြောင့်ပျက်စီးခဲ့သည့် ဇမ္ဗူသီရိမြို့နယ် ဉာဏသိဒ္ဓိရပ်ကွက်ရှိ တိုက်အမှတ် ၃၁၀၇ အဆောက်အဦနှင့်အခန်းများတွင် Stitching Method ဖြင့် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း သဇင်(၂)အပျိုဆောင်အဆောင်(၁)တွင် ငလျင်ဒဏ်ကြောင့် အနည်းငယ်ထိခိုက်ခဲ့သည့်နံရံများအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

ခဲ့သည့် အဆောက်အဦနှင့် အခန်းများတွင် Stitching Method ဖြင့် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သဇင် (၂) အပျိုဆောင် အဆောင်(၁) နှင့် သဇင် (၅) လူပျိုဆောင် အဆောင် (၁၁) တို့၌ ငလျင်ဒဏ်ကြောင့် အနည်းငယ်ထိခိုက်ခဲ့သည့် နံရံများကို ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းမှ ဝန်ထမ်းများက Sikalatex ဆေးရည်၊ ကျုံ့ခြင်းမရှိသော ဘိလပ်မြေအခြေခံဘက်စုံ သုံးဆေးမှုန့် (SikaGrout) နှင့် ဘိလပ်မြေများ ရောစပ်၍ ကွဲအက်ခဲ့သည့်နေရာများအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုတာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# ပုဗ္ဗသီရိမြို့နယ်တွင် ပဲတီစိမ်းမျိုးလိုင်းများ၏ဖြစ်ထွန်းမှုအား တောင်သူများနှင့်အတူ အကဲဖြတ်ရွေးချယ်လေ့လာခြင်း ကွင်းပြပွဲကျင်းပ

နေပြည်တော် မေ ၂၆

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် ယနေ့နံနက်ပိုင်းတွင် ချောင်းမကြီးရေလှောင်တမံသို့ သွားရောက်ကာ ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သောမြေသားတမံအား စက်ယန္တရားများဖြင့်ပြန်လည်ပြုပြင်နေမှု၊ ရေဖိအားလျှော့တွင်းများ တူးဖော်နေမှုနှင့် ရေစစ်ကျောက်ရိုးထပ်ပိုးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဥတ္တရသီရိမြို့နယ် သီရိရတနာလမ်း၊ မန္တလေးလမ်း၊ ကျိုင်းတုံလမ်းနှင့် ရာဇသင်္ဂဟအိမ်ရာ(၂)တို့တွင် ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သော ပင်မရေပိုက်လိုင်းများနှင့် ရေပေးဝေရေးပိုက်လိုင်းများ ပြန်လည်ပြုပြင်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပုဗ္ဗသီရိမြို့နယ် ဘဲကုန်းကျေးရွာအုပ်စု ကွင်းအမှတ်(၁၆၂၃) တွင် ပြုလုပ်သည့် အလားအလာကောင်းသော ပဲတီစိမ်းမျိုးလိုင်းများ၏ ဖြစ်ထွန်းမှုအား တောင်သူများနှင့်အတူ အကဲဖြတ်ရွေးချယ်လေ့လာခြင်း ကွင်းပြပွဲသို့သွားရောက်ပြီး တောင်သူများနှင့်တွေ့ဆုံကာ တောင်သူများ၏ ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ပဲတီစိမ်း၊ နှမ်းနှင့် နေကြာမျိုး စမ်းသပ်စိုက်ကွက်များကိုလည်းကောင်း၊ ပင်လောင်းလမ်းဘေးတွင် ဆိုလာရေတင်စနစ် ၆ လက်မ စက်ရေတွင်းများ တူးဖော်ထားရှိမှု၊ စိုက်ပျိုးရေရရှိရန် ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ကျင်းပသည့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာ ပြန်လည်ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့တက်ရောက်၍ စာမေးပွဲ ပြန်လည်ဖြေဆိုသည့်အချိန်တွင် ကျောင်းသား၊ ကျောင်းသူများသွားလာမှုအဆင်ပြေစေရေး၊ ကျောင်းပတ်ဝန်းကျင်လုံခြုံရေးနှင့် လျှပ်စစ်မီးမပြတ်တောက်စေရေး၊ စခန်းသွင်းလေ့ကျင့်သင်ကြားနေစဉ်နှင့် စာမေးပွဲပြန်လည်ကျင်းပစဉ်ကာလအတွင်း အုပ်ချုပ်ရေးပိုင်းတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ရပ်မိရပ်ဖများမှ လိုအပ်ချက်များကို ဝိုင်းဝန်းကူညီဖြည့်ဆည်းကြပ်မတ် ဆောင်ရွက်သွားရန်နှင့် ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝဆောင်ရွက်ပေးရန်လိုကြောင်း မှာကြားသည်။

မြဝတီ

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Chairman of Natural Disaster Management Committee Vice Chairman of SAC Deputy Prime Minister Vice-Senior General Soe Win inspects repair works on ministry buildings and staff housing

NAY PYI TAW May 26

Chairman of the Natural Disaster Management Committee Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win, accompanied by Union Ministers, the Chairman of the Nay Pyi Taw Council, the Commander of the Nay Pyi Taw Command, and other officials, inspected the ongoing repair works on ministry buildings, staff housing, and dormitories this evening.

First, the Vice-Senior General and party arrived at the Ministry of Energy, where officials briefed them on the damage caused by the earthquake to office buildings, the temporary operation of offices using prefabricated structures, and the completion of modular housing for staff accommodation. The Vice-Senior General issued necessary instructions and then inspected the damage and repair progress at the Union Minister's Office and the Myanmar Oil and Gas Enterprise office buildings.



Vice-Senior General Soe Win hears reports on damage to buildings of the Ministry of Energy in Nay Pyi Taw.



Vice-Senior General Soe Win inspects repair works of the Nyana Theikdhi residential block of Zabuthiri Township in Nay Pyi Taw.

Next, the Vice-Senior General and party visited the Ministry of Planning and Finance. They examined the earthquake damage to the main building and other office structures, as well as the ongoing repair efforts, coordinating with responsible officials to address any needs.

Later, the Vice-Senior General and party proceeded to Building No. 6209 in the Zabuthiri Township's Thukha Theikdhi residential block, which had been marked as safe for reoccupation (blue-tagged). They observed minor earthquake damage and the completed repairs carried out by the Myanmar Licensed Contractors Association. They also checked on the living conditions of government staff, inquired about their access to the five basic commodities provided by the state, and coordinated with officials to resolve any issues.

The Vice-Senior General and his entourage then visited Building No. 3107 in the Nyana Theikdhi residential block of Zabuthiri Township, where the Myanmar Construction Development Association was conducting repairs using the stitching method on earthquake-damaged structures and rooms. The Vice-Senior General inspected the progress and gave necessary instructions to the responsible personnel.

Finally, the Vice-Senior General and party inspected the slightly damaged walls at the Thazin (2) Women's Dormitory (Building 1) and Thazin (5) Men's Dormitory (Building 11). Construction workers were using Sikalatex liquid, non-shrink cement-based multipurpose mortar (SikaGrout), and mixed cement to repair cracks. The Vice-Senior General reviewed the progress and coordinated with officials to address any remaining needs.

**100**

# Chickpeas fully harvested in Wetlet Township

WETLET May 26

Chickpeas planted during the winter crops planting season have been harvested in Wetlet Township, Shwebo District, Sagaing Region, according to the statistics from the Department of Agriculture for Wetlet Township.

In Wetlet Township, 55,988 acres of chickpeas were planted during the winter crops planting season, and the chickpea fields that were planted have been harvested since January this year, so far all of the chickpeas have been harvested, yielding 24.50 baskets per acre.

Sagaing Region is the largest region in the country in terms of area for bean and pulses production. Since it can be grown as an intercropping, farmers are growing it as an income-generating crop. **SK**

●● From Page - 21

there have been actions beyond these legal permissions, and thus, it is necessary to implement strict control and enforcement.

On one hand, enforcement actions such as arrests and controls must be taken, and on the other hand, it is necessary to carry out activities in accordance with laws such as the Intellectual Property Law and the Consumer Protection Law to ensure robust enforcement. This effort requires collaboration among the public, the government, entrepreneurs, and business organizations. When carrying out such efforts, procedures must align with the Customs Law, Import and Export Law, Commercial Tax Law, and Special Commodities Law, as well as enforcement according to the Competition Law and Consumer Protection Law. Intelligence gathering plays a crucial role in combating illegal trade. In February, March, and April 2025, a total of 255 tips were received: 237 accurate, 13 false, and 5 late. Due to the decreasing number of late reports and the increasing accuracy of tips, enforcement against illegal trade has become more effective. Authorities must ensure the confidentiality of tips and security of the informant public to prevent any harm or loss for them. Based on the cases successfully prosecuted due to informants' tips, the government has been offering benefits and honorary awards. News about these honorary awards should be frequently publicized so that the general public is well aware of the government awards.

With regard to seizures, both goods and restricted items have been confiscated. Committee members and relevant authorities are required to take measures to minimize waste or loss of seized goods, take quick legal action, auction the goods as soon as possible and confiscate the money as government funds in accordance with procedures systematically as soon as possible.

In combating illegal trade, it is necessary for special teams in Nay Pyi Taw Council, Regions/States and relevant departments to continue to make stronger collaboration to combat illegal activities more effectively than ever. Personnel involved in these operations are urged to maintain individual security awareness, remain alert, and act responsibly and to operate with an emphasis on security and vigilance within relevant organizations. As combating illegal trade cannot be accomplished by any one person alone, success depends on collaborative efforts involving the leading committee, responsible personnel from regions and states, relevant ministry staff, security forces, and the general public and only through such joint cooperation can the committee's objectives be effectively realized and threats that could impact national economic development be prevented and mitigated. Therefore, it is necessary to exert efforts to combat illegal trade more efficiently and effectively.

Then, Deputy Minister for Commerce and Secretary of the Illegal Trade Eradication Steering Committee U Min Min provided a briefing on the progress of the resolutions made during the Steering Committee Meeting (1/2025), as well as its ongoing activities.

After that, Director General U Aung Thwin Oo, the leader of the steering committee's office task force, Director General U Han Win Aung of the Central Equipment Statistics and Inspection Department, Director General U Thein Swe of the Customs Department, Director General U Myint Thura of the Department of Trade, the Deputy Director General Professor Dr. Ye Myint of the Department of Food and Drug Administration read and presented the orders submitted to the Steering Committee Work Coordination Meeting (2/2025).

Next, the Union Ministers who are members of the Steering Committee U Win Shein, Lt-Gen Tun Tun Naung, U Tun Ohn, Chairman of the Revenue Appellate Tribunal U Myint Oo, Member of Nay Pyi Taw Council, the chairmen and officials of the special committees of the regions and states reviewed findings on illegal trade, and discussed situations in which drugs, controlled chemicals, weapons, illegal timber, vehicles, fuel oils, food, drugs and cosmetic products are being seized and taking action. They also discussed the circumstances under which cases are being expedited to prevent the destruction and loss of seized items, issues related to the broad dissemination of information, preventive measures, export and import comparisons and commodity flow conditions at trading stations, and trade conditions with neighboring countries.

After that, the Vice-Senior General coordinated the presentations and concluded the meeting. **100**

# Farmers harvest all acres of maize in Maubin Township

MAUBIN May 26

A total of 4,270 acres of maize has been harvested in Maubin Township of Ayeyawady Region, said U Zaw Min Tun, the head of Maubin Township Agriculture Department.

In Maubin Township, during this year's winter crop season, maize was cultivated across up to 4,270 acres of croplands. The harvesting of these maize fields began in the first week of March this year. As of today, harvesting has been completed for 100 per cent of the maize fields, and a yield of 85.12 baskets per acre has been reported.

"To ensure farmers could grow their winter crops without difficulty, we provided necessary technical support and other assistance in advance. This season, more than 4,200 acres of maize were cultivated. To ensure full cultivation and good yields, the Department of Agriculture and relevant agencies worked together to provide proper farming methods and necessary support," said U Zaw Min Tun, head of the Department of Agriculture for Maubin Township.

He also stated, "Compared to previous years, yield rates and quality have improved, and we implemented systematic measures to protect the crops from pests and diseases."

During this year's monsoon crop season, the Department of Agriculture, in collaboration with related agricultural organizations, worked with local farmers in Maubin Township to enable smooth cultivation of maize.



They also supported the selection and planting of high-quality, marketable maize varieties.

**SMK**

# Indaw Township finishes harvest of kidney bean

INDAW May 26

Indaw Township Agriculture Department mentioned that local farmers harvested all sown acreage of kidney bean in Indaw Township of Sagaing Region.

In Indaw Township, a total of 3,430 acres of kidney beans were cultivated during the winter cropping season. Harvesting of these kidney bean fields began in January this year and continued until today, with 100 percent of the acreage now fully harvested. It is reported that the yield was 16.58 baskets per acre.

U Thein Khine, Head of the Indaw Township Department of Agriculture, stated, "In Indaw Township, kidney beans were cultivated on 3,430 acres. At present, all of the cultivated areas have been fully harvested. To ensure good yield and quality of the beans, we have worked together with farmers by providing high-quality and pure seeds, proper input support, and post-harvest technology."

In Indaw Township, the Department of Agriculture has conducted educational programs to support kidney bean farmers in expanding cultivation areas, improving yields, adopting GAP (Good Agricultural Practices), and using quality seed varieties with high productivity.

Crops grown using GAP methods have better quality than those grown with traditional methods. These crops can fetch higher prices and are eligible not only for the domestic market but also for export to international markets. As a result, farmers who adopt GAP methods can enjoy greater economic benefits.

**SMK**

# Cambodia spots newborn rare Mekong dolphin, bringing total population to 111



PHNOM PENH May 26

Cambodia has welcomed seven newborn Mekong Irrawaddy dolphins so far this year, bringing the total population of the aquatic mammals to 111, the Ministry of Agriculture, Forestry and Fisheries (MAFF) said in a press release on Monday.

The latest newborn dolphin calf, about two days old, was spotted on Sunday at the Kampi dolphin pool in Kratie province's Preaek Prasab district by a team of researchers from the Fisheries Administration and the World Wide Fund for Nature (WWF).

"This newborn dolphin was seen swimming alongside a pod of four adult dolphins," the press release said. "It is the seventh dolphin calf born in 2025."

The Mekong River Irrawaddy dolphins have been listed since 2004 as critically endangered on the International Union for Conservation of Nature's Red List of Threatened Species.

In 2024, the Southeast Asian country recorded a total of nine newborn dolphin calves, with four deaths, according to the news release.

The MAFF estimates that to date, there are 111 Irrawaddy dolphins living along a 120-km main channel of the Mekong River in northeast Stung Treng and Kratie provinces. **Xinhua**

# Russia launches record 355 drones at Ukraine in overnight attack

KIEV May 26

The Russian forces launched a record of 355 drones at Ukraine on Sunday night into Monday morning, in a third major aerial attack in three days, the Interfax-Ukraine news agency reported, citing data from the country's Air Force.

According to the report, 233 drones were destroyed by firepower, while 55 disappeared from the radars or were suppressed by electronic warfare means.

Besides, Russia attacked Ukraine with nine cruise missiles and all of them were shot down. The Russian-launched projectiles struck five sites in Ukraine, while debris from downed drones hit 10 other locations, the Air Force said in a statement.

The Russian Defence Ministry said on Sunday that Russia intercepted and destroyed 110 Ukrainian drones across various regions of the country overnight, including 13 over the Moscow region.

**Xinhua**

# 33 killed by Israeli airstrike on school-turned shelter in Gaza City



GAZA May 26

At least 33 Palestinians, including 18 children and six women, were killed and dozens of others injured in an Israeli airstrike early Monday morning targeting the Fahmi Al-Jarjawi school sheltering displaced families, according to Gaza's Civil Defence.

Mahmoud Basal, a civil defense spokesperson, told Xinhua that searching operations, still underway for missing persons under the rubble, were hampered by the scale of the devastation.

Eyewitnesses described the scene as "catastrophic."

"The explosion was like an earthquake. Minutes later, we saw flames engulfing the tents and charred bodies inside them," Mahmoud Suleiman, a resident of the area, told Xinhua.

In a statement, the Israeli army confirmed the targeting of the school, claiming that it was being used as a "command and control compound" by Hamas and Islamic Jihad to plan "terrorist attacks." The army added that it had employed precision-guided munitions and aerial reconnaissance to minimize civilian casualties.

The bombing coincided with the Israeli army issuing urgent evacuation orders for residents of the Bani Suheila, Abasan, and Al-Qarara areas of Khan Younis in the southern Gaza Strip, in preparation for an "unprecedented" attack.

The evacuation came after three rockets were fired from southern Gaza toward Israel, one of which was intercepted.

Since Israel resumed its military campaign on March 18, at least 3,822 Palestinians have been killed and 10,925 injured, bringing the overall death toll in Gaza since the war began in October 2023 to 53,977, with a total of 122,966 people injured, according to health authorities in Gaza on Monday.

**Xinhua**

# Macron says he, his wife were 'Horsing Around' during incident caught on video

MOSCOW May 26

French President Emmanuel Macron rejected media claims on Monday that a video of him being punched in the face by his wife Brigitte was a "family scene," saying they were just "horsing around."

"We were arguing, or rather just horsing around with my wife, but to my surprise it became a kind of planetary catastrophe. People are saying a lot of stupid things. Everyone needs to calm down," Macron told reporters during a visit to Vietnam, as broadcast by the Elysee Palace on X.

Macron added that the video was real, but misinterpreted.

The president and his wife arrived in Vietnam on May 25. Journalists capturing the moment of Macron's exit from the plane recorded an incident where he was struck in the face by his wife. In the video, Brigitte is not visible, but it is clear that her hands are pushing the president quite forcefully into his chin.

Initially, the Elysee Palace denied the authenticity of the footage, but when it became known that many media outlets had circulated the video, a source close to the president said that it was a "family quarrel."

**Sputnik**

# India surpasses Japan as fourth-largest global economy – New Delhi

NEW DELHI May 26

India has surpassed Japan to become the world's fourth-largest economy, government-backed policy think tank NITI Aayog has said. The Indian economy has grown to US$-4 trillion, behind only the US, China, and Germany, NITI Aayog CEO BVR Subrahmanyam stated in a press briefing on Saturday.

Subrahmanyam cited data from the International Monetary Fund (IMF), adding that "if we stick to what is being planned and what is being thought through, in the next three years, we will be the third largest economy."

The NITI Aayog CEO also mentioned that a new round of the government's asset monetization plan is being prepared and will be announced in August. This is in line with Indian Finance Minister Nirmala Sitharaman, who said in a statement to the IMF in April that to achieve economic stability and development goals, "country specific structural reforms and domestic resource mobilization are indispensable."

India's GDP growth of 6.5 percent in 2024-25 remains the highest amongst large economies, according to economists. Indian Prime Minister Narendra Modi on Saturday reiterated his call towards transforming the country into a developed nation by 2047.

The South Asian nation's push also comes at a time when tariffs with major economies, such as the US and in Europe, are being negotiated. India's regulators have been setting the ground for growth, including in April when the country's central bank cut its key interest rate for the second time this year. **RT**

# Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win addresses Work Coordination Meeting 2/2025 of the Illegal Trade Eradication Steering Committee



Vice-Senior General Soe Win addresses the Work Coordination Meeting 2/2025 of the Illegal Trade Eradication Steering Committee.

NAY PYI TAW May 26

Work Coordination Meeting 2/2025 of the Illegal Trade Eradication Steering Committee was held at the conference hall of the Ministry of Commerce here this afternoon, addressed by Vice Chairman of the State Administration Council Deputy Prime Minister Chairman of the steering committee Vice-Senior General Soe Win.

Also present at the meeting were union ministers U Win Shein, Lt-Gen Tun Tun Naung and U Tun Ohn, deputy ministers, Chairman of the Revenue Appellate Tribunal U Myint Oo, member of the Nay Pyi Taw Council, permanent secretaries, directors-generals, chairmen and officials of organizations. Chairs of region and state special committees for eradication of illegal trade participated in the meeting in the form of video conferencing.

In his address, the Vice-Senior General said at the Security, Peace and Stability and Rule of Law Committee meeting on 19 March 2025, the Chairman of the State Administration Council said, **"Illegal trade can harm regional peace and stability and security as they encourage criminal activities and funnel financial assistance for terrorist organizations. In this regard, officials of the relevant ministries and region/state governments should effectively conduct anti-illicit trade operations."**

At the meetings on economy, the Prime Minister always gives guidance **to effectively eradicate illicit trade.** In this regard, special attention must be paid to illegal trade. The SAC made amendments in 2022 for effectiveness of the anti-illegal trade activities. Work coordination meetings have been held 19 times and up to the $18^{\text{th}}$ meeting 619 resolutions were adopted. During the period of three years and four months, illegal goods valued at Ks-576.541 billion were impounded in 22,198 cases. Seizures in March 2025 tops the monthly chart. More cases should be exposed and more illegal goods should be seized. The volume of illicit trade rose at the time when border trade was suspended. The number of seizures had increased alongside the rise in illicit trade. Anti-illicit trade activities will achieve more success if security and inspection teams make checks more thoroughly.

Moreover, anti-illegal trade operations must be carried out with neighbours through ministry-to-ministry and government-to-government information sharing and cooperation. As regards anti-illegal trade, Myanmar ranks 117 among 158 nations, in the 2025 Illicit Trade Index of the Transnational Alliance to Combat Illicit Trade (TRACIT). Of the 84 countries, Myanmar was at $81^{\text{st}}$ position in the Global Illicit Trade Environment, released in 2018. So, the 2025 index shows Myanmar's improvement in the issue. However, Myanmar ranks $9^{\text{th}}$ in the anti-illegal trade chart among the ten ASEAN member states. Hence, anti-illegal trade activities need more acceleration. Internally, anti-illegal trade must be launched more effectively, and externally, G2G and M2M cooperation must be set up with neighbouring trade partners.

The 2025 Illicit Trade Index of the Transnational Alliance to Combat Illicit Trade (TRACIT) states the 12 sectors where illicit-trade is extremely high, and they include farm goods, agricultural chemicals and pesticides, alcohol, counterfeit consumer goods, forest products, illegal fishing, petrochemicals, medicines, precious metals and gems, tobacco products, human trafficking, and wildlife trafficking.

It is necessary for members of One Stop Service teams and inspection teams, who are members of the relevant 12 sectors, to identify smuggling activities and take appropriate actions. It has been observed that during the period of three years and four months, the highest number of seizures involved unlicensed and unauthorized motor vehicles and motorcycles. Additionally, imports related to investment, machinery and various consumer goods, were also discovered. Given that our country is an agricultural nation, the Ministry of Commerce has officially issued licenses for agricultural machinery. However,

See Page - 19 ●●

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# လန်ဒန်မှ နယူးယောက်သို့ ၄၅ မိနစ်ဖြင့် အရောက်သွားမယ့် အသံထက် ၇ ဆမြန်လေယာဉ်

ဗြိတိန်နိုင်ငံ လန်ဒန်မြို့မှ အမေရိကန်နိုင်ငံ နယူးယောက်မြို့အထိကို သာမန်အားဖြင့် လေယာဉ်စီးမယ်ဆိုရင် အချိန်ကရှစ်နာရီ ကျော်ကြာမြင့်မှာပါ။ အကွာအဝေးကလည်း ကီလို မီတာပေါင်း ၅၅၅၄ ကီလိုမီတာကျော်ပါတယ်။ တကယ်လို့များ လန်ဒန်မြို့ကနေ နယူးယောက်မြို့ကို လေယာဉ်စီးပြီးသွားရမယ်ဆိုရင်တော့ အချိန်အားဖြင့် တစ်နေကုန်လောက်ယူရမှာ အသေအချာပါပဲ။

ဒါကြောင့်လည်း သိပ္ပံပညာရှင်များက အဲဒီလိုမျိုး ကြာမြင့်ချိန်ကိုလျှော့ချနိုင်စေဖို့အတွက် တီထွင် ဆန်းသစ်မှုတွေလုပ်ဆောင်လာတာတွေ့ရပါတယ်။ အဓိကအားဖြင့် မြန်နှုန်းမြင့်လေယာဉ်တွေကို တီထွင် လာကြတာပါ။

ဒီလိုမျိုး တီထွင်လာကြခြင်းရဲ့အကျိုးရလဒ် တစ်ခုအနေနဲ့ လန်ဒန်မြို့ကနေ နယူးယောက်မြို့ကို ၄၅ မိနစ်အတွင်းအရောက်သွားနိုင်တယ်ဆိုရင် ယုံနိုင် ပါ့မလား။ ဒီလိုမျိုးအရောက်သွားနိုင်ဖို့ဆိုရင် အသံ ထက်အလွန်မြန်တဲ့နှုန်းနဲ့သွားမှသာရောက်ရှိမှာပါ။

အခုတော့ A-HyM Hypersonic Air Master ဆိုတဲ့လေယာဉ်ရဲ့ ဒီဇိုင်းပိုင်းထွက်ပေါ်လာပါပြီ။ ဒီ လေယာဉ်ကအပေါ်မှာပြောခဲ့သလိုမျိုးပဲ လန်ဒန်မြို့ ကနေ နယူးယောက်မြို့ကို ၄၅ မိနစ်အတွင်းအရောက် သွားနိုင်စေမှာပါ။ ဒီလိုသွားနိုင်ဖို့အတွက်သူ့ရဲ့အမြန် နှုန်းက အသံထက် ၇ ဒသမ ၃ ဆမြန်တဲ့နှုန်းနဲ့သွားမှာ ဖြစ်ပါတယ်။

အသံထက် ၇ ဒသမ ၃ ဆမြန်တဲ့နှုန်းဆိုတာကို ရှင်းလင်းမြင်သာအောင်ပြရရင် တစ်နာရီကိုမိုင်ပေါင်း ၅၆၀၀ ကျော်နှုန်း၊ ကီလိုမီတာအားဖြင့် ၉၀၀၀ ကျော် နှုန်းနဲ့သွားနိုင်တာဖြစ်ပါတယ်။ လက်ရှိအသုံးပြုနေတဲ့ အဆင့်အမြင့်ဆုံးခရီးသည်တင်လေယာဉ်တောင်မှ အမြန်ဆုံးအနေနဲ့ တစ်နာရီကိုမိုင် ၅၆၀ နှုန်းနဲ့သာ ပျံသန်းနိုင်ပါသေးတယ်။ အတိတ်တုန်းက လန်ဒန်က နေ နယူးယောက်ကို ကြာမြင့်ချိန်သုံးနာရီခွဲဝန်းကျင် နဲ့ပျံသန်းခဲ့ဖူးတဲ့ ကမ္ဘာကျော်ကွန်းကော့လေယာဉ် တောင်မှ A-HyM Hypersonic Air Master ရဲ့နောက်မှာ ပြတ်ကျန်ခဲ့ရမယ့်အနေအထားဖြစ်ပါတယ်။

A-HyM Hypersonic Air Master ဆိုတာ စပိန် နိုင်ငံမှလေကြောင်းအာကာသ ဒီဇိုင်နာတစ်ဦးဖြစ်တဲ့ အော်စကာဗီနာရဲ့စိတ်ကူးဖြစ်ပါတယ်။ သူ့ရဲ့ စိတ်ကူးထဲမှာ ခရီးသည် ၁၇၀ ကိုတင်ဆောင်ပြီး မြေ မျက်နှာပြင်အထက် ၉၈၄၂၅ ပေကနေပျံသန်းမယ့်အသံ နှုန်းလွန်ခရီးသည်တင်လေယာဉ်ကို ဖန်တီးဖို့ဖြစ်ပါ တယ်။ ဒီအမြင့်ပေဆိုတာကလည်း သာမန်ခရီးသည် တင်လေယာဉ်တွေ ပျံသန်းတဲ့အမြင့်ပေထက်ကို နှစ်ဆကျော်ရှိပါတယ်။

"အခုလိုမျိုးလေယာဉ်ကိုစိတ်ကူးပုံဖော်ဖန်တီးရ တဲ့အကြောင်းရင်းက လေယာဉ်စီးသူတွေအနေနဲ့ သူမတူထူးခြားတဲ့အတွေ့အကြုံကိုခံစားရရှိနိုင်စေဖို့ နဲ့ ခရီးသွားရတဲ့ကြာမြင့်ချိန်ကိုလည်း သိသိသာသာ လျှော့ချနိုင်စေဖို့ဖြစ်ပါတယ်။ ဒီလေယာဉ်ကြောင့် လန်ဒန်မြို့ရှိ ဟီသရိုးလေဆိပ်ကနေ လေယာဉ်ပေါ် တက်ပြီးချိန်မှ နယူးယောက်မြို့ရှိ လော့အိန်ဂျလိ လေဆိပ်ကိုဆိုက်ရောက်ပြီးဆင်းပြီးသည့်အချိန်အထိ စုစုပေါင်းကြာမြင့်ချိန် တစ်နာရီခွဲပဲရှိမှာဖြစ်ပါတယ်" လို့ အော်စကာဗီနာကပြောပါတယ်။



အခုလိုမျိုးအသံထက်အလွန်မြန်တဲ့နှုန်းနဲ့ပျံသန်း မယ်ဆိုတာက အဲဒီလေယာဉ်ကိုအမြန်သွားစေတာ တစ်ခုတည်းဖြစ်ပေါ်စေတာမဟုတ်ပါဘူး။ သူနဲ့ ပတ်သက်ပြီး နည်းပညာပိုင်းဆိုင်ရာစိန်ခေါ်မှုတွေကိုပါ ရင်ဆိုင်ရတာဖြစ်ပါတယ်။ အထင်ရှားဆုံးသောနည်း ပညာပိုင်းဆိုင်ရာစိန်ခေါ်မှုကတော့ အပူချိန်မြင့်တက် မှုကိုခံနိုင်ရည်ရှိစေရေးဖြစ်ပါတယ်။ ဒီလိုအရှိန်မျိုးနဲ့ သာလေထဲမှာပျံသန်းမယ်ဆိုရင် လေယာဉ်ကလေထု နဲ့ပွတ်တိုက်မှုကြောင့် အပူချိန် ၁၀၀၀ ဒီဂရီစင်တီ ဂရိတ်အထိကိုရင်ဆိုင်ရမှာပါ။

ဒီစိန်ခေါ်မှုကိုဖြေရှင်းနိုင်ဖို့အတွက် အော်စကာ ဗီနာက လေယာဉ်ရဲ့ကိုယ်ထည်ကို တိုက်တေနီယံ၊ ကာဗွန်ဖိုက်ဘာတို့နဲ့ပေါင်းစပ်ပြုလုပ်သွားမယ်လို့ဆို ပါတယ်။ ဒီကုန်ကြမ်းပစ္စည်းတွေက အလေးချိန်အား ဖြင့်ပေါ့ပါးတဲ့အပြင် အပူဒဏ်ကိုလည်းအလွန်ခံနိုင် ရည်ရှိပါတယ်။ ဒီအတွက်ကြောင့် သူတို့ကိုကမ္ဘာ့မြေ မျက်နှာပြင်အမြင့်ပိုင်းတွေမှာ အသုံးပြုဖို့အတွက် အသင့်လျော်ဆုံးသော ကုန်ကြမ်းပစ္စည်းတွေဖြစ်စေ တာပါ။

အခုလောက်ထိမြန်တဲ့နှုန်းနဲ့သွားမယ်ဆိုရင် အသံ ပိုင်းဆိုင်ရာနှောင့်ယှက်မှုနဲ့ မလွဲမသွေရင်ဆိုင်ရမှာပါ။ အဓိကကတော့ ကြီးမားပြီးကျယ်လောင်တဲ့အသံကို ထွက်ပေါ်စေမှာအမှန်ပါပဲ။ ဒီအခက်အခဲကိုဖြေရှင်း ဖို့အတွက်ကျတော့ Sonic Boom Mitigation စနစ် ကိုအသုံးပြုသွားမယ်လို့ဆိုပါတယ်။ ဒီစနစ်ဆိုတာက လေယာဉ်က လေထုကိုဖြိုခွဲသွားတဲ့အခါ ထွက်ပေါ် လာတဲ့အသံပေါက်ကွဲမှုကို လျှော့ချပေးနိုင်တဲ့စနစ် ဖြစ်ပါတယ်။

တကယ်လို့သာ ဒီစနစ်အောင်မြင်သွားပါက သူ့ကိုသာမန်အသံနှုန်းလွန်ပျံသန်းမှုတွေမှာ ထည့်သွင်း အသုံးပြုလာနိုင်ပါလိမ့်မယ်။ ဥပမာအားဖြင့် တိုက် လေယာဉ်တစ်စင်းဆိုလျှင် အသံထက်မြန်စနစ်ကို ဖွင့်ပြီးသွားပါက အလွန်ကိုဆူညံတဲ့လေကိုထိုးခွဲသံ ထွက်ပေါ်စေပါတယ်။ ဒီအသံကို အောက်မှာရှိနေတဲ့ ပြည်သူတွေက ဘယ်လိုမှမခံနိုင်ပါဘူး။ ဒါကြောင့် လည်း အသံထက်မြန်စနစ်အသုံးပြုမယ်ဆိုရင် လူထု ကိုကြိုတင်အသိပေးကြရတာပါ။

A-HyM Hypersonic Air Master အနေနဲ့အခုလိုမျိုး အမြန်နှုန်းနဲ့ပျံသန်းနိုင်ဖို့အတွက် အဓိကကျတဲ့ အရာက သူ့ရဲ့အင်ဂျင်ဖြစ်ပါတယ်။ ဒီနေရာမှာလည်း သူ့ရဲ့နည်းပညာအဆင့်အတန်းမြင့်မားမှုကိုဖော်ပြနေ တာတွေ့ရပါတယ်။ အကြောင်းရင်းကတော့ အင်ဂျင် အတွက်လိုအပ်တဲ့လောင်စာအဖြစ် ဟိုက်ဒရိုဂျင်ကို အသုံးပြုသွားမယ်လို့ဆိုထားတဲ့အတွက်ပါ။ အင်ဂျင် စနစ်ကလည်း ပေါင်းစပ်အင်ဂျင်စနစ်ဖြစ်ပြီး ဒီစနစ်မှာ Turbojet၊ Ramjet နဲ့ Oblique Detonation Engine နည်းပညာတွေကို ပေါင်းစပ်ထားတာကြောင့် စတင် ပျံတက်ချိန်မှသည် အသံနှုန်းလွန်အမြန်နှုန်းဖြင့် ပျံသန်းချိန်အထိကို အရှိန်အမျိုးမျိုးတင်နိုင်စေမှာ ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ သက်သောင့်သက်သာဖြစ် မှုပါ။ လေယာဉ်က အသံထက် ၇ ဆမြန်တဲ့နှုန်းနဲ့ ပျံသန်းမှာဖြစ်တဲ့အတွက် လေယာဉ်ပေါ်လိုက်ပါစီးနင်း ကြမယ့် ခရီးသည်တွေအနေနဲ့ သက်သောင့်သက်သာ ဖြစ်ဖို့အင်မတန်အရေးကြီးပါတယ်။ ဒီအတွက် သမား ရိုးကျလေယာဉ်တွေလိုမျိုး ပြတင်းပေါက်သေးသေး လေးတွေနဲ့မဟုတ်ဘဲ မြင်ကွင်းကျယ်ပုံရိပ်တွေကို အချိန်နဲ့တစ်ပြေးညီဖော်ပြပေးနိုင်မယ့်စနစ်ကို အသုံး ပြုသွားမယ်လို့ အော်စကာဗီနာကဆိုပါတယ်။ ဒီစနစ် ကဖြစ်ပေါ်နေတဲ့အခြေအနေများကိုသာမက ဖျော် ဖြေရေးနဲ့သတင်းအချက်အလက်ပေးရေးလုပ်ငန်း ကိုလည်း တာဝန်ယူသွားမှာပါ။

ဒါ့အပြင် လေယာဉ်ရဲ့အတွင်းပိုင်းမှာ လိုက်ပါ စီးနင်းသူတွေအနေနဲ့ ကျယ်ဝန်းပြီးသက်သောင့်သက် သာဖြစ်စွာ စီးနင်းရတယ်ဆိုတဲ့ခံစားချက်ကိုရရှိစေ ဖို့အတွက် လိုအပ်တဲ့အကျယ်အဝန်းကိုထားရှိပေးဦး မှာပါ။ အထူးသဖြင့် အပေါ်မှာပြောခဲ့သလိုမျိုးပဲ မြန် နှုန်းမြင့်အရှိန်နဲ့ပျံသန်းနေတဲ့လေယာဉ်ပေါ်မှာ သက် သောင့်သက်သာဖြစ်တဲ့ခံစားချက်ကိုပေးစွမ်းနိုင်စေ ဖို့ဖြစ်ပါတယ်။

A-HyM Hypersonic Air Master အသံနှုန်းလွန် လေယာဉ်က လက်ရှိမှာစိတ်ကူးနဲ့ဒီဇိုင်းဖော်ထားတဲ့ အဆင့်မှာသာရှိနေသေးပေမယ့် ဒီစိတ်ကူးကြောင့်ပဲ အလွန်လျင်မြန်တဲ့ လေကြောင်းခရီးသွားလာမှုနည်း ပညာကို တစ်ဖန်ပြန်လည်ဆန်းသစ်လာစေတာဖြစ် ပါတယ်။ ဒ့ါအပြင် အရင်တစ်ချိန်တုန်းက သိပ္ပံစိတ် ကူးယဉ်ဇာတ်လမ်းတွေထဲမှာသာ မြင်တွေ့ခဲ့ရဖူးတဲ့ ဟိုက်ဒရိုဂျင်စွမ်းအင်သုံးအင်ဂျင်စနစ်၊ အသံပေါက် ကွဲမှုထိန်းချုပ်ရေးစနစ် အစရှိတဲ့ နည်းပညာတွေ ဆိုရင်လည်း လက်ရှိမှာလက်တွေ့ဖန်တီးစမ်းသပ်မှု တွေလုပ်ဆောင်လာနိုင်နေပြီဖြစ်တာကြောင့် အသံ ထက် ၇ ဆမြန်တဲ့ခရီးသည်တင်လေယာဉ်ဆိုတာက လည်း သိပ်မဝေးတော့တဲ့အချိန်ကာလမှာ လက်တွေ့ ကမ္ဘာဆီကို ပေါ်ထွက်လာမှာအမှန်ဖြစ်ကြောင်း ရေး သားတင်ပြလိုက်ရပါတယ်။ ။ **Ref: IE**

**ကိုထက်**

---

# အင်ဒိုနီးရှားက ဆူမားတြားကျွန်းကမ်းလွန်၌ မူးယစ်ဆေးဝါးနှစ်တန်ကို စံချိန်တင်ဖမ်းဆီးရမိ

ဂျကာတာ၊ မှုခင်း

အင်ဒိုနီးရှားရဲတပ်ဖွဲ့က ဆူမားတြားကျွန်းကမ်းလွန် ၌ မူးယစ်ဆေးဝါးနှစ်တန်ကို စံချိန်တင်အဖြစ်ဖမ်းဆီး ရမိကြောင်းနှင့် ထိုသို့ဖမ်းဆီးရမိမှုသည် နိုင်ငံ၏သမိုင်း တစ်လျှောက် အများဆုံးသောမူးယစ်ဆေးဝါးဖမ်းဆီး ရမိမှုဖြစ်ကြောင်း မေလ ၂၆ ရက်တွင်ထုတ်ပြန်ထား သည်။

ရဲတပ်ဖွဲ့ဝင်များသည် ယခုကဲ့သို့ဖမ်းဆီးရမိနိုင်ရေး အတွက် ငါးလကြာစောင့်ကြည့်ထောက်လှမ်းမှုများ လုပ်ဆောင်ခဲ့ကြောင်း၊ ပြီးခဲ့သည့်သီတင်းပတ်တွင်မှ တာဝန်ရှိသူများက သင်္ဘောများကိုစေလွှတ်ပြီး Sea Dragon Tarawa အမည်ရှိရေယာဉ်ကို ရပ်တန့်ဖမ်းဆီး ရှာဖွေမှုများပြုလုပ်ရာ မူးယစ်ဆေးဝါးများကို တွေ့ရှိရခြင်းဖြစ်ကြောင်း အင်ဒိုနီးရှားရဲတပ်ဖွဲ့ မူးယစ် ဆေးဝါးတိုက်ဖျက်ရေးဌာနမှူး မားသီးနပ်ဟူကွန်က သတင်းစာရှင်းလင်းပွဲတွင်ပြောသည်။

အဆိုပါမူးယစ်ဆေးဝါးများကိုတင်ဆောင်လာသည့် ရေယာဉ်သည် ရွှေတြိဂံဒေသမှလာ၍ အင်ဒိုနီးရှားနိုင်ငံ အပြင် မလေးရှားနှင့်ဖိလစ်ပိုင်နိုင်ငံတို့သို့သွားမည် ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးများနှင့်အတူ အင်ဒိုနီးရှား နိုင်ငံသားလေးဦးနှင့် ထိုင်းနိုင်ငံသားနှစ်ဦးတို့ကိုပါ ဖမ်းဆီးထားနိုင်ကြောင်း ၎င်းကဆက်ပြောသည်။

မေလအစောပိုင်းကလည်း အင်ဒိုနီးရှားရဲတပ်ဖွဲ့ သည် အမေရိကန်ဒေါ်လာ ၄၂၅ သန်းတန်ဖိုးရှိသည့် မူးယစ်ဆေးဝါးများကို တင်ဆောင်လာသောလှေ တစ်စင်းကို ဖမ်းဆီးရမိခဲ့ကြောင်းသိရသည်။

**Ref: TST**

# ရုရှားက ယူကရိန်းမှ အသေခံဒရုန်းအစင်းရေ ၁၅၀ ကျော်ကို တစ်ရက်အတွင်းပစ်ချရဟုဆို

မော်စကို၊ စစ်ရေး

ရုရှားနိုင်ငံ၏လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့သည် ပြီးခဲ့သည့် တစ်ရက်တာကာလအတွင်း ယူကရိန်းမှလာရောက်တိုက်ခိုက်သည့် အသေခံဒရုန်းအစင်းရေ ၁၅၀ ကျော်ကိုပစ်ချလိုက်ရကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက မေလ ၂၆ ရက်တွင်ထုတ်ပြန်ထားသည်။

မေလ ၂၅ ရက် နံနက် ၁၀ နာရီမှ ၂၆ ရက်နံနက် ၈ နာရီအထိ ဒရုန်းအစင်းရေ ၁၄၈ စင်းကိုပစ်ချနိုင်ကာ ယင်းနောက်ပိုင်းတွင် ဒရုန်းငါးစင်းကိုထပ်မံပစ်ချနိုင်ခြင်းဖြစ်ကြောင်း ဝန်ကြီးဌာန၏ထုတ်ပြန်ချက်တွင်ဆက်လက်ဖော်ပြထားသည်။

ယူကရိန်းနိုင်ငံသည် ရုရှားအပေါ်ဒရုန်းဖြင့်တိုက်ခိုက်မှုများကို ပိုမိုတိုးမြှင့်လုပ်ဆောင်လာသည့်အပြင် ယခင်ကညပိုင်းမှ လုပ်ဆောင်သည့်တိုက်ခိုက်မှုများကိုလည်း နေ့ပိုင်းတွင်ပြောင်းလဲလုပ်ဆောင်လာနေကြောင်း၊ ယခုတိုက်ခိုက်မှုများကြောင့် မေလ ၂၅ ရက်တွင် ရုရှားနိုင်ငံတူလာဒေသရှိ ဘုရားရှိခိုးကျောင်းတစ်ခု၏အမိုးကိုထိမှန်ပြီး မီးလောင်မှုဖြစ်ပွားရကြောင်း မျက်မြင်တွေ့ရှိသူများနှင့် တာဝန်ရှိသူများက ပြောသည်။

ပြီးခဲ့သည့်သီတင်းပတ်တွင် ရုရှားနိုင်ငံနှင့်ပေါင်းစည်းလာသည့် ခု(စ်)ဒေသသို့ ရုရှားသမ္မတဗလာဒီမာပူတင်သွားရောက်စဉ် ၎င်းစီးနင်းလာသောရဟတ်ယာဉ်ကို ယူကရိန်းဘက်က ဒရုန်းများဖြင့်ပစ်မှတ်ထားတိုက်ခိုက်ရန်လုပ်ဆောင်မှုအပြီးတွင် ရုရှားက ယူကရိန်းနိုင်ငံအတွင်းရှိ ဒရုန်းတပ်ဆင်ထုတ်လုပ်ရေးစက်ရုံအပါအဝင် စစ်ရေးပစ်မှတ်အများအပြားကို တာဝေးတိုက်ခိုက်မှုများလုပ်ဆောင်ထားသည်။ ယူကရိန်းဘက်က ထိုကဲ့သို့တိုက်ခိုက်မှုများလုပ်လာခြင်းသည် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ဖျက်လိုဖျက်ဆီးလုပ်ရာရောက်ကြောင်းသိရသည်။ **Ref: RT**



# အစ္စရေး၏တိုက်ခိုက်မှုကြောင့် စာသင်ကျောင်းတွင်ခိုလှုံနေသူ ၃၃ ဦးအပါအဝင် ပါလက်စတိုင်းပြည်သူ ၅၂ ဦးသေဆုံး

ဂါဇာ၊ စစ်ရေး

အစ္စရေးတို့၏ မေလ ၂၆ ရက်တိုက်ခိုက်မှုတွင် စာသင်ကျောင်းတစ်ကျောင်း၌ခိုလှုံနေရသူ ၃၃ ဦးအပါအဝင် ပါလက်စတိုင်းပြည်သူ ၅၂ ဦးသေဆုံးရကြောင်း ဂါဇာရှိကယ်ဆယ်ရေးသမားများကပြောသည်။

အဆိုပါတိုက်ခိုက်မှုလုပ်ဆောင်သည့်နေရာသည် အကြမ်းဖက်သမားများပုန်းခိုနေသည့်နေရာဖြစ်ကြောင်း အစ္စရေးကပြောထားသော်လည်း ယခုတိုက်ခိုက်မှုကြောင့် သေဆုံးသွားရသူအများစုသည် ကလေးငယ်များသာဖြစ်ကြောင်း အရပ်ဘက်ကာကွယ်ရေးအေဂျင်စီကထုတ်ပြန်ထားသည်။



အစ္စရေးနိုင်ငံသည် စားနပ်ရိက္ခာနှင့်ဆေးဝါးများပြတ်လပ်လုနီးပါးဖြစ်နေသည့်ဂါဇာဒေသအပေါ် သုံးလကြာပိတ်ဆို့ထားမှုကို အနည်းငယ်ဖြေလျှော့ပေးမှုကြောင့် ကူညီကယ်ဆယ်ရေးပစ္စည်းများ စီးဆင်းခွင့်ရရှိသော်လည်း မြေပြင်တွင်ထိုးစစ်ဆင်တိုက်ခိုက်မှုများ တိုးမြှင့်လုပ်ဆောင်လာနေသည့်အတွက် နိုင်ငံတကာ၏အပြစ်တင်ဝေဖန်မှုများကို ရင်ဆိုင်နေရသည်။ **Ref: BP**

# ရေနံစိမ်းဈေးနှုန်းများ အနည်းငယ်ပြန်လည်မြင့်တက်လာ

လန်ဒန်၊ စီးပွားရေး

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဥရောပသမဂ္ဂနှင့် ကုန်သွယ်ရေးဆွေးနွေးမှုများအတွက် သတ်မှတ်ချိန်ကို ရွှေ့ဆိုင်းလိုက်ခြင်းကြောင့် မေလ ၂၆ ရက်တွင် ရေနံစိမ်းဈေးနှုန်းများ အနည်းငယ်ပြန်လည်မြင့်တက်လာကြောင်းသိရသည်။

ထိုသို့ဆွေးနွေးမှုအတွက် နောက်ဆုံးသတ်မှတ်ချိန်ကို ရွှေ့ဆိုင်းလိုက်သောကြောင့် ဥရောပသမဂ္ဂအပေါ် အမေရိကန်၏သွင်းကုန်အခွန်များချမှတ်မှုနှင့်ပတ်သက်သည့် စိုးရိမ်ပူပန်မှုများကိုလျော့ပါးသွားစေကာ ရေနံစိမ်းဝယ်လိုအားမြင့်တက်လာစေခြင်းဖြစ်သည်။

ဘရန့်ရေနံစိမ်းမှာ တစ်စည်လျှင် ၃၉ ဆင့်တက်ကာ ၆၅ ဒသမ ၁၇ ဒေါ်လာဖြင့် ရပ်တည်ခဲ့သည်။ တစ်ချိန်တည်းမှာပင် WTI ရေနံစိမ်းမှာလည်း ၃၃ ဆင့်တက်ပြီး တစ်စည်လျှင် ၆၁ ဒသမ ၈၆ ဒေါ်လာသို့ ရောက်ရှိခဲ့ကြောင်းသိရသည်။ **Ref: RTA**

## သတင်းတိုကဏ္ဍ

# ပါရှန်းပင်လယ်ကွေ့ကို အမည်ပြောင်းမည့် အမေရိကန်အစိုးရကို အီရန်အပြစ်တင်ဝေဖန်

ပါရှန်းပင်လယ်ကွေ့ကို အမည်ပြောင်းလဲသတ်မှတ်မည့် အမေရိကန်အစိုးရ၏ လုပ်ရပ်ကို အီရန်နိုင်ငံက အပြစ်တင်ဝေဖန်လိုက်ကြောင်းသိရသည်။

ထရမ့်၏အမေရိကန်အစိုးရအဖွဲ့သည် ပါရှန်းပင်လယ်ကွေ့ကို အာရေဗျပင်လယ်ကွေ့ သို့မဟုတ် အာရေဘီယံပင်လယ်ကွေ့အဖြစ် အမည်ပြောင်းလဲသတ်မှတ်ရန်ပြင်ဆင်နေခြင်းဖြစ်ပြီး ထိုလုပ်ဆောင်ချက်သည် နိုင်ငံတကာသတ်မှတ်ချက်များကိုချိုးဖောက်ကာ အီရန်ပြည်သူများ၏သမိုင်းဝင်လက္ခဏာကို စော်ကားမှုဟု အီရန်ပြည်ထဲရေးဝန်ကြီးဌာန၏ နိုင်ငံတကာရေးရာဒုတိယဝန်ကြီး နာဆာဆီရာ့က ပြင်းပြင်းထန်ထန် ဝေဖန်ထားခြင်းဖြစ်သည်။

"ပါရှန်းပင်လယ်ကွေ့အမည်ပြောင်းလဲခြင်းက လူ့အခွင့်အရေးအခြေခံသဘောတရားများ၊ လူမျိုးများ၏ ယဉ်ကျေးမှုဆိုင်ရာအခွင့်အရေးများကို ချိုးဖောက်ခြင်းဖြစ်ပြီး အီရန်လူမျိုးတို့၏ သမိုင်းဝင်လက္ခဏာကို ထိပါးစော်ကားမှုတစ်ရပ်ပင်ဖြစ်ပါတယ်" ဟု ၎င်းက ISNA သတင်းဌာနသို့ ပြောထားသည်။ **Ref: Sputnik**

# ကုန်တင်သင်္ဘောနစ်မြုပ်မှုကြောင့် ကီရာလာပြည်နယ်က အမြင့်ဆုံးသတိပေးချက်ထုတ်ပြန်

အန္တရာယ်ရှိသော ကုန်ပစ္စည်းများတင်ဆောင်လာသည့် လိုက်ဘေးရီးယားနိုင်ငံမှကုန်တင်သင်္ဘောတစ်စင်းသည် အိန္ဒိယနိုင်ငံ ကီရာလာကမ်းရိုးတန်းအလွန်၌ နစ်မြုပ်ကာ ကုန်သေတ္တာရာပေါင်းများစွာမှာ ပင်လယ်ထဲပြုတ်ကျပြီးနောက် ရေနံဆီများ ယိုဖိတ်ပျံ့နှံ့လာမှုအတွက် မေလ ၂၆ ရက်တွင်အမြင့်ဆုံးအဆင့် သတိပေးချက်ထုတ်ပြန်ထားသည်။

ကမ်းခြေစောင့်တပ်ဖွဲ့က သင်္ဘောနှစ်စင်းကိုအသုံးပြုကာ ရေနံများယိုဖိတ်ပျံ့နှံ့လာမှုကိုထိန်းချုပ်နိုင်ရန်ကြိုးပမ်းနေကြောင်း၊ တစ်ချိန်တည်းမှာပင် လေယာဉ်တစ်စင်းကလည်း ရေနံဆီများကိုပြိုကွဲပျက်စီးစေမည့် ပေါင်ဒါအမှုန့်များဖြူးနေကြောင်းတာဝန်ရှိသူများ၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ကုန်တင်သင်္ဘောသည် ကုန်သေတ္တာအလုံးပေါင်း ၆၄၀ ကိုတင်ဆောင်လာခြင်းဖြစ်ပြီး ၎င်းတို့အနက် ကုန်သေတ္တာ ၁၃ လုံးတွင် အန္တရာယ်ရှိသောကုန်ပစ္စည်းများ၊ ကုန်သေတ္တာ ၁၂ လုံးတွင် ကယ်လဆီယမ်ကာဘိုက်များပါဝင်ကြောင်း သိရသည်။ **Ref: Xinhua**

# ဖိလစ်ပိုင်၌ သေနတ်ပစ်ခတ်မှုတစ်ခုဖြစ်ပွား လူလေးဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရ

ဖိလစ်ပိုင်နိုင်ငံ ကာဗိုက်ပြည်နယ်၌ မေလ ၂၆ ရက်နံနက်ပိုင်းတွင် သေနတ်ပစ်ခတ်မှုတစ်ခုဖြစ်ပွားရာ ပစ်ခတ်သူသေနတ်သမားအပါအဝင် လူလေးဦးသေဆုံးပြီး တစ်ဦးမှာဒဏ်ရာပြင်းထန်စွာရရှိသွားကြောင်း ရဲတပ်ဖွဲ့ကထုတ်ပြန်သည်။

ဒက်စမာရီနာမြို့ရှိ ကျေးရွာခန်းမတစ်ခု၌ အလံတင်အခမ်းအနားကျင်းပနေစဉ် နံနက် ၈ နာရီတွင် ပစ်ခတ်မှုဖြစ်ပွားခြင်းဖြစ်ကြောင်း၊ အခင်းဖြစ်ပွားရာနေရာသို့ ရဲတပ်ဖွဲ့ဝင်များရောက်ရှိသွားစဉ်ရရှိထားသော သေနတ်ဒဏ်ရာများဖြင့် သေဆုံးနေသူအမျိုးသားလေးဦးနှင့်ဒဏ်ရာပြင်းထန်စွာရရှိထားသူ အမျိုးသမီးတစ်ဦးတို့ကိုတွေ့ရှိရကြောင်း တာဝန်ရှိသူများကပြောသည်။

သေနတ်ဖြင့်ပစ်သတ်ခံရသူသုံးဦးမှာ ကျေးရွာတာဝန်ရှိသူများဖြစ်ကြောင်း၊ ကျေးရွာလုံခြုံရေးတာဝန်ယူဖူးသူ ယင်းသေနတ်သမားသည် ပစ်ခတ်ပြီးနောက် ကိုယ့်ကိုယ်ကိုယ်အဆုံးစီရင်သွားခြင်းဖြစ်ကြောင်းသိရသည်။ **Ref: Xinhua**

# လီဂျေးမြောင်က မြောက်ကိုရီးယားနှင့်ဆက်ဆံရေး ပြန်တည်ဆောက်မည်ဟုဆို

တောင်ကိုရီးယားသမ္မတရွေးကောက်ပွဲတွင်ပါဝင်ယှဉ်ပြိုင်နေသည့် လီဂျေးမြောင်က ၎င်းအနေဖြင့်သမ္မတအဖြစ်ရွေးကောက်ခံရပါက မြောက်ကိုရီးယားနိုင်ငံနှင့်ဆက်ဆံရေးကိုပြန်လည်တည်ဆောက်ကာ စစ်ဘက်ဆက်သွယ်ရေးလိုင်းများကိုလည်း ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း မေလ ၂၆ ရက်တွင်ပြောသည်။

ထို့ပြင် ယခင်သမ္မတလက်ထက်တွင် အဆိုးဆုံးသောအခြေအနေသို့ရောက်ရှိခဲ့သည့် တရုတ်နိုင်ငံနှင့်ဆက်ဆံရေးကိုလည်း ပြန်လည်တည့်မတ်သွားမည်ဖြစ်ကြောင်း ဇွန်လ ၃ ရက်တွင်ကျင်းပမည့် ရွေးကောက်ပွဲ၌ အနိုင်ရနိုင်သူအဖြစ် ရေပန်းစားနေသည့် လီဂျေးမြောင်က လူမှုကွန်ရက်တွင်ရေးထားခြင်းဖြစ်သည်။

အလားတူ တစ်ဖက်တွင်လည်း အမေရိကန်နှင့်ဆက်ဆံရေးကို ဘက်စုံမဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးအဆင့်သို့တိုးမြှင့်ကာ ဂျပန်နိုင်ငံနှင့်မပြေလည်သေးသည့်ပြဿနာများကို ဖြေရှင်းသွားမည်ဖြစ်ကြောင်း ၎င်းကပြောထားသည်ဟုသိရသည်။ **Ref: TST**

# ၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲပြီးဆုံးပြီး လာမည့်ဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ခြောက်သင်းအထိဝင်ခွင့်ရရှိ



**လန်ဒန်  မေ ၂၆**

၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲ ပြီးဆုံးပြီး ချန်ပီယံဆုအတွက် အစောပိုင်းကတည်းက အဖြေထွက်ပေါ်ခဲ့ပြီးဖြစ်သော်လည်း ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်အတွက် နောက်ဆုံးပွဲစဉ်အထိ အဆုံးအဖြတ်ခံယူခဲ့ရပြီး လာမည့်ဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ခြောက်သင်းအထိ ဝင်ခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

ယခုဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ပြိုင်ပွဲပြီးဆုံးရန် လေးပွဲအလိုကတည်းက လီဗာပူးအသင်းက ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ပြီး တန်းဆင်းရမည့်အသင်းများအနေဖြင့် ပြိုင်ပွဲမပြီးဆုံးမီကတည်းကထွက်ပေါ်ခဲ့သော်လည်း ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်အတွက် နောက်ဆုံးပွဲစဉ်အထိ အဆုံးအဖြတ်ခံယူခဲ့ရသည်။

ယခုဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆုရရှိထားသည့် လီဗာပူးအသင်းနှင့် ဒုတိယနေရာ၌ရပ်တည်နေသည့် အာဆင်နယ်အသင်းတို့သည် ပြိုင်ပွဲပြီးဆုံးရန် တစ်ပွဲအလိုကတည်းက ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်ရရှိထားသော်လည်း လက်ကျန်သုံးနေရာအတွက် မန်စီးတီးအသင်း၊ ချယ်လ်ဆီးအသင်း၊ နယူးကာဆယ်အသင်းနှင့်အက်စ်တွန်ဗီလာအသင်းတို့က အဆုံးအဖြတ်ခံယူခဲ့ရပြီး နောက်ဆုံးပွဲစဉ်မှသာ အဖြေပေါ်ခဲ့ခြင်းဖြစ်သည်။

နောက်ဆုံးပွဲစဉ်တွင် မန်စီးတီးအသင်းက ဖူလ်ဟမ်အသင်းကို ၂ ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိပြီး အဆင့်(၃)၊ ချယ်လ်ဆီးအသင်းက နော်တင်ဟမ်အသင်းကို ၁ ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိကာ အဆင့်(၄)နေရာတို့၌ ရပ်တည်နိုင်သောကြောင့် ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်ရရှိခဲ့သကဲ့သို့ နယူးကာဆယ်အသင်းသည် အိမ်ကွင်း၌ အဲဗာတန်အသင်းကို ၁ ဂိုး-ဂိုးမရှိဖြင့်ရှုံးနိမ့်သော်လည်း ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်အတွက် အားပြိုင်နေရသည့် အက်စ်တွန်ဗီလာအသင်းသည် မန်ယူအသင်းကို ၂ ဂိုး-ဂိုးမရှိဖြင့်ရှုံးနိမ့်သောကြောင့် နယူးကာဆယ်အသင်းက အဆင့်(၅) နေရာ၌ ရပ်တည်နိုင်ခဲ့၍ ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်ရရှိခဲ့ပြီး အက်စ်တွန်ဗီလာအသင်းအနေဖြင့် ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်နှင့် လွဲချော်ခဲ့ရခြင်းဖြစ်သည်။

၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲ ပြီးဆုံးချိန်တွင် ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်ရရှိသည့် အသင်းများအဖြစ် လီဗာပူးအသင်း၊ အာဆင်နယ်အသင်း၊ မန်စီးတီးအသင်း၊ ချယ်လ်ဆီးအသင်း၊ နယူးကာဆယ်အသင်းနှင့် ယူရိုပါလိဂ်ချန်ပီယံဆုဖလားဆွတ်ခူးနိုင်ခဲ့သည့် စပါးအသင်း၊ ယူရိုပါလိဂ်ပြိုင်ပွဲဝင်ခွင့်ရအသင်းအဖြစ် အက်စ်တွန်ဗီလာအသင်း၊ ယူရိုပါကွန်ဖရင့်လိဂ် ပြိုင်ပွဲဝင်ခွင့်ရအသင်းအဖြစ် နော်တင်ဟမ်အသင်းတို့က ရပ်တည်နိုင်ခဲ့ကြသည်။

အလားတူ အင်္ဂလန်ချန်ပီယံရှစ်ပြိုင်ပွဲသို့ တန်းဆင်းခဲ့ရသည့်အသင်းများအဖြစ် လက်စတာအသင်း၊ အစ်ဝှစ်ချ်အသင်းနှင့် ဆောက်သမ်တန်အသင်းတို့က လာမည့်ဘောလုံးရာသီတွင် အင်္ဂလန်ချန်ပီယံရှစ်ပြိုင်ပွဲသို့ တန်းဆင်းခဲ့ရသည်။

အလားတူ လာမည့်ဘောလုံးရာသီတွင် အင်္ဂလန်ချန်ပီယံရှစ်ပြိုင်ပွဲမှ ပရီးမီးယားလိဂ်ပြိုင်ပွဲသို့ တန်းတက်လာနိုင်ခဲ့သည့်အသင်းများအဖြစ် အင်္ဂလန်ချန်ပီယံရှစ်ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည့် လိဒ်ယူနိုက်တက်အသင်း၊ အဆင့်(၂)နေရာမှ ဘန်လေအသင်းနှင့် Play-off အဆင့်မှ ဆန်းဒါးလန်းအသင်းတို့က တန်းတက်လာနိုင်ခဲ့သည်။

၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် သွင်းဂိုးအများဆုံးကစားသမားဆုကို သွင်းဂိုး ၂၉ ဂိုးဖြင့် လီဗာပူးအသင်းတိုက်စစ်ကစားသမား ဆာလက်ချ်က ဆွတ်ခူးနိုင်ခဲ့ကာ ရွှေလက်အိတ်ဆုကို အာဆင်နယ်အသင်းဂိုးသမား ဒေးဗစ်ရိုင်ယာက ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

*Ref;Fotmob*

# ပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းတွင် တစ်ရာသီအတွင်း ဂိုးပါဝင်ပတ်သက်မှုအများဆုံးစံချိန်ကို တိုက်စစ်ကစားသမား ဆာလက်ချ်လိုက်မီ

**လန်ဒန်  မေ ၂၆**

လီဗာပူးအသင်းတိုက်စစ်ကစားသမား ဆာလက်ချ်သည် ပရီးမီးယားလိဂ်ပြိုင်ပွဲ နောက်ဆုံးပွဲစဉ်အဖြစ် လီဗာပူးအသင်းနှင့် ခရစ္စတယ်ပဲလေ့အသင်းတို့ကစားသည့်ပွဲစဉ်တွင် အသင်းအတွက် တစ်ဂိုးသွင်းယူနိုင်ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းတွင် တစ်ရာသီအတွင်း ဂိုးပါဝင်ပတ်သက်မှုအများဆုံးစံချိန်ကို လိုက်မီနိုင်ခဲ့ကြောင်း သိရသည်။

ဆာလက်ချ်သည် လီဗာပူးအသင်းနှင့် ခရစ္စတယ်ပဲလေ့စ်အသင်းတို့ တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်သည့်ပွဲစဉ်၌ ပွဲချိန် ၈၄ မိနစ်တွင် အသင်းအတွက် တစ်ဂိုးသွင်းယူနိုင်ပြီးနောက် ယခုဘောလုံးရာသီ၌ လီဗာပူးအသင်းနှင့်အတူ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ၃၈ ပွဲအထိပါဝင်ကစားကာ ၂၉ ဂိုးသွင်းယူနိုင်ခဲ့ပြီး ဂိုးဖန်တီးမှု ၁၈ ကြိမ်ပြုလုပ်နိုင်ပြီးနောက် စုစုပေါင်း ဂိုးပါဝင်ပတ်သက်မှု ၄၇ ကြိမ်ရှိခဲ့သည့်အတွက် ပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းတွင် တစ်ရာသီအတွင်း ဂိုးပါဝင်ပတ်သက်မှုအများဆုံးကစားသမားများအဖြစ် ရပ်တည်နေသည့် အင်ဒီကိုးလ်နှင့် အလန်ရှီးယားတို့ စံချိန်ကို လိုက်မီနိုင်ခဲ့ခြင်းဖြစ်သည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းတွင် တစ်ရာသီအတွင်း ဂိုးပါဝင်ပတ်သက်မှုအများဆုံးကစားသမားများအဖြစ် မန်ယူအသင်းကစားသမားဟောင်း အင်ဒီကိုးလ်က ၁၉၉၃-၁၉၉၄ ဘောလုံးရာသီက ၄၇ ကြိမ်၊ နယူးကာဆယ်အသင်းကစားသမားဟောင်း အလန်ရှီးယားက ၁၉၉၄-၁၉၉၅ ဘောလုံးရာသီက ၄၇ ကြိမ်ဖြင့် ရပ်တည်နေခြင်းကို ဆာလက်ချ်က လိုက်မီနိုင်ခဲ့ကြောင်း သိရသည်။

*Ref;B/R Football*




# ရီးယဲလ်မက်ဒရစ်အသင်းက နည်းပြသစ်အဖြစ် အလွန်ဆိုကို သုံးနှစ်စာချုပ်ဖြင့် ခန့်အပ်နိုင်ကြောင်း အတည်ပြုကြေညာပြီး ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲမှ စတင်တာဝန်ယူကိုင်တွယ်မည်

**မက်ဒရစ်  မေ ၂၆**

ရီးယဲလ်မက်ဒရစ်အသင်းက အသင်းနည်းပြသစ်အဖြစ် နည်းပြအလွန်ဆိုကို ခန့်အပ်နိုင်ကြောင်း အတည်ပြုကြေညာပြီး လာမည့်ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲမှစတင်ပြီး တာဝန်ယူကိုင်တွယ်မည်ဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းနှင့် နည်းပြအန်ဆယ်လော့တီတို့သည် ယခုဘောလုံးရာသီအကုန်တွင် အသင်းနှင့်စာချုပ်ချုပ်ဆိုကာ လမ်းခွဲပြီးနောက် နည်းပြသစ်အဖြစ် ကစားသမားဟောင်းတစ်ဦးဖြစ်သည့် အလွန်ဆိုကို ခန့်အပ်ခဲ့ခြင်းဖြစ်သည်။


နည်းပြအလွန်ဆိုသည် ၂၀၂၂ ခုနှစ်က လေဗာကူဆင်အသင်းကို တာဝန်ယူကိုင်တွယ်ခဲ့ပြီး နည်းပြလောကသို့စတင်ဝင်ရောက်ခဲ့ကာ အသင်းကို ပထမဆုံးဘောလုံးရာသီတွင်ပင် ယူရိုပါလိဂ်ပြိုင်ပွဲဝင်ခွင့်ရရှိအောင်စွမ်းဆောင်ပေးနိုင်ခဲ့သကဲ့သို့ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီက ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲတွင် ရှုံးပွဲမရှိဘဲ စံချိန်တင်ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ကာ ယခုဘောလုံးရာသီတွင်လည်း အဆင့်(၂)နေရာ၌ ရပ်တည်နိုင်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်သည်။

နည်းပြအလွန်ဆိုသည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝတွင် ရီးယဲလ်မက်ဒရစ်အသင်း၌ ၂၀၀၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ငါးနှစ်ကြာကစားခဲ့ပြီး စပိန်လာလီဂါဖလားတစ်ကြိမ်၊ စပိန်ကိုပါဒယ်ရေးဖလားနှစ်ကြိမ်နှင့် ချန်ပီယံလိဂ်ဖလားတစ်ကြိမ် ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။


ရီးယဲလ်မက်ဒရစ်အသင်းက နည်းပြအလွန်ဆိုကို သုံးနှစ်စာချုပ်ဖြင့်ခန့်အပ်ခဲ့ပြီးနောက် လာမည့်ဇွန်လ ၁၈ ရက်တွင်ကျင်းပမည့် ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုအဖွင့်ပွဲစဉ်အဖြစ် ရီးယဲလ်မက်ဒရစ်အသင်းနှင့် ဆော်ဒီထိပ်တန်းကလပ် အယ်ဟီလယ်အသင်းတို့ ကစားမည့်ပွဲစဉ်ကို စတင်တာဝန်ယူကိုင်တွယ်မည် ဖြစ်ကြောင်း သိရသည်။

*Ref;Fabrizio Romano*

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များဖမ်းဆီးရမိ



ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။



မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။


တနင်္သာရီတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

**နေပြည်တော် မေ ၂၆**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**မေလ ၂၂ ရက်**တွင် ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပုဇွန်တောင်မြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ မှော်ဘီမြို့နယ်နှင့် ဒလမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ် (၆)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **မေလ ၂၃ ရက်**တွင် ပဲခူးခရိုင်နှင့် တောင်ငူခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ်(၁ ဒသမ ၆၅၀)တန်၊ သစ်မာ(၅ ဒသမ ၁၆၂)တန်၊ အခြားသစ်(သုည ဒသမ ၇၉၂) တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၇၀၄၀၂)ကို သစ်တောဥပဒေအရလည်းကောင်း၊ **မေလ ၂၅ ရက်**တွင် ညောင်ခါးရှည် X-Ray စက်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ် (၃)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၂)မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၁၆၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck (၂)စီး၊ Hino Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၅၂၃၅၄၀၂)** ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းနောက်**မေလ ၂၄ ရက်**တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးဂိတ်၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၆)မျိုး၊ စားသောက်ကုန်ပစ္စည်း (၅)မျိုး၊ လူသုံးကုန်ပစ္စည်း (၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၈၉၆၁၅၅၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၃၉၆၁၅၅၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအတူ တနင်္သာရီတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့၊ အေးရိပ်ငြိမ်ရပ်ကွက်၊ ရန်ကြီးအောင်လမ်းရှိ ဂိုဒေါင် (၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၄)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၈၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၎င်းနောက် ဧရာဝတီတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဟင်္သာတမြို့နယ်၊ မအူပင်မြို့နယ်နှင့် မြောင်းမြမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၃)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၅၀၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **မေလ ၂၅ ရက်**တွင် ရခိုင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်တွေခရိုင်၊ ပေါက်တောမြို့နယ်၊ အင်ငူမော်ကျေးရွာအနီး၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၂)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၅၀၀၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မေလ ၂၂ ရက်၊ ၂၃ ရက်၊ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ(၂၂)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၈၀၄၆၉၅၂)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ထိခိုက်နစ်နာမှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းတို့ဖြစ်ပေါ်စေပြီး နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေပါသည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများမှ ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း **တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ** သိရသည်။

မြဝတီ

## မိုးဦးကာလ ရေယာဉ်များ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် ရေလမ်းသတိပေးနှိုးဆော်ချက်ထုတ်ပြန်ခြင်း

၁။ မြန်မာနိုင်ငံရှိ မြစ်များတွင် မုတ်သုံရာသီအစ မိုးဦးကာလတွင် မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်းတို့နှင့်အတူ မြစ်ရေမြင့်တက်လာမည်ဖြစ်ပါသည်။ မြစ်ရေတက်လာမှုပေါ်မူတည်၍ ရေယာဉ်များ အန္တရာယ်ကင်းစွာ ခုတ်မောင်းသွားလာနိုင်ရန် လိုအပ်သော ရေလမ်းညွှန်အမှတ်အသားများကိုပြသထားမည်ဖြစ်ပါသည်။ ရာသီဥတုဒဏ်ကြောင့် ရေလမ်းညွှန်အမှတ်အသားများ တစ်ခါတစ်ရံ ပျက်စီးပျောက်ဆုံးနိုင်သဖြင့် ရေယာဉ်များ ဂရုပြုခုတ်မောင်းကြရန် လိုအပ်ပါသည်။

၂။ ရေများကာလတွင် ရေလမ်းများအတွင်း ရေစီးသန်ခြင်းနှင့်ဝဲလှည့်ခြင်းတို့ဖြစ်ပေါ်နိုင်သည့်အပြင် မြစ်ရေတက်လာမှုကြောင့် ရေနည်းကာလတွင် ပေါ်ထွန်းခဲ့သောသောင်နှင့်ကျွန်းများရေမြုပ်၍ ရေမြှုပ်ပေါက်ဖြတ်လမ်းများ ဖြစ်ပေါ်လာမည်ဖြစ်ပါသည်။ ထို့ကြောင့် ရေအနက်မလုံလောက်သော ရေမြှုပ်ပေါက်ဖြတ်လမ်းများကို ဖြတ်သန်းခုတ်မောင်းခြင်းမပြုကြရန်နှင့်မိမိရေယာဉ်၏စက်အားနှင့် ရေစီးနှုန်းကိုချင့်ချိန်၍ သတ်မှတ်ရေလမ်းအတိုင်းသာ သတိပြုခုတ်မောင်းရန်လိုအပ်ပါသည်။

၃။ မြစ်ကူးတံတား ရေလမ်းများတွင် ရေယာဉ်များ ဝင်ရောက်ရမည့် ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင်တြိဂံအမှတ်အသား ပြသထားပြီး ညအခါ မီးစိမ်းထွန်းပြသထားပါသည်။ မဝင်ရမည့် ရေလမ်းတွင် နေ့အခါ အနီရောင်ကြက်ခြေခတ်အမှတ်အသားပြသထားပြီး ညအခါ မီးနီထွန်းပြသထားပါသည်။

၄။ ရေများကာလတွင်မြစ်ကူးတံတားကြီးများ၏ရေလယ်တိုင်အုတ်ခုံများမှာ ရေမြုပ်နေပြီး ရေလယ်တိုင် (၂) တိုင်အကြားတွင် ရေစီးသန်သောကြောင့် ရေယာဉ်များ မြစ်ကူးတံတားရေလမ်းကိုဖြတ်သန်းရာတွင် စက်နှင့်တက်မစနစ်များကို ကြိုတင်စစ်ဆေးပြီး လုံလောက်သောအကွာအဝေးမှချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ဖြတ်သန်းခုတ်မောင်းကြရန်နှင့်တံတားရေလမ်းကိုဖြတ်သန်းရာတွင် ရေယာဉ်နှစ်စင်း ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုကြရန် လိုအပ်ပါသည်။ အထူးသဖြင့် သယ်ဆောင်ဝန်နှင့်စက်အားကိုချင့်ချိန်တွက်ဆ၍ ဂရုပြုခုတ်မောင်းကြရမည်ဖြစ်ပါသည်။ မနိုင်ဝန်ကိုသယ်ဆောင်ခြင်းမပြုကြရန်နှင့်မြစ်ကူးတံတားကြီးများကို ဖြတ်သန်းရာတွင် တွဲတစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရမည်ဖြစ်ပါသည်။

၅။ ရာသီဥတုပြောင်းလဲမှုကြောင့်ရုတ်တရက်လေပြင်းတိုက်ခတ်မှုနှင့်မိုးမှောင်ကျမှုဖြစ်ပေါ်သည့်အခါ ရေယာဉ်များအန္တရာယ်မဖြစ်စေရေးအတွက် သတိပြုခုတ်မောင်းကြရန်နှင့် လေပြင်းတိုက်ခတ်စဉ် ရေယာဉ်များလိုက်နာရမည့် ဥပဒေ၊ စည်းကမ်းချက်များအတိုင်း လိုက်နာကြရန် **ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ** ရေလမ်းသတိပေးနှိုးဆော်ချက်ထုတ်ပြန်ထားပါသည်။

## ရွှေကျင်မြို့နယ် တံခွန်တိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေများ ထုတ်ချေးပေး

**ရွှေကျင် မေ ၂၆**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ရွှေကျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာကာ ကျေးလက်ဒေသ ဆင်းရဲမှုနှုန်းလျော့ကျစေရန်ရည်ရွယ်၍ တံခွန်တိုင်ကျေးရွာ၌ (၁၂)ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေများကို မေလ ၂၆ ရက်တွင် ထုတ်ချေးပေးကြောင်း သိရသည်။

ရှေးဦးစွာ ရွှေကျင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နော်ထူးဘိုနှင့် ဝန်ထမ်းများက တံခွန်တိုင်ကျေးရွာမှ တာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ စီမံကိန်းမှရရှိလာမည့်အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါအကြောင်းအရာများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးက စီမံကိန်းချေးငွေ ငွေကျပ် ၈၅ ဒသမ ၆၁ သန်းကို တံခွန်တိုင်ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက်မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက တံခွန်တိုင်ကျေးရွာရှိစိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ အသင်းသား၊ အသင်းသူ ၃၇၃ ဦးအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေ ငွေကျပ် ၈၅ ဒသမ ၆၁ သန်းကို သက်သာသောအတိုးနှုန်းဖြင့်တစ်ဦးချင်းလက်ဝယ်အရောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ချိုလေး

# ကျိုင်းတုံမြို့နယ်အတွင်း ဝမ်ဟကျေးရွာရှိတစ်ပိုင်တစ်နိုင် ရိုးရာစီးပွားရေးလုပ်ငန်းများအား ကြည့်ရှုအားပေး



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင် ဝမ်ဟကျေးရွာရှိ တစ်ပိုင်တစ်နိုင် ရိုးရာစီးပွားရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် မေ ၂၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ်၊ ဝမ်ဟကျေးရွာ၌ တစ်ပိုင်တစ်နိုင် လုပ်ကိုင်လျက်ရှိသော ရိုးရာစီးပွားရေး လုပ်ငန်းများကို ယနေ့ညနေပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်ဦးအောင်အောင်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကြသည်။

အဆိုပါ တစ်ပိုင်တစ်နိုင် ရိုးရာစီးပွားရေး လုပ်ငန်းများဖြစ်သည့် ရိုးရာအုတ်ကြွပ်အမိုးပြားများထုတ်လုပ်မှုနှင့် ရိုးရာဆီမီးခွက်ထုတ်လုပ်မှုတို့ကို ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကြပြီး ဒေသခံပြည်သူများနှင့် လုပ်ငန်းလည်ပတ်နိုင်မှု၊ ထုတ်ကုန်များ၏အရည်အသွေးနှင့်တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်စေရေး၊ ဒေသဖွံ့ဖြိုးရေးအတွက် တစ်ဖက်တစ်လမ်းမှအကျိုးပြုနိုင်မှုတို့ကို ဆွေးနွေးပြောကြားကြရာ လိုအပ်ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ ရိုးရာအုတ်ကြွပ်အမိုးပြားများကို ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နှင့် အနီးတစ်ဝိုက်မြို့ရွာများတွင် တွင်တွင်ကျယ်ကျယ်အသုံးပြုလျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

# SHADOW BOXING
# လက်ဝှေ့စွမ်းရည်ပြိုင်ပွဲကျင်းပ

ရန်ကုန် မေ ၂၆

ရန်ကုန်တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး လက်ဝှေ့ဆပ်ကော်မတီမှကြီးမှူးကျင်းပသော SHADOW BOXING လက်ဝှေ့စွမ်းရည်ပြိုင်ပွဲကို မေလ ၂၅ ရက်က ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ ပဒေသာအားကစားခန်းမ၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှလက်ဝှေ့ကစားသမား အသက် ၁၅ နှစ်အောက် ၂၁ ဦး၊ အသက် ၁၈ နှစ်အောက် ၂၃ ဦးဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း၊ ယင်းလက်ဝှေ့ပြိုင်ပွဲသည် နှစ်ဦးယှဉ်ပြိုင်ခြင်းမျိုးမဟုတ်ဘဲ၊ တစ်ဦးတည်း တစ်ကိုယ်ရေကာကွယ်ရန်အတွက် စွမ်းရည်ပြပြိုင်ပွဲပြသခြင်းဖြစ်ကြောင်း သိရသည်။

၎င်းစွမ်းရည်ပြလက်ဝှေ့ပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး အသက် ၁၅ နှစ်အောက်၊ အသက် ၁၈ နှစ်အောက် တစ်ဦးချင်းယှဉ်ပြိုင်ခဲ့ကြပြီး အသက် ၁၅ နှစ်အောက် အထူးဆုငါးဆု၊ အသက် ၁၈ နှစ်အောက် အထူးဆုငါးဆုရရှိကြသော အားကစားသမားများအား ရန်ကုန်တိုင်းဒေသကြီး လက်ဝှေ့ဆပ်ကော်မတီနာယက ဦးဝင်းကျော်၊ ဥက္ကဋ္ဌ ဦးထွန်းမင်းသက်နှင့် အမှုဆောင်များက ဆုတံဆိပ်နှင့်ငွေသားဆုများချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

ဝန်းရံခ








ဘီးလင်း-နတ်ကြီး သွားကားလမ်းတံတား အမှတ်(၃/၁၇) သံကူကွန်ကရစ်တံတားအား KNLA အဖွဲ့နှင့်PDF အမည်ခံအကြမ်းဖက် သမားများ မိုင်းထောင် ဖောက်ခွဲဖျက်ဆီး ခဲ့သည့် တံတားပျက်စီးမှု မှတ်တမ်းဓာတ်ပုံ။

ဘီးလင်း-နတ်ကြီးသွားကားလမ်းတံတားအမှတ်(၃/၁၇) သံကူကွန်ကရစ်တံတားအား KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများမိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့်နေရာပြပုံ။




⇨ ကျောဖုံးမှအဆက်

ထိုသို့လုပ်ဆောင်လျက်ရှိရာ KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တညင်ပင်ကျေးရွာ၏ အနောက်ဘက် မီတာ ၃၀၀ ခန့်အကွာ ဘီးလင်း-နတ်ကြီးသွား ကားလမ်းမကြီးပေါ်ရှိ မိုင်တိုင်အမှတ်၊ ၁၆/၂ နှင့် ၃ အကြား အရှည် ၈၀ပေ၊ အကျယ် ၂၄ ပေရှိ သံကူကွန်ကရစ်အမျိုးအစား တံတားအမှတ်(၃/၁၇)အား မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့ကြသည်။ မိုင်းပေါက်ကွဲမှုဒဏ်ကြောင့် အဆိုပါ သံကူကွန်ကရစ်တံတားမှာ တောင်ဘက်ကမ်းကပ်ခုံမှ ပြိုကျပျက်စီးခဲ့ပြီးလူနှင့်မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနိုင်မှုမရှိကြောင်းနှင့် ပျက်စီးသွားသည့် တံတားအား တာဝန်ရှိသူများက ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

အဆိုပါမိုင်းထောင်ဖောက်ခွဲမှုကြောင့် မော်တော်ယာဉ်များ၊ ဆေးရုံကားများ၊ ကျောင်းကားများ၊ ဈေးကားများ သွားလာနိုင်မှုမရှိသဖြင့် ပြည်သူလူထုမှ ၎င်းတို့၏လုပ်ရပ်အပေါ် လွန်စွာရွံမုန်းလျက်ရှိကြောင်း သိရှိရပြီး မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများကို လိုအပ်သည့်တုံ့ပြန်မှုများ ပြုလုပ်နိုင်ရေးနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

# မော်စကိုမြို့ရှိ ရင်ပြင်နီနှင့် ဘယ်ဒန်အန်ခါရှိ အာကာသပြတိုက်တို့ကို ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျ သွားရောက်လေ့လာ



နေပြည်တော် မေ ၂၆

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည်မေလ ၂၃ ရက် မွန်းလွဲပိုင်းက ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့တော်ရှိ ကမ္ဘာကျော် သမိုင်းဝင်နေရာများသို့ သွားရောက်လေ့လာသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ယဉ်ကျေးမှု၊ နိုင်ငံရေးနှင့် ဘာသာရေးသမိုင်း၏ အထိမ်းအမှတ်အဆောက်အအုံများတည်ရှိရာ အကြီးမားဆုံးနှင့် အကျော်ကြားဆုံး ရင်ပြင်ဖြစ်ကာ မော်စကိုမြို့တော်၏ သမိုင်းဝင်ဗဟိုချက်လည်းဖြစ်သည့် ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ရင်ပြင်နီ (လှပသောရင်ပြင်)သို့ ရောက်ရှိခဲ့ပြီး ဒုတိယကမ္ဘာစစ်အတွင်း ကျဆုံးခဲ့သော သူရဲကောင်းများအား ဂုဏ်ပြုထားဝရမီးဂူဖြစ်သည့် အညတရသူရဲကောင်းတစ်ဦး၏ ဂူဗိမာန်၊ ဒုတိယကမ္ဘာစစ်အတွင်း နာဇီဂျာမနီကိုအောင်နိုင်ခဲ့သော ဆိုဗီယက်ဗိုလ်ချုပ်ကြီး ဂျော့ဂျ်ဇူးကော့ဗ် ဂုဏ်ပြုရုပ်တု၊ Resurrection Gate၊ စစ်သမိုင်းပြတိုက်၊ စစ်ရေးပြနေရာ၊ ၁၈၉၃ ခုနှစ်တွင် ဗဟိုဈေးဝယ်စတိုးအဖြစ် စတင်ဖွင့်လှစ်ခဲ့သည့် ဂွမ်း (GUM) ကုန်တိုက်၊ ၁၅၆၁ ခုနှစ်က တည်ဆောက်ခဲ့သည့် ဗာစီလီးဘလာရမ်းနီရီ ဘုရားကျောင်း၊ ကရင်မလင်နန်းတော် နံရံများနှင့် မျှော်စင်များ၊ ၁၈၁၂ ခုနှစ်တွင် နပိုလီယံ၏ တပ်များကို အောင်မြင်စွာတိုက်ထုတ်နိုင်ခဲ့သဖြင့် အများပြည်သူတို့၏ လှူဒါန်းငွေများဖြင့် ၁၈၃၇- ၁၈၈၃ ခုနှစ်များတွင် တည်ဆောက်ခဲ့သော ခရစ်စထ်စပါစီး ကျေးလ်ဘုရားရှိခိုးကျောင်း၊ မြို့တော် အလယ်ဗဟိုနေရာ (ဇီးရီးကီလိုမီတာ)တို့တွင် လှည့်လည်လေ့လာကြည့်ရှုခဲ့ကြသည်။


ဆက်လက်၍ ဒုတိယဝန်ကြီးသည် မော်စကိုမြို့တော်မြောက်ပိုင်းရှိ စတာလင်လက်ထက် ၁၉၃၀ ပြည့်နှစ်ကျော်နှင့် ၁၉၅၄ ခုနှစ်အတွင်း တည်ဆောက်ခဲ့သည့်ဆိုဗီယက်ပြည်ထောင်စုခေတ်၏ အမျိုးသားအကျိုးစီးပွားအောင်မြင်မှုသမိုင်းများကို ခင်းကျင်းပြသသည့်ပြတိုက်များ၊ အံ့သြဘနန်းဗိသုကာလက်ရာများ၊ အပန်းဖြေဥယျာဉ်များတည်ရှိရာ ဘယ်ဒန်အန်ခါ (VDNKh) ပန်းခြံသို့ ရောက်ရှိခဲ့ပြီး “Friendship of Peoples” ရေပန်းနှင့်ပြတိုက်များတွင် ကြည့်ရှုလေ့လာသည်။

ဒုတိယဝန်ကြီးသည် အက်တမ် (ATOM) ပြခန်းတွင်လေ့လာပြီးသည့်နောက်စတုရန်းမီတာ ၁၀၀၀ ကျော် ကျယ်ဝန်းသည့် လေကြောင်းနှင့်အာကာသဆိုင်ရာပြခန်းသို့ ရောက်ရှိခဲ့ပြီး ဇုန် ၁ အာကာသလမ်းမ ပြကွက်များ၌ အလေးချိန် တန်ပေါင်း ၃၀ ကျော်ရှိသည့် Mir orbital station အာကာသစခန်း၏ အရွယ်အစား အစစ်အတိုင်း ပြုလုပ်ထားသော ပုံစံတူမော်ဒယ်၊ အလိုအလျောက်ထိန်းချုပ်သော Diamond orbital station အပါအဝင် လက်တွေ့အရွယ်အစားရှိသော အာကာသစခန်းများ၊ ကမ္ဘာ့ပထမဆုံး အာကာသယာဉ်နှင့် အာကာသယာဉ်များ၏ ပုံစံများနှင့် ဒုံးပျံအင်ဂျင်နှင့် အရှိန်မြှင့်စက်များနှင့် ၂၀ ရာစု ရုရှားအာကာသပညာ၏အောင်မြင်မှုများကို ဖော်ပြထားမှုများကိုလည်းကောင်း၊ ဇုန် ၂ တည်ဆောက်ရေး ပြကွက်များ၌ အာကာသဆိုင်ရာ ဆေးပညာ၊ ဇီဝဗေဒနှင့် နက္ခတ္တဗေဒ သုတေသနများ၊ အာကာသစိုက်ပျိုးရေး ပြကွက်များနှင့် "People in Space" အပိုင်းတွင်ကမ္ဘာ့ပထမဆုံး အမျိုးသား အာကာသယာဉ်မှူးဖြစ်သည့် ယူရီဂါဂါရင်နှင့် ကမ္ဘာ့ပထမဆုံးအမျိုးသမီး အာကာသယာဉ်မှူးဖြစ်သည့် ထရယ်ရကော့ဗာ တို့အပါအဝင် ဆိုဗီယက်ခေတ်နှင့် ရုရှားအာကာသယာဉ်မှူးများ၏ စွမ်းဆောင်ရည်များအကြောင်း ရှင်းလင်းဖော်ပြထားမှုများ၊ ဇုန် ၃ တွင် အနာဂတ်အာကာသစခန်းအဖြစ် စကြဝဠာ၏ တည်ဆောက်ပုံနှင့် အာကာသသိပ္ပံ ဖွံ့ဖြိုးတိုးတက်မှု၏ အလားအလာများ၊ ထူးခြားသောအပြန်အလှန်တုံ့ပြန်မှုရှိသည့် စမ်းသပ်ရေးယာဉ်များ၏ အကူအညီဖြင့် လာရောက်လေ့လာသူများသည် အာကာသထဲသို့ ခရီးထွက်နိုင်မှုများ၊ 5D Sphere ရုပ်ရှင်ရုံနှင့် မဟာပေါက်ကွဲမှုသီအိုရီမှ မားစ်ဂြိုဟ်တွင် လူသားတို့အခြေချနေထိုင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်မှုအပါအဝင်စကြဝဠာကိုအောင်နိုင်မှုသမိုင်းပြကွက်များကို လေ့လာကြည့်ရှုသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ROSCOSMOS အပါအဝင် နိုင်ငံတကာအာကာသအဖွဲ့အစည်းများနှင့် ငြိမ်းချမ်းသော ရည်ရွယ်ချက်ဖြင့်အာကာသနည်းပညာဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး မိတ္ထီလာမြို့ရှိ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာ တက္ကသိုလ်၌ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ်အားထားရသည့်ဗလငါးတန်နှင့်ပြည့်စုံသော လေကြောင်းနှင့် အာကာသဆိုင်ရာ အင်ဂျင်နီယာ လူငယ်ကောင်းများကို အရည်အသွေးပြည့်မီစွာ စဉ်ဆက်မပြတ်မွေးထုတ်ပေးနိုင်ရေး အလေးထား ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြဝတီ

## မိုးလေဝသ သတင်း




နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအားနှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# တာမွေမြို့နယ်၌စိတ်ပိုင်းဆိုင်ရာပြုပြင်ပြောင်းလဲခြင်း အသိပညာပေးဟောပြော

ရန်ကုန် မေ ၂၆

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် တာမွေမြို့နယ် ကျိုက္ကဆံလမ်းရှိ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း (မြန်မာ) ဗဟို၌ မေလ ၂၆ ရက်တွင် မူးယစ်ဆေးဖြတ်ပြီးသူများကို စိတ်ပိုင်းဆိုင်ရာပြုပြင်ပြောင်းလဲခြင်းနှင့်ပတ်သက်၍ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း (မြန်မာ)ဗဟိုဥက္ကဋ္ဌ ဦးစံရှိန်က ဟောပြောပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဒေါက်တာကျော်စိုးက မူးယစ်ဆေးဖြတ်ပြီးသူများကို စိတ်ပိုင်းဆိုင်ရာပြုပြင်ပြောင်းလဲခြင်းနှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးဟောပြောသည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် မူးယစ်ဆေးဖြတ်သင်တန်းသားများက စိတ်ပိုင်းဆိုင်ရာပြုပြင်ပြောင်းလဲရာတွင် လိုက်နာကျင့်ကြံနေထိုင်ရမည့်အပြုအမူများနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းရာ ဒေါက်တာကျော်စိုးက ပြန်လည်ဖြေကြားပေးသည်။

မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)ဗဟိုသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနလက်အောက်ရှိ ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ လေ့ကျင့်မွေးထုတ်ထားသော စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးများနှင့် ဖွဲ့စည်းထားသည့် အသင်းအဖွဲ့ဖြစ်ကြောင်း သိရသည်။

နိုင်လင်းအောင်(ပြန်/ဆက်)

# CAFE SHOW CHINA 2025 ပြပွဲတွင် မြန်မာနိုင်ငံမှ ကော်ဖီလုပ်ငန်းရှင်များ ပါဝင်ပြသရန်ဖိတ်ခေါ်

ရန်ကုန် မေ ၂၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ဩဂုတ်လအတွင်း ကျင်းပမည့် CAFE SHOW CHINA 2025 ပြပွဲတွင် မြန်မာနိုင်ငံမှ ကော်ဖီလုပ်ငန်းရှင်များ ပါဝင်ပြသရန် သက်ဆိုင်ရာမှဖိတ်ခေါ်ထားကြောင်း မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲမှ သိရသည်။

အဆိုပါပြပွဲကို CIEC Overseas Exhibition Co., Ltd. မှကြီးမှူး၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ China International Exhibition Center (Chaoyang) ၌ ဩဂုတ်လ ၂၉ ရက်မှ ၃၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ ကော်ဖီလုပ်ငန်းရှင်များအား ပါဝင်ပြသရန် ဖိတ်ခေါ်ထားခြင်းဖြစ်သည်။

ယခင်နှစ်က ကျင်းပခဲ့သည့် CAFE SHOW CHINA 2024 ပြပွဲတွင် တရုတ်နိုင်ငံသာမက ပြည်ပနိုင်ငံများမှ ကော်ဖီစိုက်ပျိုးထုတ်လုပ်သူအသင်းအဖွဲ့များနှင့် ကော်ဖီလုပ်ငန်းရှင်များ ပါဝင်ပြသပြီး လာရောက်ကြည့်ရှုလေ့လာသူများလည်း ရှိကြောင်း၊ ထို့အတူ ယခုနှစ်တွင်ကျင်းပမည့်ပြပွဲတွင်လည်း နိုင်ငံတကာမှ ကော်ဖီလုပ်ငန်းရှင်များအား ပါဝင်ပြသရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။

ယခုနှစ်တွင် ကျင်းပမည့် CAFE SHOW CHINA 2025 ပြပွဲတွင် သံရုံးတစ်ခုစီအတွက် ၃ မီတာပတ်လည် Free Standard Booth တစ်ခုစီ စီစဉ်ပေးမည်ဖြစ်ကြောင်း၊ ကုမ္ပဏီများ၊ လုပ်ငန်းရှင်များအနေဖြင့် သီးခြားပြခန်းများပြသလိုပါက သက်သာသောဈေးနှုန်းများဖြင့် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

CAFE SHOW CHINA 2025 ပြပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက Ms. Mai Du (Project Manager) ဖုန်း– +86 10 84600697 နှင့် အီးမေးလ် – duyichun@ciec.com.cn တို့ကို ဆက်သွယ်မေးမြန်းနိုင်ကြောင်းနှင့် အဆိုပါပြပွဲတွင် ပါဝင်ပြသလိုသော မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များအနေဖြင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ ဖုန်း – ၀၆၇–၄၀၈၆၂၃ နှင့် အီးမေးလ် – event.td.myantrade@gmail.com တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

ဆောင်းဦး

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ ထုတ်လုပ်သော **ကြံ့**၊ **ဆင်နှစ်ကောင်**၊ **Blue Diamond** နှင့် **မြင်းပျံ** အမှတ်တံဆိပ် ဘိလပ်မြေများအား

စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။




ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၉၂၅၂၃၂၇
အရောင်းကိုယ်စားလှယ်- ဖုန်း - ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇

ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၇၇၇၀၀၄၇၄၀
အရောင်းကိုယ်စားလှယ်- ဖုန်း - ၀၉ ၇၇၇၀၀၂၆၇၀




နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော

သဘာဝအရသာစစ်စစ်ရဲ့ အရသာထူး ဗိုက်ရှင်ကြည်နူး ....

ရွှေဖီဦး

(ASEAN-OSHNET AWARD) တွင် BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး

ရွှေဖီဦး BLACK TEA (နောင်တရား)ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူး လျက်ရှိပါသည်။

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

အင်ငါးခွ သကြားစက်မှထုတ်လုပ်သည်

အင်ငါးခွ

INNGAGWA






White Sugar

EXPORT QUALITY

09-691540716 inngagwasugarmail2018@gmail.com FDANo,85/21337/ဆလ

တောင်သူစိုက်ပျိုး စီးပွားတိုးဖို့ ပြည်တွင်းသကြားကို အားပေးစို့

ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်

ရန်ကုန် - နေပြည်တော် - တောင်ကြီး - မုံရွာ - မန္တလေး - ပြင်ဦးလွင် - ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ - ပုဂံ(ညောင်ဦး) - ပခုက္ကူ
မကွေး - မိတ္ထီလာ - မြင်းခြံ - ပုသိမ် - မော်လမြိုင် - သံဖြူဇရပ် - ကျိုက္ကမီ - တောင်ငူ - ဆွာ - ရေနီ - ပဲခူး - ညောင်လေးပင် - ဘားအံ - မြဝတီ



➢ ပါရမီ(YBS)
09-459448201



➢ ရွှေမန်းသူ
09-254781060



➢ မန္တလေးအခြေစိုက်
09-426500153



➢ တော်ဝင်
09-423333250



➢ ပါရမီတက္ကစီ
01-3643641



➢ ကုန်စည်
09-440619258

ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု မြို့တွင်း/ မြို့ပြင် ဘုရားဖူးခရီးစဉ်များ ငှားရမ်းပေးလျက်ရှိပါသည်။

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
## အကြီးစားပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းအတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မော်တော်ယာဉ်နည်းပညာသုတေသနဌာန(ပြင်ဦးလွင်)အတွက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် အောက်ဖော်ပြပါပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့်ဆောင်ရွက်လိုပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | စီမံကိန်း/လုပ်ငန်းအမည် | အရေအတွက် |
|---|---|---|
| (၁) | (၁၅၂' x ၁၀၀')ရန်ကင်းဆောင်(အမျိုးသမီးအဆောင်) တွင်အိပ်ခန်းများဖွဲ့ခြင်း၊ မီးဖိုခုံများပြုလုပ်ခြင်း၊ ရေချိုးခန်း၊ သန့်စင်ခန်းများပြုပြင်ခြင်း၊ အတွင်းရေ၊ မီး၊ မိလ္လာများပြုပြင်ခြင်း။ | ၁ |

တင်ဒါလျှောက်လွှာပုံစံများ စတင်ရောင်းချမည့်ရက် — ၂၇-၅-၂၀၂၅

တင်ဒါလျှောက်လွှာပုံစံများ နောက်ဆုံးတင်သွင်းရမည့်ရက် — ၉-၆-၂၀၂၅(၁၆:၀၀)နာရီ

တင်ဒါပုံစံရောင်းချမည့်နေရာ — ရုံးအမှတ်(၂၁)၊ နည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန(ရုံးချုပ်)
မော်တော်ယာဉ်နည်းပညာသုတေသနဌာန(ပြင်ဦးလွင်)

၂။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း အောက်ပါဖုန်းနံပါတ်များအား ဆက်သွယ်မေးမြန်းနိုင်ပါသည်။
ရုံးချုပ် ၀၆၇-၃၄၀၄၅၃၇၊ မော်တော်ယာဉ်နည်းပညာသုတေသနဌာန(ပြင်ဦးလွင်) ၀၉-၂၀၄၄၆၅၄

**တင်ဒါကော်မတီ**
**နည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန**

### ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
### မြန်မာ့မီးရထား
### အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါပစ္စည်းများ/လုပ်ငန်းကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်း/လုပ်ငန်းအမျိုးအမည် |
|---|---|---|
| ၁ | ၅၁/မမ/CE/25-26 | 1"x1 1/2" အရွယ်(စက်ခွဲ)လမ်းခင်းကျောက်(၁၇၁၄၄)ကျင်းဝယ်ယူရန် (ရေနီ=၁၅၀ ကျင်း၊ ဇင်းကျိုက်=၂၈၃၅ ကျင်း၊ မုပ္ပလင်=၆၄၈၀ ကျင်း၊ ပုသိမ်=၃၈၀၀ ကျင်း၊ ဘဲလင်း=၂၁၅ ကျင်း၊ တပ်ကုန်း=၁၈၇၄ ကျင်း၊ အင်တောကျယ်=၁၂၉၀ ကျင်း၊ နောင်ကားလမ်းခွဲ=၂၅၀ ကျင်း၊ ထိဖောင်းအလယ်ရွာ=၂၅၀ ကျင်း)(ဘူတာ/ကျောက်စုပုံကွင်း) အရောက် (6"x9")ကျောက်ကြီး(၂၈၀)ကျင်းဝယ်ယူရန် ဇင်းကျိုက်= ၂၈၀ ကျင်း(ဘူတာ/ကျောက်စုပုံကွင်း)အရောက် |
| ၂ | 12(T)8/MR(ML/RBE)Kyat /25-26 | RBE အရန်ပစ္စည်း(၆၄)မျိုး |
| ၃ | 12(T)9/MR(ML/RBE)Kyat /25-26 | Cummins DMF 14HZ အင်ဂျင်(၆)လုံး အကြီးစားအဆင့်ပြုပြင်ခြင်းလုပ်ငန်း |
| ၄ | 12(T)10/MR(ML/YUG)Kyat /25-26 | သံရည်ကျိုနှင့် ကုန်ကြမ်းပစ္စည်း(၁၀)မျိုးဝယ်ယူရန် |
| ၅ | 12(T)11/MR(ML/YUG)Kyat /25-26 | သုတ်ဆေးနှင့်အရန်ပစ္စည်း(၂၈)မျိုး |

တင်ဒါပိတ်မည့်နေ့/အချိန် - (၉-၆-၂၀၂၅)နေ့လယ် (၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၂၆-၅-၂၀၂၅)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

**ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း 294352, 291994,291985**

### သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ တောင်ညိုကျေးရွာအုပ်စု၊ ငွေးပင်ရိုးကျေးရွာနေ အဘ ဦးခင်အောင် ၉/ပမန(နိုင်)၀၆၈၃၅၁ နှင့် ဒေါ်ဝင်းသူ ၉/ပမန(နိုင်)၂၀၃၅၆၀ တို့၏သမီး မခင်လဲ့လဲ့ဝင်း ၉/ဥတလ(နိုင်)၀၁၁၂၀၈ သည် မိဘဆိုဆုံးမမှုကို မနာခံဘဲ မိဘစိတ်ဆင်းရဲအောင်အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**
**ဦးခင်အောင်-ဒေါ်ဝင်းသူ**

### ပျောက်ဆုံးကြောင်း

ညောင်လေးပင်မြို့နေ လှယဉ်ကျေး(ဘ)ဦးအောင်ငွေး ၇/ညလပ(နိုင်)၂၀၉၅၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း

ကျော်ခိုင်(ဘ)ဦးကျော်ရင် ၁၀/ဘလန(နိုင်)၀၅၆၉၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 705554)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၈၃၈၈၉၂၅**

### ပျောက်ဆုံးကြောင်း

ဆလိုင်းအောင်တင်မိုး(ဘ)ဆလိုင်းမိုးဇက် ၈/တတက(နိုင်)၂၁၅၆၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း

ရည်မွန်ကျော်(ခ)ခွမ်ထင်ထင်(ဘ)ဦးခွမ်ဆွမ်ပယ် ၁၃/လရန(နိုင်)၁၉၀၁၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 433171)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၆၄၅၉၅၇၆**

KOREA START-UP CONSULTING CO.,LTD

### မြန်မာနိုင်ငံလုပ်ငန်းခွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ(၁၄၇)
### အစုရှယ်ယာရှင်များ ဆန္ဒအလျောက်
### ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းရန်ကြေညာခြင်း

၁။ "KOREA START-UP CONSULTING CO.,LTD."ကို အစုရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန်(၂၀-၅-၂၀၂၅)နေ့က ကုမ္ပဏီရုံးခန်းတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအရပ်ရပ်အစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ၎င်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ်(၂၉၅)အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ(၂၁၀)လက်မှတ်ရပြည်သူ့စာရင်းကိုင်အား ခန့်အပ်ထားရန်ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဦးဇင်ဝေ(၂၁၀)လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| **ဦးဇင်ဝေ** | **NAW THA LAE NAR** |
| **B.Com(AA);C.P.A(210)** | **Director** |
| **စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ** | **KOREA START-UP CONSULTING CO.,LTD** |

**ပျောက်ဆုံးကြောင်း**

နော်ဖောဂေးဘလု(ဘ)ဦးထူးစော ၁၄/ကကထ(နိုင်)၁၂၃၀၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၆၂၀၄၅၉၅**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် ဝယ်ယူမည့် လျှပ်စစ်သုံးယာဉ်နည်းပညာဆိုင်ရာ ဆက်စပ်ပစ္စည်းများ၊ သုတေသနလုပ်ငန်းသုံးစက်ပစ္စည်းများ၊ Networking Equipments နှင့် ရုံးသုံးစက်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်-

Lot-1 လျှပ်စစ်သုံးယာဉ်နည်းပညာဆိုင်ရာ ဆက်စပ်ပစ္စည်းများ - (၃)မျိုး

Lot-2 သုတေသနလုပ်ငန်းသုံး စက်ပစ္စည်းများ - (၉)မျိုး

Lot-3 သုတေသနလုပ်ငန်းသုံး စက်ပစ္စည်းများ - (၁၆)မျိုး

Lot-4 Office Network Infrastructure အတွက် Networking Equipments - (၂)မျိုး

Lot-5 ရုံးသုံးစက်ပစ္စည်းများ - (၄)မျိုး

တင်ဒါလျှောက်လွှာပုံစံများ စတင်ရောင်းချမည့်ရက် - ၂၇-၅-၂၀၂၅

တင်ဒါလျှောက်လွှာပုံစံများ နောက်ဆုံးတင်သွင်းရမည့်ရက် - ၉-၆-၂၀၂၅(၁၆:၀၀)နာရီ

တင်ဒါပုံစံရောင်းချမည့်နေရာ -
- ရုံးအမှတ်(၂၁)၊ နည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန(ရုံးချုပ်)
- မော်တော်ယာဉ်နည်းပညာသုတေသနဌာန
- ဒြပ်ပစ္စည်းသိပ္ပံသုတေသနဌာန(ဓာတ်တော်)
- ဒြပ်ပစ္စည်းသိပ္ပံသုတေသနဌာန(အေလာ)

၂။ အသေးစိတ်သိရှိလိုပါက(ရုံးချုပ်) ၀၆၇-၃၄၀၄၅၃၇၊ ၀၆၇-၃၄၀၄၅၂၀၊ မော်တော်ယာဉ်နည်းပညာသုတေသနဌာန(ပြင်ဦးလွင်)၀၉-၂၀၄၄၆၅၄၊ ဒြပ်ပစ္စည်းသိပ္ပံသုတေသနဌာန(ဓာတ်တော်)၀၉-၂၁၅၁၃၉၁၊ ၀၃၃-၆၀၃၅၈၊ ဒြပ်ပစ္စည်းသိပ္ပံသုတေသနဌာန(အေလာ)၀၉-၄၂၀၇၄၈၄၀၇၊ ၀၉-၉၆၆၁၀၀၄၉၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**နည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## အလုပ်သမားဝန်ကြီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လူမှုဖူလုံရေးအဖွဲ့၏ သတင်းအချက်အလက်စနစ်(SSB Information System)၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း အောက်ဖော်ပြပါလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့်ဆောင်ရွက်သွားရန် နှစ်ဆင့်အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

Lot(1) - Data Center နှင့် Telecommunication Infrastructure လုပ်ငန်းများ ဆောင်ရွက်ခြင်းတို့၏ Server၊ Firewall နှင့် Cisco Switch များ လိုင်စင်သက်တမ်းတိုးခြင်း။

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် သတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) တင်ဒါပုံစံ စတင်ရောင်းချမည့်ရက် - ၂၆-၅-၂၀၂၅ ရက်(တနင်္လာနေ့)

(ခ) တင်ဒါပုံစံ နောက်ဆုံးရောင်းချမည့်ရက် - ၁၀-၆-၂၀၂၅ ရက်(အင်္ဂါနေ့)

(ဂ) တင်ဒါပုံစံနှင့်တင်ဒါအဆိုပြုလွှာများ တင်သွင်းရမည့်နေရာ - စီမံခန့်ခွဲရေးဌာန၊ လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်)၊ အမှတ်-ဥ/၇၇၊ ရွှေတောင်သီရိလမ်း၊ ဇဝနသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။

(ဃ) တင်ဒါပုံစံနှင့်တင်ဒါအဆိုပြုလွှာများ နောက်ဆုံးတင်သွင်းရမည့် နေ့ရက်နှင့်အချိန် - ၂၃-၆-၂၀၂၅ ရက်(တနင်္လာနေ့) ညနေ(၄:၃၀)နာရီ

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အလုပ်သမားဝန်ကြီးဌာန၏ Website https://www.mol.gov.mm နှင့် လူမှုဖူလုံရေးအဖွဲ့၏ Website https://ssb.gov.mm တို့တွင် လေ့လာနိုင်ပြီး ဖုန်း-၀၆၇-၃၄၁၇၉၅၂၊ ၀၆၇-၃၄၁၇၉၀၄၊ ၀၆၇-၃၄၁၇၉၀၆ များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**အလုပ်သမားဝန်ကြီးဌာန**

### ပျောက်ဆုံးကြောင်း

အောင်မျိုးသန့်(ဘ)ဦးတင်စိုး ၁၂/ဥကမ(နိုင်)၁၅၅၃၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(105138)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း

ခင်မေသန်း(ဘ)ဦးခင်မောင်ထွန်း ၉/မခန(နိုင်)၂၄၃၀၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 095946)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း

နန်းအိခင်(ဘ)ဦးထွန်းနိုင် ၁၂/သဃက(နိုင်)၁၈၁၆၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၈၀၉၃၃၆၃၁**

### ပျောက်ဆုံးကြောင်း

ရတီလှိုင်လှိုင်ထွန်း(ဘ)ဦးလှသန်းအောင် ၁၂/အစန(နိုင်)၂၃၆၉၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 802543)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၈၉၃၇၂၁၇၂**

### ပျောက်ဆုံးကြောင်း

သိန်းမြင့်(ဘ)ဦးအောင်သန်း ၁၄/ပတန(နိုင်)၁၅၆၉၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၅၂၀၁၈၇၈**

### ပျောက်ဆုံးကြောင်း

အောင်လင်းထိုက်(ဘ)ဦးထွန်းသန်း ၈/ရနခ(နိုင်)၁၁၀၆၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

---

❖ **မူဝါဒများကို အောက်ခြေအဆင့်အထိသိရှိအောင် ဆောင်ရွက်သွားရန်လို...**

❖ **ဒေသအလိုက်ဖွံ့ဖြိုးတိုးတက်စေရေး ဝိုင်းဝန်းဆောင်ရွက်သွားရန်လို...**

❖ **လုပ်ငန်းများဆောင်ရွက်ရာတွင်** Check၊ Recheck၊ Counter Check **ဖြင့် ဆောင်ရွက်သွားမည်ဆိုပါက လုပ်ငန်းများ အောင်မြင်နိုင်မည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်နေ့တွင်ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၇/၂၀၂၄)အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

---

# ဘီးလင်းမြို့နယ်၊ ဘီးလင်း-နတ်ကြီးသွားကားလမ်းမကြီးပေါ်ရှိ ပေ ၈၀ သံကူကွန်ကရစ်တံတား အမှတ်(၃/၁၇) အား KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

နေပြည်တော် မေ ၂၆

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ဒေသအတွင်းလမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှုများ ရပ်တန့်စေရေး၊ နိုင်ငံတစ်ဝန်းရှိ ပြည်သူများစိတ်အေးချမ်းသာစွာ ခရီးသွားလာနေမှုများကိုမလိုလား၍ လမ်း၊ တံတားများအား မိုင်းထောင်ဖောက်ခွဲခြင်းနှင့် အကြမ်းဖက်လုပ်ရပ်အမျိုးမျိုးကို ပုံစံအမျိုးမျိုးဖြင့် လုပ်ဆောင်လျက်ရှိသည်။

**စာမျက်နှာ ၂၆ ကော်လံ ၁ ⇨**



ဘီးလင်း-နတ်ကြီးသွားကားလမ်း တံတားအမှတ်(၃/၁၇) သံကူကွန်ကရစ်တံတားအား KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် တံတားပျက်စီးမှုမှတ်တမ်းဓာတ်ပုံ။

---

## လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

နေပြည်တော် မေ ၂၆

ယနေ့ညနေ ၄ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတို့၌ ၂၇-၅-၂၀၂၅ ရက်တွင် လေဖိအားနည်းရပ်ဝန်း (Low Pressure Area)တစ်ခုဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။ (မိုး/ဇလ)

---

## ကလေးငယ်များ စာတတ်မြောက်ဖို့ ကျောင်းအပ်နှံကြပါစို့

ဆောင်းပါး စာ - ၁၃ သို့

---


## ဝင်ငွေတိုးပွားရရှိဖို့ တစ်သျှူးငှက်ပျောစိုက်ကြစို့

Tissue Culture ခေတ်ခွဲခန်းမှ ထုတ်လုပ်သော နေပြည်တော်ကျောက်စိမ်းဖီးကြမ်းတစ်သျှူးငှက်ပျောနှင့် သီးမွှေးတစ်သျှူးငှက်ပျော ပျိုးပင်များအား ဖုန်း-၀၃၆-၃၁၀၄၆၊ ၀၉-၄၀၀၄၅၀၃၃၉၊ ၀၉-၂၅၆၇၄၄၉၈၁ တို့သို့ ဆက်သွယ်မှာယူနိုင်ပါသည်။



